www.burmeseclassic.com

THOE SAUNG

Quiz Adventure Story

BURMESE CLASSIC .com

# သိုးဆောင်း

သုံးခါနမ်းမှပွင့်မယ့်ပန်း

SHWE THAMIEE PUBLISHING HOUSE

www.burmeseclassic.com

www.burmeseclassic.com

ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအားဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏လက်ဝယ်တွင်ရှိရေး။

လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

BURMESE CLASSIC .com

# I

ကံသာအမိ၊ ကံသာအဖ၊ ကံသာလျှင်ကိုးကွယ်ရာ
လောက၌ မျက်မှောက်ဖြစ်ပျက်နေသောကိစ္စအဝဝ
အားလုံးတို့သည် ကံ၊ ကံ၏အကျိုးပေါ်၌သာ
မူတည်ပါ၏။

Whiteboard ၌ ရေးသားထားသောစာကိုကြည့်၍ တစ်ခိုတစ်ယောက် ကျေနပ်ပီတိအပြုံးတွေဖြင့်ဝေနေသည်။ ဒီစာကို သူအကြိမ်ပေါင်းများစွာဖတ်ခဲ့ဖူးပါသည်။ ကြည့်ခဲ့ဖူးပါသည်။ နှလုံးသွင်းခဲ့ဖူးပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ရှင်းရှင်းပြောရလျှင် ဒီစကားလုံးတွေ၏အဓိပ္ပာယ်သည် သူ့ဘဝ၏အလင်းရောင်၊ သူ့နှလုံးသားထဲမှာ ကျောက်ဆစ်အက္ခရာရေးထိုးထားသလို နိုင်မာနေသော ယုံကြည်မှုကျောက်တိုင်။

ဒီစာသားတွေကိုသူယုံကြည်ခဲ့သည်။ ဒီစကားလုံးတွေကို သူအားကိုးခဲ့သည်။ ထို့ကြောင့် သူအခုလိုဘဝမျိုးရောက်ခဲ့ခြင်းဖြစ်ပေသည်။

သူ့နာမည်က 'ကံထူး'။

ကံကိုယုံကြည်သည်။ ကံကိုအားကိုးသည်။ ထိုကံကြောင့်ပင် အနေမြင့်ခဲ့သည်။ နာမည်အတိုင်း ကံထူးခဲ့သည်ပေါ့။

ယခုလည်း အခန်းနံရံတွင်ချိတ်ဆွဲထားသော Whiteboard မှ စာကိုကြည့်၍ နှလုံးသွင်းနေသည်။

ဒီစာသည် လွန်ခဲ့သောကိုးနှစ်၊ သူ့အသက်ဆယ့်ခြောက်နှစ်ခန့်ကရေးထားခဲ့သောစာ၊ ကိုးနှစ်မျှကြာခဲ့ပြီဖြစ်သော်လည်း Whiteboard မှ စာက သူရေးထားခဲ့သည့်အတိုင်း နည်းနည်းမျှပုံစံမပြောင်းသေး။ ထို့အတူ သူ့ရင်ထဲနှလုံးသားထဲမှ ကံနှင့်ပတ်သက်သည့် ယုံကြည်ကိုးစားမှုတွေကလည်း အရှိန်အဟုန်ပြင်းဆဲ၊ တောက်လောင်နေဆဲပင်ဖြစ်ပါသည်။

ကံထူး မျက်လုံးစုံမှိတ်ကာ နှလုံးသွင်းနေရာမှ မျက်စိကိုတဖြည်းဖြည်းဖွင့်လိုက်သည်။

"ဩော် . . . ဘာလိုလိုနဲ့ မနက်ဖြန်ဆို သူတို့သူငယ်ချင်းသုံးယောက်ရဲ့ ကုမ္ပဏီဖွင့်ပွဲနေ့ရောက်ပြီပဲ"

ကံထူးစိတ်ထဲမှတွေးလိုက်ရင်း ကျေကျေနပ်နပ်ပြုံးမိသည်။ နောက် စားပွဲပေါ်မှ သူတို့သူငယ်ချင်းတွေစုရိုက်ထားသည့်ဓာတ်ပုံကို လက်လှမ်းလိုက်ရင်း နံဘေးမှစားပွဲတင်နာရီကိုကြည့်မိတော့ ည(၉)နာရီအတိ။

ဒီပုံသည် သူတို့သူငယ်ချင်းလေးယောက် ဆယ်တန်းစာမေးပွဲနောက်ဆုံးနေ့ပြေအပြီး ရိုက်ထားသောဓာတ်ပုံဖြစ်ပေသည်။

ပုံထဲ၌ အချစ်ဆုံးသူငယ်ချင်း ယောကျ်ားလေးနှစ်ယောက်က သူ



နှင့်အတူမတ်တတ်ရပ်၍ သူငယ်ချင်းထက်ပိုသောခင်မင်မှုဖြင့် သူ့ရင်ထဲမှစွဲလမ်းရသူ မိန်းကလေးတစ်ယောက်ကတော့ သူတို့သုံးယောက်ရှေ့မှာ ခုံဖြင့်ထိုင်ကာနေသည်။

သူတို့လေးယောက် ဓာတ်ပုံထဲမှာပြုံးနေကြပါ၏။ ထိုအပြုံးသည် ငယ်စဉ်ကလေးသာသာဘဝ၏ အပြစ်ကင်းစင်သော ညစ်နွမ်းမှုမဲ့သည့်အပြုံး။ ဒီလိုအပြုံးမျိုး အခုလိုအချိန်၌ လုံးဝပြန်မရနိုင်တော့ဘူးဆိုတာ မေးရန်ပင်မလို သေချာနေသည်။ အကြောင်းကား စားပွဲပေါ်မှ နောက်ထပ်ဓာတ်ပုံနှစ်ပုံက သက်သေခံနေသောကြောင့်ဖြစ်ပါ၏။

ဒုတိယပုံ၏အပြုံးတွေက ပထမပုံလောက်မကြည်လင်၊ မသန့်စင်တော့၊ အပြစ်ကင်းစင်သောကလေးဘဝမှလွန်မြောက်ကာ ဘဝဟူသောခရီးလမ်းကို ရဲရဲဝံ့ဝံ့ချီတက်မည့်စိတ်ဓာတ်တွေ၊ စွမ်းအားတွေ၊ မျှော်လင့်ချက်တွေ၊ ပန်းတိုင်တွေစသော မာန်ငွေ့နည်းနည်းရောနေသည်ဟု ထင်သည်။

ဒါဆို တတိယပုံကရော . . .

တတိယပုံက ပိုလို့ပင် မကြည်လင်မပြတ်သားတော့ . . .

ထိုတတိယပုံထဲကအပြုံးတွေက ညှိုးနွမ်းပင်ပန်းသည့်ဟန်တွေပါနေသည်။ နောင်တတွေ၊ အမှန်တရားတွေ၊ ယုံကြည်မှုတွေအားလုံးပြောင်းလဲသွားရသည့်အချိန်တွင် ရိုက်ထားသောပုံပင်မဟုတ်ပါလော။

ထို့ကြောင့် သူတို့ဘဝ၏ အမှတ်တရပုံရိပ်တွေထဲတွင် ပထမဆုံးပုံသည်သာ စိတ်ချမ်းမြေ့ဖွယ်ကြည်လင်မှုတွေ ရောပြွမ်းနေသည်ဟု ကံထူးယုံကြည်သည်။

ကံထူးဓာတ်ပုံလေးအား တစိမ့်စိမ့်ကြည့်နေရာမှ ရင်ဘတ်ပေါ်တင်ရင်းပြုံးမိသည်။

ယခု သူပြုံးသောအပြုံးသည် ငယ်စဉ်ကလေးဘဝကပြုံးခဲ့သောအပြုံးလိုမျိုး ကြည်လင်မှုတွေနှင့်သက်ဝင်နေမည်လား . . .

မသေချာပါ။



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

ဖြစ်နိုင်လျှင် ထိုအပြုံးမျိုးကို ယခုအချိန်မှာ ပြန်လိုချင်သည်။ သို့ပေမယ့် . . .

"အေးလေ . . . ငါတို့အရွယ်က ကလေးမှမဟုတ်တော့တာပဲ"

ကံထူး ကိုယ့်ကိုကိုယ် ဖြေတွေးတွေးနေရင်းမှ သူ[redacted]စိတ်တို့သည် ငယ်စဉ်ကလေးဘဝများဆီသို့ . . .

ဦးနှောက်စာမျက်နှာတွေ တစ်ရွက်ချင်းတစ်ရွက်ချင်း နောက်ပြန်လန်သွားလေတော့သည်။



## (၁)

မြို့နယ် အထက်တန်းကျောင်းတစ်ကျောင်းတွင်ဖြစ်သည်။ အချိန်ကား တက္ကသိုလ်ဝင်တန်းစာမေးပွဲကြီးဖြေဆိုရန် နီးကပ်နေသော အချိန်။ ထိုအချိန်တွင် ဒသမတန်းအခန်းတစ်ခန်း၌ ဆရာတစ်ယောက်သည် စာမေးပွဲဖြေဆိုမည့် ကျောင်းသားကျောင်းသူများအား ပုံပြင်တစ်ပုဒ် ပြောပြလျက်ရှိသည်။

စာမေးပွဲနီးချိန်တွင် စာပေနှင့်မဆိုင်ဘဲ ပုံပြင်ပြောနေသည့်ကိစ္စမှာ အနည်းငယ်ကြောင်သလိုတော့ရှိသည်။ ဒါပေမယ့် ထိုပုံပြင်သည် တက္ကသိုလ်ဝင်တန်းဖြေဆိုမည့်သူများအတွက် လွန်စွာအရေးကြီးလေသည်။

ပုံပြောနေသူက ထိုအခန်း၏အတန်းပိုင်ဆရာ ဦးခန့်နောင်။ ထူးထူးဆန်းဆန်းပုံပြင်တစ်ပုဒ်တော့မဟုတ်ပါ။ လူတိုင်းကြားဖူးနေကျပုံပြင် တစ်ပုဒ်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

“တစ်ခါတုန်းက ရွာတစ်ရွာမှာ လူသုံးယောက်ရှိတယ်ကွဲ့။ ကံကို ယုံတဲ့သူရယ်၊ ဉာဏ်ကိုယုံတဲ့သူရယ်၊ ဝီရိယကိုယုံတဲ့သူရယ်ဆိုပြီး ရှိတယ်။ သူတို့သုံးယောက်ဟာ သူတို့ယုံကြည်မှုနဲ့ပတ်သက်ပြီး အရမ်းအတ္တကြီး တယ်။ ကံသမားဟာ ကံကလွဲပြီး ဘာမှမယုံသလို၊ ဉာဏ်သမားကလည်း ဉာဏ်ကလွဲပြီး ဘာကိုမှမယုံဘူး။ ဝီရိယသမားကလည်း ဝီရိယမှ . . . ဝီရိယ။ သူတို့သုံးယောက်ဆုံတိုင်း အမြဲငြင်းခုန်ရလေ့ရှိတယ်တဲ့။

ဒီလိုနဲ့တစ်နေ့ သူတို့သုံးယောက်ငြင်းခုံကြရင်းနဲ့ စကားများ ကြတယ်။ ပွဲကတဖြည်းဖြည်းကြမ်းလာပြီး အနီးနားကလူတွေပါ ဝိုင်း ဖြေရှင်းပေးပေမယ့်မရဘူး။ နောက်ဆုံး သူတို့သုံးယောက်ကို မြို့ဝန်မင်း ဆီပို့လိုက်တယ်ပေါ့ကွာ။ မြို့ဝန်မင်းကလည်း အဲဒီပြဿနာကို ဖြေရှင်း မပေးနိုင်ဘူး။ ဒါနဲ့ ဘုရင်ကြီးဆီခေါ်သွားတယ်။ နန်းတော်ထဲရောက် တော့ ဘုရင်ကြီးကမေးတာပေါ့။ ဘယ်လိုအကြောင်းခြင်းရာမျိုးရှိလို့လဲ ဝန်မင်းဆိုတော့ မြို့ဝင်မင်းကပြန်လျှောက်တယ်။ ဒီလူသုံးယောက်က ပြဿနာတစ်ရပ်ကို ငြင်းခုံနေကြပါတယ်ဘုရား။ လောကကြီးမှာ ကံ၊ ဉာဏ်၊ ဝီရိယသုံးပါးအနက်က ဘယ်အခြင်းအရာဟာ အဓိကဖြစ်သလဲ ဆိုတဲ့အချက်ကိုငြင်းခုံရင်းရဲ့ ကျွန်တော်မျိုးဆီရောက်လာတာပါဘုရား။ အဲဒါ ကျွန်တော်မျိုးလည်း ဖြေရှင်းမပေးတတ်လို့ အရှင့်ရွှေတော်မှောက် ခေါ်သွင်းလာတာပါ”

အဲမှာတင် ဘုရင်ကြီးလည်း စဉ်းစားသွားတယ်ကွ။ ကံ၊ ဉာဏ်၊ ဝီရိယသုံးယောက်ကတော့ ဘုရင်ကြီးရဲ့ဆုံးဖြတ်ချက်ကို ရင်တထိတ်ထိတ် နဲ့ စောင့်နေကြတာပေါ့။ ဒါပေမယ့် သူတို့ထင်သလိုဖြစ်မလာဘူး။

ဘုရင်ကြီးက သူတို့သုံးယောက်ကို တစ်ညတာအကျဉ်းချပြီး နောက်တစ်နေ့မိုးသောက်မှ အဖြေပေးမယ်လို့ ပြောလိုက်တယ်။

ဒါနဲ့ပဲ ကံ၊ ဉာဏ်၊ ဝီရိယသုံးယောက်စလုံးခမျာ အကျဉ်းကျသွား တာပေါ့”

တစ်ခန်းလုံးမှာ ဆရာဦးခန့်နှောင်ပုံပြင်ကို စိတ်ဝင်တစားနား



ထောင်နေကြသည် အပ်ကျသံမကြားရလောက်အောင် တိတ်ဆိတ်နေသော အခန်းကိုတစ်ချက်ဝေ့ကြည့်ရင်း ကျေနပ်စွာပြုံးကာဆက်ပြောသည်။

“ဒီလိုနဲ့ ညသန်းခေါင်ရောက်တော့ ဗိုက်ဆာကြတာပေါ့ကွာ။ သူတို့သုံးယောက်စလုံးကလည်း တစ်နေ့လုံး ဘာမှစားထားရတာမဟုတ် ဘူး။ ရှင်းရှင်းပြောရရင် ရေတစ်ခွက်တောင်မသောက်ရသေးဘူး။ ဒီတော့ ဆာပြီပေါ့ . . . သုံးယောက်သား အချုပ်ခန်းထဲမှာထိုင်နေကြရင်းနဲ့ ကံ သမားကတော့ ထောင့်တစ်ထောင့်မှာထိုင်ပြီး ဘုရားစာတွေရွတ်နေတယ်။ ဉာဏ်သမားကတော့ အစာရအောင် ဘယ်လိုဖန်တီးရမလဲဆိုပြီး အကြံ ထုတ်နေတာပေါ့။ ဝီရိယသမားကတော့ အငြိမ်မနေဘူးကွ။ ဝီရိယ အားကိုးတဲ့သူဆိုတော့ အချုပ်ခန်းထဲမှာ ခေါက်တုံ့ခေါက်ပြန်လမ်း လျှောက်ပြီး လွတ်လမ်းရှာနေတယ်။

ဒီလိုနဲ့နေကြရင်း အချိန်တွေက တဖြည်းဖြည်းကုန်လာ၊ ဗိုက် တွေလည်းဆာသထက်ဆာလာကြတာပေါ့။ အဲဒီမှာတင် ဝီရိယသမားက အရင်ဆုံး ပုရွက်ဆိတ်တွေကိုစတွေ့တယ်။ သူက တစ်ခန်းလုံးအနှံ့လိုက် ကြည့်နေတဲ့သူကိုး။ ပုရွက်ဆိတ်တွေက ထူးထူးဆန်းဆန်း အတန်းလိုက် လေးတန်းစီပြီး ငြိမ်နေကြတယ်တဲ့ကွ။ မင်းတို့လည်းသိမှာပေါ့ . . . ပုရွက်ဆိတ်ဆိုတာ ငြိမ်နေတဲ့သတ္တဝါမှမဟုတ်တာ . . . အမြဲသွားနေတာ။ ဒါနဲ့သူက အထူးအဆန်းဆိုပြီး ဉာဏ်သမားနဲ့ကံသမားကိုခေါ်ပြတယ်။ ဉာဏ်သမားကလည်းတွေ့ရော စဉ်းစားတာပေါ့။ အင်း . . . ပုရွက်ဆိတ် တွေဟာ အကြောင်းမရှိဘဲနဲ့တော့ ငြိမ်နေမှာမဟုတ်ဘူး။ သူတို့ငြိမ်နေပုံ ကလည်း လမ်းကြောင်းလေးတစ်ခုလို အတန်းလိုက်လေးဆိုတော့ မဟုတ်မှ လွဲရော သူတို့အချိုအရသာရှိတဲ့ လမ်းကြောင်းတစ်ခုပေါ် ငြိမ်ပြီးလျက်နေ ကြတာဖြစ်မယ်။ အဲလိုတွေးပြီး ဉာဏ်သမားက ပုရွက်ဆိတ်လမ်းကြောင်း အတိုင်း လိုက်ကြည့်တယ်။ ပုရွက်ဆိတ်တွေက အချုပ်ခန်းနံရံကြားတစ် နေရာမှာ လမ်းကြောင်းပြတ်သွားတယ်ကွ။ ဒါကိုလည်းတွေ့ရော ပထမ ဉာဏ်သမားအံ့သြသွားတာပေါ့။ နောက်မှ သေချာကြည့်လိုက်တော့ အချုပ်

www.burmeseclassic.com

ခန်းနံရံမှာ အံဝှက်လေးတစ်ခုရှိနေတာ တွေ့ရတယ်။ အဲဒီအံဝှက်လေးကို လည်း ဖွင့်လိုက်ရော အထဲမှာက . . ."

ဆရာက ပုံပြင်ကိုဆက်မပြောဘဲ ရပ်လိုက်သည်။ ဒါက နားထောင်သူတွေသိချင်စိတ်ပြင်းပြအောင် နှိုးဆွလိုက်ခြင်းဖြစ်ပေသည်။ ထင်သည့်အတိုင်းပင် တစ်ခန်းလုံးဆူညံသွားသည်။ ဒီတော့မှ ဆရာကပုံပြင်ကိုဆက်သည်။

"အထဲမှာက . . . သူတို့ပျားရည်အိုးကိုသွားတွေ့တယ်ကွ။ ပျားရည်တွေက အိုးနှုတ်ခမ်းကနေစီးကျပြီး နံရံအောက်ဘက်ကိုစီးကြောင်းလေးအတိုင်းဆင်းသွားတာ။ အဲဒါ ပျားရည်စီးကြောင်းလေးပေါ် ပုရွက်ဆိတ်တွေတက်ပြီးလျက်နေတာ။ အဲဒါနဲ့ သူတို့သုံးယောက်ပျော်ပြီး ပျားရည်ကိုညစာအဖြစ်သောက်လိုက်ကြတယ်ပေါ့ကွာ။ ဒီလိုနဲ့ မနက်မိုးသောက်လို့ ဘုရင့်ရှေ့တော်မှောက်လည်းရောက်ရော ဘုရင်က မေးတယ် . . .

ပျားရည်ချိုရဲ့လားတဲ့ . . . စောင့်ကြည့်နိုင်းထားတဲ့ အချုပ်ခန်းစောင့်တွေကတဆင့် ဘုရင်ကသိပြီးသွားပြီကိုး . . .

ဒါနဲ့ သူတို့သုံးယောက်လည်း ချိုကြောင်းပြန်လျှောက်တယ်။ အဲမှာတင်ဘုရင်က ပျားရည်အိုးကို ဘယ်သူ့အစွမ်းကြောင့်ရခဲ့တယ်ထင်သလဲလို့မေးတော့ သုံးယောက်စလုံးက 'ကျွန်ုပ်အစွမ်းကြောင့်ပါ'လို့ တစ်ပြိုင်နက်ထအော်ကြတယ်ကွ"

ပုံပြင်ကို ခဏနားလိုက်ပြန်သည်။ ပြီးတော့ ချက်ချင်းထပ်ဆက်သည်။

"နောက်ဘုရင်က ပျားရည်အိုးရလာပုံအဆင့်ဆင့်ကို တစ်ယောက်ချင်းတင်လျှောက်စေလို့မိန့်တော့မှ ပထမဆုံး ဝီရိယသမားက စပြောတယ်။ ကျွန်တော်မျိုးရဲ့ ဝီရိယကြောင့် အရင်ဆုံးပုရွက်ဆိတ်တွေ တန်းစီပြီးငြိမ်နေတာတွေ့ရပါတယ်။ ဒါသာလျှင် ပျားရည်အိုးကိုတွေ့ဖို့ ပထမဆုံးအကြောင်းပါ။ ဒါကြောင့် ပျားရည်အိုးကိုတွေ့တာသည် ကျွန်ုပ်



အစွမ်းကြောင့်ဖြစ်ပါတယ်လို့လျှောက်တယ်"

ဉာဏ်သမားအလှည့်ရောက်တော့ ဉာဏ်သမားက ပုရွက်ဆိတ်တွေတွေ့ရုံလောက်နဲ့ဆိုရင်တော့ ပျားရည်အိုးကို မရနိုင်ပါဘူး။ ကျွန်တော်မျိုးရဲ့ဉာဏ်အစွမ်းကြောင့်သာ ပျားရည်အိုးကိုတွေ့တာပါ။ ဒါကြောင့် ပျားရည်အိုးရခဲ့တာသည် ကျွန်ုပ်အစွမ်းကြောင့်ပါလို့ လျှောက်ပြန်တယ်။

ကံသမားအလှည့်ရောက်ပြန်တော့ ကံသမားက ကျွန်တော်အချုပ်ထဲကိုရောက်ကတည်းက သုံးယောက်စလုံးကံကောင်းဖို့အတွက် တစ်ချိန်လုံးဘုရားစာတွေရွတ်နေခဲ့တာပါ။ အခုလို ပျားရည်အိုးတွေ့တာကလည်း ကျွန်တော်မျိုးရွတ်တဲ့ ဘုရားစာတွေကတဆင့် ကံတရားတွေအစီကပါဝင်ပါတယ်။ ဒါကြောင့် ပျားရည်အိုးရအောင်စွမ်းဆောင်နိုင်ခဲ့တာသည် ကျွန်ုပ်အစွမ်းကြောင့်ဖြစ်ပါတယ်လို့ လျှောက်တယ်။

သုံးယောက်စလုံးစကားတွေဆုံးတော့ ဘုရင်ကြီးကပြုံးတယ်ကွ။ ပြီးတော့ဆက်မိန့်တယ်"

ဆရာစကားကိုခဏရပ်၍ လက်ကိုင်ပဝါဖြင့် မျက်နှာမှချွေးတို့ကိုသုတ်သည်။ ပြီးတော့ . . .

"ဘယ်လိုမိန့်လဲဆိုတော့ . . .

အဲဒါဆို ငါမေးမယ်။ ဝီရိယသမားတစ်ယောက်ထဲနဲ့ ဒီပျားရည်အိုးကိုတွေ့နိုင်ပါ့မလား။ ဝီရိယမပါဘဲ ဉာဏ်တစ်ခုတည်းနဲ့ရော ရနိုင်ပါ့မလား။ ဝီရိယနဲ့ဉာဏ်မပါဘဲ ကံတစ်ခုတည်းနဲ့ဆိုရင်ရော တွေ့နိုင်ပါဦးမလား"

အဲလိုမေးလိုက်တော့ သုံးယောက်စလုံးမဖြေနိုင်ဘူးတော့ဘူးကွ။ ဒီတော့မှ ဘုရင်ကြီးက . . .

"အိမ်း . . . မှတ်ထားကြ၊ ကံတစ်ခုတည်းယုံနေလို့လည်း မဖြစ်ဘူး။ ဉာဏ်တစ်ခုတည်းကိုပဲ အားကိုးနေလို့မရဘူး။ ဝီရိယတစ်ခုတည်းကိုပဲ အားထုတ်နေလို့မပြီးဘူး။ ကံ၊ ဉာဏ်၊ ဝီရိယဆိုတာ သူ့နေရာ



www.burmeseclassic.com

www.burmeseclassic.com

နဲ့သူ တန်ဖိုးရှိတယ်ဆိုပြီး မိန့်လိုက်တယ်တဲ့ကွ"

ထိုသို့ဖြင့် ဆရာဦးခန့်နောင်က ပုံပြင်ကို အဆုံးသတ်လိုက်ပါသည်။

• • •

"ဒီပုံပြင်လေးနဲ့ ပတ်သက်ပြီး ဆရာပြောချင်တာက ငါ့တပည့်တွေအကုန်လုံး တက္ကသိုလ်ဝင်တန်းစာမေးပွဲကြီး ဖြေဆိုကြရတော့မယ်။ အခုလိုမျိုးအချိန်မှာ အယူမလွဲစေချင်ဘူး။ မြန်မာတွေရဲ့ထုံးစံ၊ ဗေဒင်နဲ့ ယတြာတွေလုပ်တာလည်းလုပ်ပေါ့ကွာ။ ဒါပေမယ့် ကံဆိုတာချည်းကို သိပ်မယုံနဲ့။ ဉာဏ်သုံးပြီးဖြေမယ်ဆိုပြီးတော့လည်း Micro တွေ၊ Copy တွေကို အားမကိုးနဲ့၊ ဝီရိယလွန်ပြီးတော့လည်း စစ်မရောက်ခင်မြားကုန်တာမျိုးမဖြစ်စေနဲ့ . . . ဟုတ်ပြီလား"

တစ်ခန်းလုံး ခေါင်းညိတ်အဖြေပေးလိုက်ကြပါသည်။ တချို့တလေကတော့ 'ဟုတ်ကဲ့ပါဆရာ' ဟုပြောသည်။ နောက် ဆရာက ကျောက်သင်ပုန်းပေါ်တွင်မြေဖြူဖြင့် . . .

ကံ + ဉာဏ် + ဝီရိယ = အောင်မြင်မှု

ဟုရေးပြသည်။ တစ်ခန်းလုံးမှာ ဆရာဘာဆက်ပြောမည်ကို ငြိမ်ကာနားထောင်နေကြပါ၏။ တစ်ခန်းလုံးတိတ်နေသည်။ သူတို့ကိုယ်စီ၏စိတ်ထဲတွင်လည်း ကံ၊ ဉာဏ်၊ ဝီရိယ သုံးခုပေါင်းမှ အောင်မြင်မှုရမည်ဟု ယုံကြည်နေကြသည်။ ထိုစဉ်မှာပင် ဆရာက 'ကံ'ဟူသောစာလုံးကို မြေဖြူဖြင့်ထောက်၍ . . .

"ကံ . . . တပည့်တို့ ကံတစ်ခုတည်းနဲ့ စာမေးပွဲကိုဖြေလို့ဖြစ်ပါ့မလား"

"ဖြစ်ပါတယ်ဆရာ"



"ဟင်"

"ဟာ"

တစ်ခန်းလုံး အာမေဋိတ်သံတွေထွက်ကုန်ကြသည်။ ဆရာကိုယ်တိုင်လည်း ကြောင်သွားသည်။ 'မဖြစ်ပါဘူး' ဟု ဖြေမည့်ပါးစပ်တွေတန်းလန်းနှင့်ရပ်ကုန်ပါ၏။

ယုံကြည်မှုပြည့်ဝလွန်းသောအသံဖြင့် ကျယ်လောင်စွာထဖြေလိုက်သည်ကား . . .

"ကံထူး"

ဆရာဦးခန့်နောင် ပါးစပ်ဟောင်းလောင်းနှင့်ကြောင်နေရာမှ သတိဝင်သွားသည်။ နောက် 'ကံထူး'ကို နားမလည်သလို တစ်ချက်ကြည့်ရင်း . . .

"အေး . . . အဲဒါဆို မင်းခဏနေဦး။ မင်းကိစ္စနောက်မှရှင်းမယ်။ ကဲ . . . ကျန်တဲ့လူတွေဆက်မေးမယ် . . . ဖြေ . . . ဉာဏ်တစ်ခုတည်းကိုအားကိုးပြီးတော့ရော ဖြေလို့ဖြစ်ပါ့မလားဟေ့"

"ဖြစ်ပါတယ်ဆရာ"

"ဟေ"

"ဟာ"

ဆရာဦးခန့်နောင် ထပ်ဆင့်ကြောင်ကာသွားပါသည်။

ဒီတစ်ခါထပြောလိုက်သူက ဉာဏ်ထူး . . .

တစ်ခန်းလုံးလည်း ရဲဝံ့စွာထဖြေလိုက်ကြသောနှစ်ယောက်ကို ကြည့်၍ အံ့သြကာသွားသည်။ ဆရာဦးခန့်နောင်ဆိုလျှင် မလှုပ်မယှက်။

နောက်တော့မှ ဘာမှမဖြစ်သလို ချောင်းတစ်ချက်ဟန့်လိုက်ရင်း . . .

"ဟုတ်ပြီ . . . ခဏနေကြဦး"

ကံထူးနှင့် ဉာဏ်ထူးကိုပြောသည်။ ပြီးတော့ အားလုံးကိုဝေ့ကြည့်လိုက်ရင်း . . .



www.burmeseclassic.com

www.burmeseclassic.com

"ကျန်တဲ့လူတွေ ဝီရိယတစ်ခုတည်းနဲ့ရော စာမေးပွဲဝင်ဖြေလို့ဖြစ်ပါ့မလား"

"ဖြစ်ပါတယ် ဆရာ"

သူ့နာမည်က 'ဖွဲထူး'

နောက်တစ်ယောက်ထ,လာပြန်ပါပြီ။ ဆရာဦးခန့်နောင်ခမျာ စိတ်အညစ်ကြီးညစ်သွားရတော့သည်။ ကျောင်းသားတွေအကုန်လုံးလည်း ထိုလူထူးဆန်းသုံးယောက်ကို တအံ့တသြကြည့်နေသည်။ မတ်တတ်ရပ်နေသူသုံးယောက်ကတော့ ဘာကိုမှ ဂရုမစိုက်သလိုပုံစံကိုယ်စီဖြင့် တည်ငြိမ်ကာနေ၏။

သူတို့ပုံစံက ကိုယ့်ယုံကြည်မှုနှင့်ပတ်သက်ပြီး ဘာကိုမှစိတ်မဝင်စား၊ စိတ်ထဲမထည့်သည့်ပုံစံမျိုး။

ဆရာဦးခန့်နောင်က ရဲဝင့်သောပုံစံကိုယ်စီဖြင့်ရပ်နေကြသော ကျောင်းသားသုံးယောက်ကိုကြည့်၍ နဖူးမှချွေးကိုသုတ်သည်။ နောက် ကျောက်သင်ပုန်းပေါ်မှ သူရေးထားသောစာကို တစ်ချက်ကြည့်သည်။ ပြီးတော့ စားပွဲပေါ်မှစာအုပ်တွေကိုသိမ်းကာ အခန်းထဲမှထွက်သွားပါတော့သည်။

ရပ်နေသူသုံးယောက်ကတော့ အမိန့်ပေးရန်မလို ရဲရင့်သောခြေလှမ်းကိုယ်စီဖြင့် ဆရာ့နောက်မှလိုက်ကာသွားပါတော့သည်။

ကိုယ်စီကိုယ်စီထွက်သွားကြသော ကျောပြင်တို့ကိုကြည့်၍ အခန်းထဲမှ ကျောင်းသူတစ်ယောက်စုတ်သပ်ကာ ခပ်ညည်းညည်းပြောသည်။

"ကျွတ် . . . သူတို့သုံးယောက်နဲ့တော့ခက်ပါတယ်"

သူမနာမည်က "မေဝသန်"



(b)

"ကဲ . . . ဆိုစမ်းပါဦး၊ မင်းတို့သုံးယောက်က ဘယ်လိုဖြစ်ကြတာလဲ"

ဆရာ့အသံက ဒေါသသံမပါပါ။ ဒါပေမယ့် နားမလည်သည့် အဓိပ္ပာယ်တွေ အများကြီးပျော်ဝင်နေသည်။

"ဘယ်လိုမှမဖြစ်ပါဘူးဆရာ၊ ကျွန်တော်တို့ယုံကြည်လို့မရလို့ပါ"

"ဘာ . . . "

ပြောသည့်လူက 'ကံထူး'

"နေပါဦး . . . မင်းတို့က ဘာကိုယုံကြည်လို့မရတာလဲ"

"ကျွန်တော် ကံကလွဲပြီး ဘာကိုမှမယုံဘူး"

"ဟာ"

"ဟုတ်တယ်ဆရာ . . . ကျွန်တော်လည်း ဉာဏ်ကိုပဲယုံတယ်"

" . . . . . "

"ကျွန်တော့်အတွက်ကတော့ ဝီရိယရှိရင်ဖြစ်တယ်ဆရာ"

"ဟေ . . . "



www.burmeseclassic.com

www.burmeseclassic.com

ဆရာဦးခန့်နောင် ပါးစပ်ဟောင်းလောင်းပွင့်သွားရသည်။

တော်တော်လည်း အံ့အားသင့်သွားပုံရပါ၏။

"ဟာ . . . ဘယ်လိုတွေတုံး" ဟုလည်း စိတ်ထဲမှတွေးမိသွားသည်။ ချက်ချင်းပင် စာမေးပွဲကြီးအတွက် ဒီကလေးသုံးယောက်ကို စိတ်ပူသွားရသည်။ ဦးခန့်နောင် ဣန္ဒြေကိုပြန်ထိန်းလိုက်၍ . . .

"မင်းတို့က အဲလိုတစ်မျိုးစီကိုပဲယုံတော့ စာမေးပွဲအတွက် ဘယ်လိုများစဉ်းစားထားကြတုံး။ ခုနမေးသလိုပဲ ကံတစ်မျိုး၊ ဉာဏ်တစ်မျိုးနဲ့ စာမေးပွဲကိုဖြေမလို့လား"

"ဟုတ်ပါတယ်ဆရာ . . . ကျွန်တော်တို့ကိုယ့်ယုံကြည်ချက်နဲ့ကိုယ်ပဲဖြေမှာပါ။ စာမေးပွဲအတွက်လည်း ကြိုတင်ပြင်ဆင်ပြီးသွားပါပြီ"

ကံထူးစကားကြောင့် ဦးခန့်နောင် အံ့သြသွားသည်။ နောက်ပြီး ဘယ်လိုတွေပြင်ဆင်ထားသည်ဆိုတာကိုလည်း သိချင်သွားရသည်။

"ကဲ . . . အဲဒါဆို ဆရာ့ကိုပြောပြပါဦး . . . မောင်ကံထူး၊ စာမေးပွဲအတွက် မင်းယုံကြည်တဲ့ကံအပေါ်မှာ ဘယ်လိုပြင်ဆင်ထားလဲ။ ဘယ်လိုအားကိုးမယ်လို့ စိတ်ကူးထားလဲ"

ကံထူးပြုံးလိုက်သည်။

"ရှင်းရှင်းလေးပါ . . . ကျွန်တော်စာတွေကို အကုန်မကျက်ဘူး . . . ရွေးကျက်တယ်။ ကျွန်တော့်ကံကို ကျွန်တော်ယုံတယ်လေ။ နောက်တစ်ချက်က ကျွန်တော့်အကုန်လုံးကိုလည်း မကျက်နိုင်ဘူး"

"ဟေ . . . ဒါဆို မင်းဆိုလိုတဲ့သဘောက မင်းရွေးကျက်ထားတဲ့စာတွေပဲ မေးခွန်းမှာမေးမှာပေါ့"

"အဲဒီသဘောမဟုတ်ပါဘူး . . . ဒါပေမယ့် အောင်မှတ်ရရုံလောက်တော့ တိုးမှာပါ"

"ဟ . . . သေချာလုချည်လားကွ"

ကံထူး ရဲရဲဝံ့ဝံ့ပြုံးလိုက်ရင်း . . .

"ကံမပါဘဲ . . . ချဉ်ပေါင်ဟင်းစားရတဲ့ ရေသည်ယောကျ်ား မင်းမဖြစ်ပါဘူး"

"ဟေ . . . "

ဦးခန့်နောင် နားလည်လိုက်သည်။ ဒီကျောင်းသားကို သူဘယ်လိုမှပြော၍ရမည်မဟုတ်တော့။

ထို့ကြောင့် ဦးခန့်နောင် ဉာဏ်ထူးဘက်သို့လှည့်လိုက်သည်။

"ဉာဏ်ထူး မင်းကဉာဏ်ကိုအားကိုးတဲ့ကောင်ဆိုတော့ . . . ခုန အတန်းထဲမှာပြောသလို Micro တို့ Copy တို့ကို အားကိုးမယ်ဆိုတဲ့သဘောလား"

"မဟုတ်ပါဘူး"

ဉာဏ်ထူးက တည်တည်ငြိမ်ငြိမ်ပြန်ဖြေသည်။

"ဒါဆို မင်းစာတွေပိုင်နေပြီလား"

"မပိုင်သေးပါဘူး"

"ဟေ . . . ဒါဆို မင်းဘယ်လိုဖြေမလဲ"

ဉာဏ်ထူးစကားကြောင့် ဦးခန့်နောင်မျက်လုံးပြူးသွားပြန်သည်။ စိတ်ထဲမှလည်း 'အလကြီးပါလား'ဟု တွေးမိသွားသည်။ Micro , Copy လည်းမသုံး၊ စာကိုလည်းမပိုင်သေးဘဲနှင့် ဉာဏ်ကိုသုံးပြီး အောင်အောင်ဖြေမယ်ဆိုတော့ . . .

"ဆရာ . . . စိတ်ဝင်စားတယ်ကွာ။ မင်းဉာဏ်ကို ဘယ်လိုအသုံးချမလဲ"

"အဲဒါကိုတော့ ခွင့်လွှတ်ပါဆရာ၊ ကျွန်တော်ပြောပြလို့မရပါဘူး။ ဒါပေမယ့် ဆရာထင်သလို Micro , Copy မသုံးဘူးဆိုတာတော့ သေချာပါတယ်"

ဒီတစ်ယောက်ကိုလည်း ဦးခန့်နောင်လက်လျှော့လိုက်ရပါသည်။

ဒီတစ်ခါ အလှည့်ကျသူက 'ဖွဲ့ထူး'

www.burmeseclassic.com

www.burmeseclassic.com

"ဖွဲ့ထူး . . . မင်းကရောဘယ်လိုလဲ"

"ကျွန်တော်က ဝီရိယသမားပဲဆရာရယ်။ လွန်ခဲ့တဲ့တစ်လလောက်ကတည်းက စာတွေအကုန်ပြတ်သွားပြီ"

"ဟေ . . . ဒါဆို မင်းက D မှန်းလို့တောင်ရပြီပေါ့"

ဦးခန့်နောင်က အားတက်သရောပြောသည်။ ဒါပေမယ့် ဦးခန့်နောင်ထင်သလို ဖွဲ့ထူးထံမှ "ဟုတ်ကဲ့ ဆရာ"ဟုဖြေသံ ထွက်မလာပါ။

ဖွဲ့ထူးက ကြေကြေကွဲကွဲ ခေါင်းယမ်းသည်။

"ကျွန်တော်ကအရင်ကတည်းက မှတ်ဉာဏ်မှမကောင်းတာဆရာရယ်။ ဝီရိယကြောင့်သာ ကျွန်တော်ဒီအတန်းထိရောက်လာတာ။ အခုလည်း ကျွန်တော် ဝီရိယပြင်းပြင်းနဲ့ကြိုးစားထားသမျှ အလကားပဲ။ ကျက်ထားသမျှစာတွေ အကုန်မေ့ကုန်ပြီ။ မှတ်ဉာဏ်ကလက်မခံနိုင်တော့ဘူး"

ဖွဲ့ထူးစကားကြောင့် ဦးခန့်နောင်အပါအဝင် ကံထူးနှင့်ဉာဏ်ထူးနှစ်ယောက်စလုံးပါ စိတ်မကောင်းဖြစ်သွားကြသည်။

"ဒါပေမယ့် စိတ်မပူပါနဲ့ဆရာရယ် . . . ကျွန်တော်အောင်မှာပါ။ ဆရာခုနပြောတဲ့ပုံပြင်ထဲကလိုပေါ့ ဝီရိယသမားအတွက် လောကကြီးက အမြဲတမ်း နေရာတစ်နေရာချန်ထားပါတယ်"

ဦးခန့်နောင် ခေါင်းညိတ်မိသည်လား၊ ခေါင်းယမ်းမိသည်လား မသိတော့ပါ။

ဒါပေမယ့် သူတစ်ခုခုကိုတော့ ပြင်းပြင်းပြပြ သိချင်နေသည်။ အဲဒါက . . .

ကံ၊ ဉာဏ်၊ ဝီရိယ သုံးခုမှ တစ်ခုစီကိုလွန်စွာယုံကြည်သက်ဝင်သည့် ကျောင်းသားသုံးယောက်၏အနာဂတ် . . .

ဟုတ်သည်၊

သူတို့သုံးယောက်စလုံး စာမေးပွဲအောင်ကြမည်လား?

သုံးယောက်စလုံး စာမေးပွဲကျကြမည်လား?



ဒါမှမဟုတ် မည်သူတွေအောင်လို့ မည်သူတွေကျမည်နည်း?

ဒီမေးခွန်းအတွက် အဖြေကဆာနေသေးသည်ဟု သူထင်သည်။

"ဒါနဲ့ မင်းတို့သုံးယောက်စလုံး မေဝသန့်တို့အိမ်မှာ စာကျက်ကြတယ်ဆို"

"ဟုတ်ပါတယ်ဆရာ . . . ဘာဖြစ်လို့လဲ"

"ဘာမှမဖြစ်ပါဘူး . . . မေဝသန့်မိဘတွေနဲ့ဆုံလို့ ပြောမိလို့ပါ။ ကဲ . . . ကဲ . . . သွားကြတော့ . . . မင်းတို့သုံးယောက်စလုံး စာမေးပွဲအောင်ပါစေလို့ ဆရာဆုတောင်းပါတယ်"

"ပေးတဲ့ဆုနဲ့ပြည့်ပါစေဆရာ"

ထို့နောက် သုံးဦးသား ဆရာဦးခန့်နောင်ရှေ့မှ ထွက်ခဲ့ကြတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

## (၁)

မေဝသန်တို့ အိမ်ရှေ့မြက်ခင်းပြင်ပေါ်တွင်ဖြစ်သည်။ အလယ်တွင် လက်ဖက်သုပ်တစ်ပွဲ၊ အချဉ်ထုပ်မျိုးစုံဖြင့် သူတို့အုပ်စုစာကျက်နေကြသည်။

မေဝသန်၊

ဝသန်သည် ရုပ်ချောသည်။ စာတော်ပါသည်။ သူမတို့အသိုင်းအဝိုင်းက ပိုက်ဆံရှိပါသည်။ စသည့်အခြင်းအကြောင်းအရာတွေကြောင့် ဝသန့်ကိုစိတ်ဝင်စားသူများသည်၊ ထိုအထဲတွင် သူတို့သုံးယောက်လည်း ပါဝင်ပါ၏။ (အထက်ပါ အခြင်းအကြောင်းရာတွေကြောင့်တော့ မဟုတ်ပါ)



ဒါကို သူတို့ယောကျ်ားလေးအချင်းချင်းလည်း သိသည်။ ဝသန်လည်းသိသည်။ သို့သော် ငယ်ငယ်ကတည်းကခင်မင်လာသော သူငယ်ချင်းဟူသည့် အတားအဆီးကတစ်ကြောင်း၊ စာမေးပွဲကိစ္စနှင့် မအားလပ်ရသည်ကတစ်ကြောင်း၊ သူတို့သုံးယောက်စလုံးတစ်ယောက်နှင့်တစ်ယောက် အလွတ်မပေးသည်ကတစ်ကြောင်းတို့ကြောင့် သုံးယောက်စလုံးမည်သူမျှ ဝသန့်အပေါ် တရားဝင်ချစ်ခွင့်မပန်ရသေး။

ဒါပေမယ့် သုံးယောက်စလုံး တစ်ယောက်အလစ်ကိုတော့ တစ်ယောက်ချောင်းနေကြသည်။ ယခုလည်း သုံးယောက်စလုံး ရင်ထဲမှခံစားချက်ကို ခဏဘေးပယ်ကာ စာကိုကုန်းရုန်းကျက်နေကြ၏။

စာကျက်သည်ဆိုသော်လည်း လေးယောက်တွင် သုံးယောက်သာ အားရပါးရကျက်၍ ဉာဏ်ထူးတစ်ယောက်ကတော့ စာရွက်တစ်ရွက်နှင့် ခေါင်းစားနေသည်။

ကံထူးကရော . . .

ကံထူးသည်လည်း စာရွက်တစ်ရွက် ဘောပင်တစ်ချောင်းနှင့် ခေါင်းစားနေ၏။ ဒါပေမယ့် ခေါင်းစားပုံချင်းမတူ၊ ကံထူးခေါင်းစားပုံက ရှင်းသည်။ စာရွက်အလွတ်တစ်ရွက်၌ စာအုပ်ထဲရှိသမျှခေါင်းစဉ်တွေ အကုန်ချရေးသည်။

ပြီး ထိုစာရွက်ပေါ်၌ မျက်လုံးမှိတ်ကာ ဘောပင်ထောက်သည်။ ဘောပင်အောက်မှခေါင်းစဉ် (သို့) မေးခွန်းကိုကျက်သည်။ ကံထူးလုပ်ကွက်က ရှင်းရှင်းလေး။

ဒါပေမယ့် ဉာဏ်ထူးလုပ်ကွက်ကတော့ ခေါင်းစားရသည်။ သူ့ရှေ့ရှိစာရွက်ထဲမှာ သူဖြေရမည့် အခန်း၏ခုံနံပါတ်တွေရှိသည်။ ဉာဏ်ထူးသူ့ခုံနံပါတ်ဝန်းကျင်ရှိ ခုံနံပါတ်တွေကိုကြည့်ကာ စဉ်းစားနေသည်။ သူအဆင်ပြေချင်သည်ဟုပြော၍ရသည်။

သူ့ခုံနံပါတ်နှင့် ဘေးချင်းကပ်လျက်မှာက ဝင်းပပထွန်းခုံနံပါတ်။ ဝင်းပပထွန်းသည် ကျောင်းမှာ'တစ်'ပြေးနေသော ကျောင်းသူတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်ပါ၏။ စာတော်သလောက် ပညာနှင့်ပတ်သက်၍ မာနကြီးသည်။ ပညာနှင့်ပတ်သက်လျှင် တစ်ဖက်သားကို သူ့လောက်မတတ်ဟုခံယူကာ အထင်သေးတတ်သည်။

ဒါ သူစဉ်းစားသင့်သောအချက်။

နောက် သူ့ရှေ့ခုံမှတစ်ယောက်က ဇော်ထက်။

ကံထူးနှင့်ဖွဲထူးတို့ကတော့ သူတို့ရှေ့တစ်ခန်းတွင် ခုံနံပါတ်ချင်း ရှေ့ဆင့်နောက်ဆင့်ကျ၍ အဆင်ပြေသည်။ သူသည်သာ နောက်တစ်ခန်း၌ အားကိုးရာမဲ့နေရသည်။ ဝသန့်အခန်းကတော့ သူတို့တွေနှင့်တော်တော်ဝေးပါ၏။

ဉာဏ်ထူးရှေ့ခုံမှ ဇော်ထက်နှင့်ပတ်သက်၍ အားနည်းချက်ကို ရှာနေသည်။ ဇော်ထက်သည် စာတော်သောကျောင်းသားတစ်ယောက် ဖြစ်ပါသည်။ ဒါပေမယ့် အရှက်အကြောက်တော့နည်းနည်းကြီးသည်။ တစ်ခါက ရန်ဖြစ်၍ ဆရာမကဆေါင်လှန်ရိုက်ရာ ရှက်ပြီး တစ်ပတ်လောက် ကျောင်းပျက်ဖူးသည်။

ဒီအချက်သည် စဉ်းစားသင့်သောအချက်နံပါတ်တစ်။

သူတို့ယောကျ်ားလေးသုံးယောက်ထဲတွင်တော့ ဖွဲထူးသည် စာအတော်ကျက်သူဖြစ်သည်။ ကျက်သလောက်လည်း ပြန်ပြန်မေ့တတ်သည်။ ယခုလည်း ဖွဲထူးတစ်ယောက် အားကြိုးမာန်တက် စာကိုကုန်းရုန်းကျက်နေပါ၏။

စာရွက်တစ်ရွက်နှင့် စဉ်းစားခန်းဝင်နေသော သူ့ပုံစံကိုကြည့်၍ ဝသန်က အားမရစွာပြောသည်။

"ဉာဏ်ထူး . . . နင်ဒီစာရွက်တစ်ရွက်တည်းနဲ့ပဲပြီးတော့မှာလား သူများတွေ ဒီလောက်အပြုံးအပြုံကျက်နေကြတာ။ နင်တစ်ယောက်ပဲအေးဆေးနေတယ်။ စာလည်း အခုထက်ထိတစ်လုံးမှဖတ်တာ မတွေ့သေးဘူး"

"အေးဆေးပါဟာ . . . ဒီစာတွေက အရင်ကတည်းက ငါကျက်ထားပြီးသားစာတွေပါ။ ခဏလောက်ပြန်နွှေးရင်ဖြစ်ပါတယ်။ အခု ငါ



ထပ် စာမကျက်ရဘဲနဲ့ ဖြေလို့ရမယ့်နည်းကိုစဉ်းစားနေတာဟ"

"လုပ်ပြန်ပြီ . . . နင်ပေါက်ကရတွေလျှောက်မလုပ်နဲ့နော်။ စာမေးပွဲခန်းထဲကိုလည်း ဟိုဟာ ဒီဟာတွေ ယူမသွားနဲ့။ အဲဒါ နှစ်ပယ်ခံရလိမ့်မယ်"

ဝသန့်က စိုးရိမ်စိတ်အပြည့်ဖြင့် ပြောသည်။

"စိတ်ချပါဟာ . . . ငါအဲဒါတွေမလုပ်ပါဘူး။ အခု ငါတွေးနေတာက တစ်မျိုးပါ"

"ဉာဏ်ထူးရယ် . . . အဲလိုတွေလျှောက်လုပ်နေမယ့်အစား စာကိုပဲ သေချာကျက်ပါလား။ ဉာဏ်လည်းကောင်းလျက်သားနဲ့။ ငါ နင်တို့သုံးယောက်မှာ ဘယ်သူ့ကိုမှမပူဖူး၊ နင့်ကိုပဲပူတယ်"

ဝသန့်စကားကြောင့် သူ ဟက်ခနဲရယ်လိုက်သည်။

"ဘာမှမပူပါနဲ့ဝသန့် . . . ငါ့ကိုယ်ငါယုံတယ် . . . ငါအောင်မှာ။ ငါတို့အတွက်ကြိုးစားချိန် သုံးနာရီပေးထားတယ်ဟာ။ အဲဒီ သုံးနာရီအတွင်းမှာတော့ နည်းမျိုးစုံနဲ့အောင်မှတ်ရအောင်ရှာရမှာပဲ။ ဒါပေမယ့် ငါရှာမယ့်နည်းတွေထဲမှာ ဥပဒေအရတားမြစ်ထားတဲ့နည်းတွေမပါပါဘူး စိတ်ချပါ"

ဝသန်သက်ပြင်းချမိတော့သည်။ နောက် သူမ စာဆက်ကျက်သည်။ ဉာဏ်ထူးကတော့ . . .

"သုံးနာရီအတွင်းမှာမှ အမှတ် (၄၀)ဖိုးပဲရှာရမှာ . . . ငါရှာနိုင်ပါတယ်။ တစ်နာရီကို ဆယ့်သုံးမှတ်နဲ့တွက်ရင်တောင် လေးမိနစ်တစ်မှတ်နှုန်းနဲ့ရှာနိုင်ရင်ဖြစ်ပြီ . . . အေးဆေးပါ . . . ငါလုပ်နိုင်ပါတယ်။ ငါ့မှာ အရင်ကျက်ထားတာတွေလည်းရှိတာပဲ"

ဉာဏ်ထူး ထိုသို့စိတ်မှတွေးရင်း လက်ထဲမှစာရွက်ကိုချလိုက်သည်။ ပြီးတော့ ဒီနေ့အတွက် ပထမဆုံးအကြိမ်အဖြစ် စာကျက်ရန် စာအုပ်ကိုကိုင်လိုက်ပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

(d)

## ဉာဏ်ထူး၏ဝထစစ်ဆင်ရေး

ဉာဏ်ထူးတစ်ယောက် ကျောင်းတွင် တစ်စုံတစ်ယောက်ကို စောင့်နေသည်။ သူစောင့်နေသူက ဝင်းပပထွန်း။

ဒါသည် စာမေးပွဲအတွက် ဝင်းပပထွန်းနှင့်ပတ်သက်၍ ပြင်ဆင်မှုတစ်ရပ်ကိုပြုလုပ်ရန် ဆိုင်းငံ့နေခြင်း။

မကြာပါ။ ဝင်းပပထွန်းမှာ သူမသူငယ်ချင်းတစ်ဦးနှင့် ကျောင်းလမ်းထဲသို့ဝင်ကာလာသည်။ ဉာဏ်ထူး ကိုယ်ကိုပြင်ရပ်၍ သတိအနေအထားနေလိုက်သည်။ သူမတို့ တဖြည်းဖြည်းနီးလာပါပြီ။

သူ့ရှေ့သို့အရောက်မှာပင် . . .

“ဝင်းပပထွန်း”

“ဘာလဲ”



ခပ်ဆတ်ဆတ်ထူးကာ လှည့်ကြည့်သည်။

“နင်စာတွေ တော်တော်ပိုင်နေပြီလား . . .”

“ပိုင်နေပြီ . . . ဘာလုပ်မလို့လဲ”

“ငါက Revision တောင် နှစ်ခါပြန်ပြီးသွားပြီဟ။ အဲဒါ စာလေးဘာလေးဖလှယ်ရအောင် သင့်တော်မယ့်သူလိုက်ကြည့်နေတာ”

ဉာဏ်ထူး၏ အထက်စီးဖြင့် ခပ်တင်းတင်းစကားကြောင့် ဝင်းပပထွန်း တအံ့တဩဖြစ်သွားပြီး သူ့ကိုမယုံသလို သေချာကြည့်သည်။

“အဲဒါနဲ့ ငါ့ကိုခေါ်တာနဲ့ဆိုင်လို့လား . . . ”

“ဆိုင်မယ်လို့ထင်တာပဲ။ နင်နဲ့ငါ စာပြိုင်ရအောင်ဟာ”

“ဘာ . . . နင်က . . . ”

ဝင်းပပထွန်း ဇွေ့ဇွေ့ခုန်သွားသည်။ အကြောင်းသိအချင်းချင်း သူမကိုလာစိန်ခေါ်သည့်အတွက် တော်တော်လည်းခံပြင်းသွားပုံရပါ၏။

“အောင်မာ . . . ဘာစာပြိုင်မလဲ။ နင့်လိုကောင်မျိုးကို ဆယ်လေးတစ်လေးပေးတယ်”

“တကယ်နော်”

“နှစ်ကယ် . . . ”

ဉာဏ်ထူးပြုံးသွားသည်။ ဒါသူဆင်မည့်အကွက်ထဲသို့ မဖိတ်ခေါ်ရဘဲနှင့်ဝင်လာခြင်း။

“တကယ် ဆယ်လေးတစ်လေးနော်”

“ဟုတ်တယ်”

“အိုကေ . . . အဲဒါဆို မပြိုင်ခင်ကြေးစကားအရင်စပြောရအောင်”

ဝင်းပပထွန်းမဲ့သည်။ သူမပုံစံက သူ့လိုကောင်မျိုးကို လုံးဝအထင်မကြီးဘူးဆိုသည့်ပုံစံမျိုး။

“နင့်နဲ့ငါ စာနဲ့ပတ်သက်ပြီး မေးခွန်းတစ်ယောက်တစ်ခုစီ မေးမယ်ဟာ။ နင်မေးတဲ့မေးခွန်းကို ငါမဖြေနိုင်ရင် နင်ခိုင်းတာကို ငါတစ်ရက်



www.burmeseclassic.com

www.burmeseclassic.com

လုပ်မယ်။ ငါမေးတဲ့မေးခွန်းကို နင်မဖြေနိုင်ရင် ငါခိုင်းတာကို နင်ဆယ်ရက်လုပ်ရမယ် . . . ဘယ်လိုလဲ . . . ဒါ နင်ပြောတဲ့ ဆယ်လေးတစ်လေးပဲနော်”

ဝင်းပပထွန်းမှာ ဒုတိယမ္ပိမ့်ပြန်သည်။ သူလိုကောင်မျိုးက အခုလိုစိန်ခေါ်သည့်အတွက် တော်တော်မခံချိမခံသာဖြစ်နေပုံရသည်။

“နင့်ကိုယ်နင် မယုံဘူးဆိုရင်လည်း ငါဆန္ဒကိုချုပ်သိမ်းပေးမယ်နော်။ ငါနဲ့ဆွေးနွေးလို့ရမယ့်နောက်တစ်ယောက်ကို ငါထပ်ရှာမယ်”

တော်တော်ထိသွားသည်ထင်သည်။ မျက်နှာတစ်ပြင်လုံးရဲတွတ်သွားကာ ခန္ဓာကိုယ်သည် တစ်ချက်တုန်သွားသည်။ နောက် နှာခေါင်းရှုံ့ကို စူပွစူပွလုပ်ရင်း . . .

“ရ . . . ရတယ်၊ ငါလက်ခံတယ် . . . ပြော ဘာစာပြိုင်မှာလဲ”

အံကြိတ်သံနှင့်ရောထွေးကာ ထွက်လာသောစကားတို့ကြောင့် ဉာဏ်ထူးရယ်ချင်သွားသည်။ ဒါပေမယ့် ခပ်တည်တည်ပင်။

“အဟဲ . . . အခုလမ်းလယ်ခေါင်ကြီးမှာဆိုတော့ မကောင်းဘူးဟာ။ နင်လည်းလေ့လာရင်လေ့လာချိန်ရအောင် နေ့ခင်းမုန့်စားချိန်ရောက်မှ ဒေါ်ခင်တုတ်မုန့်တီဆိုင်မှာပြိုင်မယ်”

“မလိုပါဘူး . . . ဘာစာပြိုင်မလဲသာပြော”

ဉာဏ်ထူးစကားကိုခဏရပ်၍ သူမကိုသေချာကြည့်လိုက်သည်။ နောက် တစ်လုံးချင်းပြောသည်။

“ဦးပုညရဲ့ ရေသည်ပြဇာတ်”

“ဘာ . . . ရေသည် . . . ”

မထင်ထားသောစကားကြောင့် ဝင်းပပထွန်းမှာ အအံ့သြကြီးအံ့သြသွားသည်။

“နင်စိတ်မှကောင်းသေးရဲ့လား . . . ဒီလောက်လွယ်တဲ့ရေသည်ပြဇာတ်ကိုမှ . . .”

“အေး . . . ငါစိတ်မကောင်းတာတော့အမှန်ပဲ။ ဘာဖြစ်လို့လဲဆိုတော့ နင်ရှုံးမယ်ဆိုတာ ကြိုသိနေလို့”

“ဘာ . . . ”

ဉာဏ်ထူး ဂရုမစိုက်တော့ပါ။ နှာရှိုကိုတစ်ချက်ပုတ်ပြ၍ ဒေါ်ခင်တုတ်မုန့်တီဆိုင်ကိုမေးငေါ့ပြရင်း ထွက်ခဲ့ပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

## (၉)

ခေါင်တုတ်မုန့်တီဆိုင်သည် ထူးထူးခြားခြား ဒီနေ့လူရှင်းနေပါ၏။ တိုက်ပွဲတစ်ခုဖြစ်ပွားရန် လုံလောက်သောအကြောင်းရင်းဖြစ်နေသည်လားတော့မသိ။

ဆိုင်ရှေ့စားပွဲခုံတစ်ခုံတွင် လူသုံးယောက်မျက်နှာချင်းဆိုင်ထိုင်နေသည်။ တစ်ယောက်က ဉာဏ်ထူး၊ သူ့မျက်နှာချင်းဆိုင်မှမိန်းကလေးနှစ်ယောက်က ဝင်းပပထွန်းနှင့် စန္ဒာ။ ဝင်းပပထွန်းစစ်ကူခေါ်လာခြင်းတော့ဖြစ်ဟန်မတူ။ သူနှင့်နှစ်ယောက်တည်း မုန့်ဆိုင်မထိုင်လို၍ခေါ်လာခြင်းဖြစ်ရပေမည်။

တိတ်ဆိတ်နေသော အခြေအနေတစ်ခုအား ဉာဏ်ထူးစတင်ဖြိုခွင်းလိုက်သည်။

"စလို့ရပြီ ဝင်းပပထွန်း . . . နင်အရင်မေးပါ"

"ရတယ် . . . ရေသည်တစ်အုပ်လုံး အလွတ်ရနေတဲ့ငါ့အတွက် အရင်မေးရမှာအားနာတယ်။ နင်အရင်မေး"



ဉာဏ်ထူးပြုံးလိုက်သည်။ ဝင်းပပထွန်းကို သူအထင်မသေးရဲပါ။ ဒါပေမယ့် သူ့မေးခွန်းကိုလည်း သူယုံသည်။

"ဟုတ်ပြီ . . . အဲဒါဆို ငါအရင်မေးမယ်နော်"

အခြေအနေတစ်ခုမှာ ရုတ်ခြည်းငြိမ်သက်သွားပါ၏။ လေပြင်းတစ်ချက် သူတို့နှစ်ဦးရှေ့ဖြတ်တိုက်သွားသည်။ သစ်ရွက်တချို့ကြွေသွားသည်။

ထို့နောက်မှာတော့ . . .

"ရေသည်ယောကျ်ားနဲ့ ရေသည်မိန်းမကို ဦးပုညက လမ်းခုလတ်တစ်နေရာမှာဆုံကြတယ်လို့ဆိုထားတယ်။ သူတို့နှစ်ယောက်ဆုံတဲ့နေရာဟာ ခန့်မှန်းခြေ ယူဇနာဘယ်လောက်ရှိမလဲ"

"ဘာ . . . "

ဝင်းပပထွန်းဆီမှ နားမလည်သည့်အာမေဍိတ်သံကို ကြားရသည်။

"နင်ဘာကိုဆိုလိုတာလဲ။ နင့်မေးခွန်းကို ငါမရှင်းဘူး"

ဉာဏ်ထူးနားလည်စွာ ခေါင်းညိတ်လိုက်သည်။ ပြီးတော့ ရှေ့မှကော်စားပွဲကို လက်ညှိုးဖြင့် တစ်ချက်ခေါက်လိုက်ရင်း . . .

"ဟုတ်ပြီ . . . ငါထပ်ရှင်းပြမယ်။ ရေသည်ယောကျ်ားနဲ့ရေသည်မိန်းမဟာ တစ်ယောက်နဲ့တစ်ယောက် ၁၂ ယူဇနာအကွာကနေထွက်လာတယ်ဟာ။ သူတို့နှစ်ယောက် ယူဇနာဘယ်လောက်မှာဆုံကြသလဲ။ ဆိုလိုတာက (၅) ယူဇနာမှာဆုံကြတာလား . . . ဒါမှမဟုတ် (၇)ယူဇနာမှာ ဆုံကြတာလား . . . (၈)ယူဇနာမှာဆုံကြတာလား . . . အဲဒါကိုမေးတာ"

ဝင်းပပထွန်း စဉ်းစားသွားလေသည်။ ဒီမေးခွန်းက ရေသည်စာအုပ်တစ်အုပ်လုံးမှာမပါတာတော့ သူမသိသည်။ ဒါပေမယ့် မပါဘူးဟုလည်းငြင်းရန်ခက်သည်။ ဒီမေးခွန်းသည် မေးသင့်သောမေးခွန်းတစ်ခုပင်မဟုတ်ပါလား။



www.burmeseclassic.com

www.burmeseclassic.com

ညဏ်ထူးကတော့ သူ့မေးခွန်းကိုသူယုံစွာ ရေနွေးတစ်ခွက်ပြီး တစ်ခွက်ငှဲ့သောက်နေသည်။ စာအုပ်ထဲမှာမပါ၍ မဖြေဘူးဟုလည်းပြော၍မရ။ ဒါပေမယ့် သူမစဉ်းစား၍မရပါ။ ဒီမေးခွန်း၏အဖြေကိုလည်း သူမသိချင်နေသည်။ ဒါ ဦးပုညလွတ်သွားသော အကြောင်းအရာတစ်ခုပင်မဟုတ်ပါလော။

"ဘယ်အရာရာဖြစ်ဖြစ် သိပ်ကြာသွားရင်မကောင်းဘူးဟ"

ညဏ်ထူးက ခပ်ရိရိစကားဆိုသည်။ သူမ မဖြေနိုင်တော့ပါ။ ထို့ကြောင့် . . .

"ငါမသိဘူး"

ညဏ်ထူးပြုံးသွားသည်။

"ဒါဆို နင်ရှုံးသွားပြီနော်"

သူမဖြည်းပင်စွာ ခေါင်းညိတ်ပြပါ၏။

"ကဲ . . . ဒါဆို အခုနင့်အလှည့်။ နင်ကြိုက်တဲ့မေးခွန်းတစ်ခု ငါ့ကိုမေးပါ"

ညဏ်ထူးစကားကြောင့် သူမခဏစဉ်းစားသည်။ ပြီး ဘေးမှ သူငယ်ချင်းကိုလည်း တစ်ချက်ကြည့်သည်။ ပြီးမှ သူ့အကြည့်ကိုရင်ဆိုင်၍ . . .

"ငါအရင်တုံးကတော့ နင့်ကိုမေးဖို့စဉ်းစားထားတဲ့ မေးခွန်းတစ်ခုရှိတယ်။ ဒါပေမယ့် အဲဒီမေးခွန်းကို အခုမမေးတော့ဘူး။ နင်မေးတဲ့မေးခွန်းကိုပဲ ငါ့မေးခွန်းအဖြစ် နင့်ကိုပြန်မေးမယ်။ ရေသည်ယောကျာ်းနဲ့ ရေသည်မိန်းမ ဘယ်လောက်ယူဇနာမှာ ဆုံကြသလဲ"

သူမ၏စိတ်ကူးကိုတော့ သဘောကျသွားသည်။ ဒါပေမယ့် ကိစ္စတော့မရှိ။ ဒီမေးခွန်းသည် သူမေးထားသောမေးခွန်းတစ်ခုပင် မဟုတ်ပါလား။ နောက်ပြီး ဒီလိုအခြေအနေမျိုးကိုလည်း သူကြိုတင်ခန့်မှန်းထားသည်လေ။

"ငါလည်းမသိဘူး"



"ဘာ . . ."

"ဘယ်လို . . ."

သူ့ရှေ့မှမိန်းကလေးနှစ်ယောက်စလုံး ကြက်သေသေကုန်ကြသည်။ နောက် ချက်ချင်းပင် ဝင်းပပထွန်းကသတိပြန်ဝင်ကာ . . .

"ညဏ်ထူး . . . နင် ဒါတမင်သက်သက် လူပါးဝတာ"

"နိုး . . . နိုး . . . ငါလူပါးဝတာမဟုတ်ဘူး။ ငါတကယ်မသိလို့ မသိဘူးပြောတာ"

ဝင်းပပထွန်းဒေါသသံတို့ဖြင့် သူ့အားလက်ညှိုးထိုး၍ . . .

"နင်ကိုယ်တိုင် အဖြေမသိတဲ့မေးခွန်းကို ဘာလို့ငါ့ကိုလာမေးတာလဲ"

"ရှင်းရှင်းလေးပါဟာ . . . နိုင်ချင်လို့။ အခု ငါနိုင်သွားပြီ။ ဒီတော့ ငါနိုင်တဲ့ဆယ်ရက်ထဲက ငါရှုံးတဲ့တစ်ရက်ကိုနုတ်လိုက်။ နင် ငါခိုင်းတာ ကိုးရက်လုပ်ရမယ်"

"ဘာ . . . "

အလုံးစုံကို သဘောပေါက်သွားကာ အသံတို့တုန်သွားသလို မသတီသောအကြည့်တွေလည်း သူ့ထံသို့ရောက်လာသည်။

"ဒါပေမယ့် ငါမတရားမလုပ်ပါဘူးဟာ။ နင်မေးခွန်းနောက်တစ်ခုထပ်မေးပါ။ ငါဖြေပါ့မယ်"

ဝင်းပပထွန်းအသံတိတ်နေသည်။ ဒေါသထွက်နေတာလား၊ စကားမပြောချင်တာလားမသိ။ တအောင့်ကြာမှ . . .

"ငါရှုံးသွားပြီပဲ၊ မမေးတော့ပါဘူး"

သို့သော် . . .

"ပပ မမေးရင်နေ ငါမေးမယ်"

ပြောသူက စန္ဒာ။ သူမသည်လည်း သူလူလည်ကျသည်ကို ခံပြင်းနေပုံရပါသည်။

"ရပါတယ်၊ ငါဖြေမယ် . . . မေး"



www.burmeseclassic.com

www.burmeseclassic.com

သူစိတ်လှုပ်ရှားမနေပါ။ ရင်တုန်မနေပါ။ ဒါပေမယ့် နားတွေ တော့စွင့်ထားရလွန်းသဖြင့် တဆတ်ဆတ်တုန်နေသည်။

"ရေသည်ယောကျ်ားနဲ့ ရေသည်မိန်းမမှာ ဘယ်သူကလမ်း လျှောက်ပိုမြန်သလဲ"

ထိုမေးခွန်းကြောင့် သူ့ဦးနှောက်မှာ ဆတ်ခနဲတစ်ချက်ခုန်သွား သည်။ ပြီး ဝင်းပပထွန်းကိုကြည့်ကာ . . .

"ဒါ ခုန နင်ငါ့ကိုမေးဖို့စဉ်းစားထားတဲ့ မေးခွန်းလား"

ညိတ်သည်ဆိုရုံမျှ ဦးချိုးပြသည်။

"ဒါဆိုရင်တော့ ငါတို့မေးခွန်းနှစ်ခုစလုံးညီပါတယ်"

သူ့စကားကို မည်သူမျှမထောက်ခံပါ။ သို့ပေမယ့် ဉာဏ်ထူး သက်ပြင်းတစ်ခုကို ခပ်လေးလေးချလိုက်ရင်း . . .

"စိတ်တော့မကောင်းဘူးဟာ။ မဖြေနိုင်ရင်တော့ ငါနိုင်ထားတဲ့ ကိုးရက်စလုံးကိုလျှော်ပေးမလို့။ ဒါပေမယ့် နင်တို့မေးခွန်းကို ငါဖြေနိုင် တယ်"

ထိုသို့ပြော၍ စကားကိုခဏရပ်သည်။ ပြီး နှစ်ဦးစလုံးကို သေချာကြည့်ရင်း . . .

"ရေသည်ယောကျ်ားမြန်တယ်"

ဝင်းပပထွန်းရော၊ စန္ဒာရော မျက်နှာပျက်သွားကြပါသည်။

"ဘာကြောင့်မြန်တာလဲဆိုတာရော ပြောဖို့လိုသေးလား"

"နင်ရမ်းဖြေတာမဟုတ်ဘူးဆိုရင်တော့ ပြောစရာရှိမှာပါ"

စန္ဒာကပြောခြင်းဖြစ်သည်။

ဉာဏ်ထူးပြုံးလိုက်ပါ၏။

"ရှိပါတယ် . . . နားထောင်၊ ငါပြောပြမယ်"

မြောက်အရပ်ကနေ တောင်အရပ်ကို ရေရောင်းသွားမယ့် ရေသည်ယောကျ်ားနဲ့တောင်အရပ်ကနေမြောက်အရပ်ကို ရေရောင်းသွား မယ့် ရေသည်မိန်းမတို့က တစ်ဦးနဲ့တစ်ဦး (၁၂)ယူဇနာဝေးကြတယ်။



သူတို့နှစ်ဦးရဲ့အလယ်တည့်တည့် (၆)ယူဇနာမှာက ရှင်ဘုရင့်နန်းတော် ရှိတယ်။ ဒီလိုနဲ့ သူတို့နှစ်ဦးဆုံကြတော့ ဆုံတဲ့နေရာကို ရေသည်မိန်းမ ရှိရာတောင်ဘက်ခြမ်းမှာလို့ တွေးလို့ရတယ်။ ဘာဖြစ်လို့လဲဆိုရင် ရေ သည်ယောကျ်ား မြောက်မြို့ရိုးမှာဝှက်ထားတဲ့ငွေသားလေးရွှေးကို ပြန်ယူ တဲ့အခါမှာ ဘုရင့်နန်းတော်ရှေ့ကပြန်ဖြတ်ရတယ်။ ဒါကိုကြည့်ခြင်းအား ဖြင့် ရေသည်ယောကျ်ားရောက်နေရာသည် ဘုရင့်နန်းတော်ကိုကျော်လွန် ပြီး ဟိုဘက်ရေသည်မိန်းမရှိရာတောင်ဘက်ခြမ်း . . . အဲမှာတင်အဖြေ ကထွက်နေပြီ။ ထွက်လာတာချင်းအတူတူ ရေသည်ယောကျ်ားက အလယ် စင်တာကိုကျော်ပြီးတော့ တစ်ဖက်ကိုရောက်နေတယ်။ အဲဒါ ရေသည် ယောကျ်ားလမ်းလျှောက်မြန်လို့ပေါ့"

ဝင်းပပထွန်းတို့နှစ်ယောက် ငြိမ်သက်ကာသွားကြလေသည်။

"ဘာမှစိတ်မပူပါနဲ့ဟာ။ နင်အကြီးကြီးတွေမလုပ်ရပါဘူး။ ပါးပါးပဲ ငါ့ကိုကူညီရမှာပါ။ ဘာကူညီရမယ်ဆိုတာတော့ နီးမှပဲပြောပြ တော့မယ်"

ပြောပြီး ဉာဏ်ထူးက နောက်ဆုံးလက်ကျန်ရေနွေးခွက်ကို ရှင်း သည်။

"ငါသွားတော့မယ်ဟာ . . . ကျောင်းတက်ဖို့ငါးမိနစ်ပဲလိုတော့ တယ်။ အတန်းထဲမှာလုပ်စရာရှိသေးလို့"

ထို့နောက် ဉာဏ်ထူးတစ်ယောက် စာသင်ခန်းဆီသို့ ဦးတည် ခဲ့ပါသည်။ အခုလောလောဆယ်ကတော့ တစ်ဝက်သေချာသွားပေပြီ။ နောက်တစ်ဝက်ကိုတော့ ဆက်လက်ကြိုးစားရဦးမည်။

ဒါပေမယ့် အရမ်းကြီးခက်ခဲမည်မထင်ပါ။ အကြောင်းကား ဇော်ထက်ကို သေသေချာချာ လေ့လာထားသည်မဟုတ်ပါလား။



www.burmeseclassic.com

www.burmeseclassic.com

(၄)

## ဉာဏ်ထူး၏ဒုတိယထစ်ထစ်ရေး

အခန်းဝတွင်ရပ်ကာ ဇော်ထက်ကို သူရှိုးလိုက်သည်။ ဇော်ထက်က လှုမှန်နေရာမှန်မှာ စာအုပ်တစ်အုပ်ရှေ့ချ၍ စာကြည့်နေပါ၏။ ဉာဏ်ထူးခပ်တည်တည်ဖြင့် ဇော်ထက်ဆီသို့သွားလိုက်သည်။ ပြီးတော့ . . .

"ဇော်ထက် ငါ့ကိုသချာတစ်ပုဒ်လောက်ရှင်းပြစမ်းပါကွာ"

သူ၏စကားကြောင့် ဇော်ထက်က လိုလိုလားလားပင် . . .

"ရတယ် သူငယ်ချင်း၊ ပြောလေ ဘယ်အပုဒ်လဲ"

ဇော်ထက်ဘေးမှာဝင်ထိုင်လိုက်ရင်း လွယ်အိတ်ထဲမှ သင်္ချာစာအုပ်ကိုထုတ်သည်။ ပြီးတော့ အရင်ကတည်းကကြိုရွေးထားသည့် အခက်ဆုံးပုစ္ဆာတစ်ပုဒ်အား ဇော်ထက်ကိုရှင်းပြခိုင်းပါ၏။



ဇော်ထက်ကတော့ တကယ်ပဲထင်ကာ ကြိုးကြိုးစားစားရှင်းပြနေသည်။ သူ့အာရုံတွေက ဇော်ထက်ဆီမှာမရှိ၊ အာရုံရှိနေသည့်နေရာက ခုံအောက်။

ဉာဏ်ထူး ဇော်ထက်ပုဆိုးစကို ခြေမ,ဖြင့်ညှပ်ကာ စာရေးခုံခြေထောက်အောက်သို့ထိုးသွင်းနေသည်။ သို့သော် စာရေးခုံမှာ ဇော်ထက်ဖိထားသည့်အတွက်မကြွ။

"သူငယ်ချင်းခဏ . . . စာရေးခုံ ရှေ့နည်းနည်းရောက်နေလားလို့"

ပြောလည်းပြော စာရေးခုံကိုမ,ကာ နောက်နည်းနည်းဆုတ်လိုက်သည်။ စာရေးခုံအကြွ သူ့ခြေထောက်ကအထည့်။

အဆင်ပြေသွားလေပြီ၊ ဇော်ထက်ပုဆိုးစ စာရေးခုံအောက်ရောက်သွားပြီ။ သူခြေမဖြင့် ခပ်ဆတ်ဆတ်ညှပ်ဆွဲကြည့်လိုက်၏။

အဆင်ပြေသည်၊ လုံချည်စက နည်းနည်းလေးမှပင်ပါမလာ။ ပြီးနောက် ခပ်တည်တည်ပင် ဇော်ထက်ရှင်းပြနေသောစာကို နားထောင်နေလိုက်၏။

ကျောင်းတက်သွားပေပြီ။ မကြာခင် ဆရာမ,ဝင်တော့မည်။ ဉာဏ်ထူးမျက်လုံးတွေ အခန်းဝမှာဝဲနေသည်။ ထိုစဉ်မှာပင် ရိပ်ခနဲမြင်လိုက်သောအရိပ်တစ်ခု၊ ဟုတ်သည် ဆရာမ။

ချက်ချင်းပင် ဉာဏ်ထူးမတ်တပ်ရတ်ကာ စာရေးခုံကို လက်ဖြင့်မသိမသာဖိထားလိုက်ပါ၏။ ထိုအချိန်မှာပင် . . .

ပဥ္စဂုဏံ . . . အဟံဝန္ဒာမိ . . .

တစ်ခန်းလုံးမတ်တတ်အရပ် . . .

"လျှော . . ."

"ဟိုက်"

"ကျွီ . . . ဒုန်း . . ."

အခြေအနေတစ်ခုက ရုတ်ချည်းရှုပ်ထွေးသွားသည်။ ဇော်ထက်



www.burmeseclassic.com

www.burmeseclassic.com

မတ်တတ်အရပ် လုံချည်မှာလျှောခနဲ။

ခေတ်လိုက်သလို တစ်ချက်တုန်သွားပြီး ကမန်းကတန်း ပေါင်အောက်ရောက်နေသောလုံချည်ကို ဆောင့်ဆွဲလိုက်သည်။ အရှိန်ကြောင့် ရှေ့မှစာရေးခုံမှာ 'ကျွီ'ခနဲ တစ်ချက်မြည်သွားပြီး ပြန်အကျ 'ဒုန်း'ဟူသော အသံ ဆက်တိုက်ဆိုသလိုထွက်သွားပါ၏။

အခြေအနေက တကယ့်ခဏလေးပါ။ ဖော်ထက်မျက်နှာတစ်ပြင်လုံး ရော်အုံ့ဆဲဆဲခရမ်းချဉ်သီးလို ရဲ့တွနီမြန်းသွားပြီး နဖူး၌ချွေးတွေချက်ချင်းသီးသွားသည်။

နောက်ဆုံးတန်းဖြစ်နေ၍ ဖော်ထက်၏တီးတိုးဆင်ဆာတွေကို မြင်သူမှုမမြင်လိုက်။ သို့သော် . . .

"ဟာ . . . ဟေ့ကောင်ဖော်ထက် . . . မင်း အတွင်းခံဘောင်းဘီလည်းဝတ်မထားဘူး။ မင်းတင်ပါးမှာ ဟိုဟာ . . ."

ဖော်ထက် အမွေးတွေပင် ဖျဉ်းခနဲထောင်သွားကာ ချက်ချင်းပင် ပါးစပ်ကိုပိတ်ပါ၏။

"ဟာ . . . အဟား . . . ဟား ငါမြင်သွားပြီနော်ဟေ့ကောင်။ တင်ပါးမှာဟိုဥစ္စာတွေ"

ဖော်ထက်မှာ အတင်းမရမကကို လိုက်ပိတ်နေပါသည်။ သူ့ပါးစပ်ကို လက်ဖြင့်အုပ်ထားရင်းမှလည်း . . .

"ဉာဏ်ထူး . . . ငါတောင်းပန်ပါတယ်ကွာ။ ဘယ်သူ့မှလျှောက်မပြောပါနဲ့။ ငါရှက်လို့ပါကွာနော်။ ငါတောင်းပန်ပါတယ်"

အသည်းအသန် ပြောနေသော ဖော်ထက်ပုံစံကိုကြည့်၍ ဉာဏ်ထူးငြိမ်ပြီးနေလိုက်သည်။ ထိုအခါမှ မဝံ့မရဲဖြင့် သူ့ပါးစပ်မှလက်ကိုဖယ်ပေးရင်း . . .

"တောင်း . . . တောင်းပန်ပါတယ်သူငယ်ချင်းရာ။ ငါ . . . ငါတကယ်ရှက်လို့ပါကွာ။ ငါ့အရင်ကတည်းက အရှက်အကြောက်ကြီးတယ်ဆိုတာ မင်းသိပါတယ် . . . နော် သူငယ်ချင်း။ ဘယ်သူ့မှလျှောက်



မပြောပါနဲ့ကွာ"

ဖော်ထက်မှာ ချက်ချင်းပင် ခေယယဖြစ်သွားကာ မျက်နှာငယ်လေးဖြင့် သူ့ကိုတောင်းပန်သည်။ ကြက်သီးတွေထကာ နှုတ်ခမ်းတွေတုန်နေသောဖော်ထက်ကို သူခပ်တည်တည်ဖြင့်ကြည့်လိုက်၍ . . .

"အေး . . . မင်းမပြောနဲ့ဆို မပြောဘူး။ ဒါပေမယ့် မင်းငါ့ကို တစ်ခုကူညီရမယ်"

"ဟာ . . . ကူ . . . ကူညီမယ်သူငယ်ချင်း၊ ကူညီမယ်ကွာ။ ပြော . . . ဘာကူညီရမလဲ"

ဖော်ထက်မှာ ချက်ချင်းပင် တက်ကြွသွားကာ လျှာခလုတ်တိုက်မတတ်ပြောသည်။

"ဒါပေမယ့် အခုတော့မဟုတ်ပါဘူး။ လိုတဲ့အချိန်ကျမှပြောမယ်။ အဲဒီတော့မှ မကူညီဘူးဆိုလို့ကတော့ မင်းတင်ပါးမှာဘာတွေရှိ . . ."

ဉာဏ်ထူးစကားပင်မဆုံးလိုက်။ ဖော်ထက်လက်အုပ်ကောက်ချီကာ . . .

"ဘာ . . . ဘာဖြစ်ဖြစ် ကူညီပါ့မယ်ကွာ။ တော် . . . တော်ပါတော့"

ဉာဏ်ထူးကျေနပ်သွားပေပြီ။ ဒီအနေအထားလောက်ဆိုရင်ရပြီ။ ပြီးနောက် . . .

"အေး . . . အဲဒါဆိုပြီးရော . . . ငါသွားတော့မယ်။ မင်းစကားနဲ့မင်းနော်"

"အေးပါ သူငယ်ချင်းရာ . . . ကျေးဇူးတင်ပါတယ်"

ထို့နောက်တွင်တော့ ဉာဏ်ထူးတစ်ယောက်မှာ ဝံ့ကြွားသောခြေလှမ်းဖြင့် သူ့နေရာသူ ပြန်ခဲ့ပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

## (၉)

"ကံထူး . . . ညနေကျရင်အားလား"

"အားမယ်မထင်ဘူးဟာ။ ညနေကျရင် ငါ့ဘုရားမှာ အမိန့်ခံ ဝင်စရာရှိတယ်"

"ဉာဏ်ထူး . . . နင်ရော . . ."

"မအားဘူး"

သူတို့နှစ်ယောက်၏ အဖြေကြောင့် ဝသန်က နှုတ်ခမ်းကိုမဲ့သည်။

"နင်တို့နှစ်ယောက်မအားမှတော့ ဖွဲထူးကိုမေးစရာမလိုတော့ဘူး"

ဖွဲထူးကလည်း ခပ်တည်ဖြင့်ပင် ခေါင်းကိုညိတ်သည်။ ပြီးတော့ . . .

"နင်က ဘာလုပ်မလို့လဲ"



"ငါတို့နှစ်လမ်းကျော်မှာ နတ်ဝင်တဲ့အိမ်တစ်အိမ်ရှိတယ်ဟ။ နတ်ဝင်ပြီး ဗေဒင်တွေဘာတွေလည်းဟောတယ်။ အဲဒါ ညနေကျရင် ငါ သွားမေးချင်လို့။ ဒါပေမယ့် နင်တို့သုံးယောက်လုံးမအားဘူးဆိုတော့ ငါတစ်ယောက်တည်းပဲ သွားရမှာပေါ့"

ဝသန့်စကားဆုံးတော့ သုံးယောက်စလုံးကန့်ကွက်ကြသည်။

"ဟာ . . . ဝသန်ရာ၊ မဟုတ်တာတွေ လျှောက်မလုပ်စမ်းပါနဲ့"

"အေးလေဟာ . . . အဓိပ္ပာယ်မရှိ . . ."

ဗေဒင်ကိုတော့ သူတို့ယောကျ်ားလေးသုံးယောက်စလုံးမယုံပါ။ ယုတ်စွအဆုံး ကံ၊ ကံ၏အကျိုးကို ယုံကြည်သောကံထူးပင်မယုံ။

"နင်က ဘာအကြောင်းသွားမေးမလို့လဲ"

"စာမေးပွဲအကြောင်းသွားမေးမှာပေါ့။ ငါဂုဏ်ထူးဘယ်နှစ်ခု ထွက်မလဲ။ နင်တို့သုံးယောက်ရော စာမေးပွဲအောင်မလား။ ရိုးရိုးအောင် မလား . . . ဂုဏ်ထူးနဲ့လား . . . အဲဒါတွေသွားမေးမှာပေါ့"

"ဟာ . . . မဆိုင်လိုက်တာဝသန်ရာ။ ကိုယ်ကြိုးစားမှကိုယ်ရမယ့်ဥစ္စာ။ နင်ဗေဒင်သွားမေးတော့ ဘာလုပ်မှာလဲ"

"အေးလေဟာ . . . နင့်ဘာသာမေးချင်မေး။ ငါတို့အကြောင်း တော့မမေးနဲ့။ ငါတို့ လုံးဝအယုံအကြည်မရှိဘူး"

ခါးခါးသီးသီးငြင်းနေသော သူတို့သုံးယောက်ကိုကြည့်၍ ဝသန် နှုတ်ခမ်းရှုသွားသည်။ နောက် ရန်တွေ့သလိုခါးထောက်ပြီး . . .

"အေးပါ . . . မယုံလည်းနေ။ နင်တို့ကိုလည်း ဘယ်သူမှ မခေါ်ပါဘူး။ ငါ့ဘာသာငါတစ်ယောက်တည်းသွားမယ်"

ထိုသို့ပြောရင်း ဝသန်မှာ ဆောင့်ကြီးအောင့်ကြီး ထွက်သွားပါတော့သည်။ ကျန်ရစ်ခဲ့သော သူတို့သုံးယောက်မှာတော့ စိတ်ညစ်ပြီး ထွက်သွားသော ဝသန့်ကျောပြင်ကိုငေးကြည့်နေရင်းဖြင့် . . .

"အင်း . . . ဒီကောင်တွေကို အသိမပေးဘဲ။ ညနေကျ ဝသန်



www.burmeseclassic.com

www.burmeseclassic.com

သွားမယ့်ဆီကိုလိုက်ပို့ရမယ်။ အခြေအနေကောင်းရင် တစ်ခါတည်းဖွင့်ပြောမယ်ကွာ”

ဒါသုံးယောက်စလုံးစိတ်ထဲမှ ကိုယ်စီကိုယ်စီတွေးနေခြင်းပါ။ ဒီလိုနှင့် . . .

ညနေရောက်တော့ . . .

• • •

“ဟေ့ကောင် . . . မင်းဘာလာလုပ်တာလဲ”

“အောင်မာ . . . မင်းကရော အဓိဋ္ဌာန်ဝင်စရာရှိတယ်ဆို”

ကံထူးနှင့်ညဏ်ထူးနှစ်ယောက် ဝသန်တို့လမ်းထိပ်မှာ မျက်နှာချင်းဆိုင်တွေ့ကြခြင်းပါ။

နှစ်ယောက်စလုံး တစ်ယောက်ကိုတစ်ယောက် ‘ငါသိတယ်နော်’ ဟူသောမျက်ဝန်းတွေဖြင့် ကြည့်နေကြရင်းမှ . . .

“အဓိဋ္ဌာန်ဝင်ပြီးသွားပြီကွ။ ပြီးလို့ဒီဘက်ထွက်လာတာ။ မင်းကရော . . .”

“ငါလည်းကိစ္စရှိလို့”

နှစ်ယောက်စလုံး ခပ်တည်တည်ဖြင့် ဖောနေကြခြင်းဆိုတာ ကိုယ်စီကိုယ်စီသိနေကြသည်။ ဒါပေမယ့် မသိချင်ယောင်ဆောင်၍ လျှောက်လာကြရင်းမှ ဝသန်တို့ခြံရှေ့အရောက် သူတို့နှစ်ဦးမျက်လုံးပြူးသွားရပါသည်။

အကြောင်းကား . . .

ခြံထဲမှထွက်လာသော ဖွဲထူးနှင့်ဝသန်။

“ဟာ . . . ဟေ့ကောင်တွေ . . . မင်း . . . မင်းတို့ . . .”

“ဟယ် . . . ကံထူးနဲ့ညဏ်ထူး”

ဝသန်မှာ သူတို့နှစ်ယောက်ကိုတွေ့၍ အံ့သြပျော်ရွှင်သွား



သလောက် ဖွဲထူးမှာတော့ (၇)ရက်ထားသောမသာအလောင်းလို ပုပ်သိုးသွားသည်။ သွားပြီ။ သူ့အစီအစဉ်ပျက်ပြီ။

ဖွဲထူးတစ်ယောက်ကတော့ သူတို့ကိုစိတ်ထဲမှကြိတ်ကျိန်ဆဲနေမှာသေချာသည်။

ကံထူးနှင့်ညဏ်ထူး နှစ်ဦး၏စိတ်ထဲမှာကား . . .

“ဟုတ်သားပဲ . . . ဒီကောင့်ရဲ့ဝီရိယကိုမေ့သွားတယ်။ တော်သေးတာပေါ့ အချိန်မီရောက်လာလို့”

ဒီလိုနှင့်ပဲ သူတို့သုံးယောက်မှာ ဝသန်ဦးဆောင်သည့် နတ်ဝင်အိမ်သို့လိုက်ခဲ့ပါတော့သည်။ လမ်းတွင် သုံးယောက်စလုံးစကားမပြောဖြစ်ကြပါ။ ဒါပေမယ့် သုံးဦးစလုံး၏စိတ်ထဲတွင်တော့ ကြိတ်မနိုင်ခဲမရတွေဖြစ်ကုန်သည်။ နောက်ပြီး ရယ်ချင်သလိုလည်းဖြစ်လာရပါ၏။ ဟုတ်သည်။ သူတို့သုံးယောက်အဖြစ်က ရယ်စရာကောင်းနေသည်မဟုတ်ပါလား။

ဒီလိုဖြစ်တတ်သောကိစ္စသည် သူတို့သုံးယောက်စလုံးအတွက် မဆန်းတော့ပါ။ ဘယ်သူမှမသိအောင်ကြိတ်လုပ်သည့်ကိစ္စဆိုလျှင် တိုက်ဆိုင်နေတတ်သည်ကသဘာဝ။ တစ်ခါလည်းမဟုတ်၊ နှစ်ခါလည်းမဟုတ်။

စိတ်ချင်းများဆက်နေသည်လားတော့ မပြောတတ်။

ဒါပေမယ့် ရယ်ဖို့တော့ကောင်းပါသည်။

“အဟီး . . . ဟီး . . .”

ညဏ်ထူးက စ,ရယ်သည်။

ညဏ်ထူးရယ်သံကြောင့် ပထမတော့ ဟိုနှစ်ယောက်ကြောင်သွားသည်။ နောက်မှ ဘာကိုဆိုလိုမှန်းသဘောပေါက်ကာ နှစ်ယောက်သားလိုက်ရယ်ပါ၏။

“အဟီး . . . ဟီး . . . ခွီး . . . ဟား ဟား ဟား”

အကြောင်းမရှိ ပြိုင်တူရယ်နေကြသော သူတို့သုံးယောက်ကို



www.burmeseclassic.com

www.burmeseclassic.com

တော့ ရှေ့မှာသွားနေသည့်ဝသန် နားလည်မည်မထင်ပါ။

ထိုသို့နားမလည်ခြင်းသည်ပင် သူတို့သုံးယောက်စလုံးအတွက် ကောင်းနေပါ၏။

ဗေဒင်မေးပြီးပြန်လာကြတော့ အပြန်လမ်းတွင် ဝသန်က ညဏ်ထူးကိုမေးသည်။

"ညဏ်ထူး . . . ဒီနှစ်ယောက်ကတော့ သက်သတ်လွတ်စား အစိမ်းဝတ်တဲ့လူနဲ့ . . . အပြင်မထွက်နိုင်အောင် စာကျက်နေတဲ့သူနဲ့။ စာမေးပွဲအတွက် အဆင်သင့်ဖြစ်နေပြီ။ နင်ကရော . . ."

ညဏ်ထူး ရှေ့၌ရှိသောခဲတစ်လုံးကို ကန်ထုတ်လိုက်ရင်းမှ . .

"ငါလည်း မနက်ဖြန်ဆို အဆင်သင့်ဖြစ်ပါပြီဟာ"



(h)

"သူငယ်ချင်း . . . နေကောင်းလား . . . ဟဲ ဟဲ"

အပိုးမကျိုးစွာ ရယ်ကျဲကျဲဖြင့်မေးသောညဏ်ထူးကို ဝင်းပပထွန်း မျက်စောင်းထိုးလိုက်ရင်း . . .

"နင်မျက်စိမမြင်ဘူးလား"

"မြင်ပါတယ်။ ဒါပေမယ့် စာမေးပွဲနီးနေပြီဆိုတော့ မျှားနေမှာစိုးလို့ပါဟာ"

ဝင်းပပထွန်းမဲ့သွားကာ . . .

"အပိုတွေလျှောက်ပြောမနေနဲ့ညဏ်ထူး။ နင်ဘာမှည့်ရှယ်ချက်နဲ့ငါ့ဆီလာတယ်ဆိုတာငါသိတယ်။ ပြော . . . ငါဘာလုပ်ရမှာလဲ"

www.burmeseclassic.com

သဘောပေါက်လွယ်သော ဝင်းပပထွန်းကြောင့် ဉာဏ်ထူးနှိဒါန်း ပျိုးရသက်သာသွားသည်။ ထို့ကြောင့် . . .

"ဘာမှမလုပ်ရပါဘူး သူငယ်ချင်းရယ်။ ငါ့ကို အကူအညီနည်းနည်းလေးပေးရုံပါပဲ"

သူ့စကားကြောင့် ဝင်းပပထွန်း မျက်မှောင်ကြုတ်သည်။

"အကူအညီ . . . ဘာကူညီရမှာလဲ"

"ဟို . . . ဟိုလေ . . . ဟို . . . "

ဉာဏ်ထူး ခေါင်းကုတ်ဖင်ကုတ်လုပ်ကာ ပတ်ဝန်းကျင်ကိုတစ်ချက်ကြည့်သည်။ ပြီးနောက် ဝင်းပပထွန်းနားသို့တိုးကပ်၍ တိုးညှင်းသောလေသံဖြင့် . . .

"ငါ့ . . . ငါ့ကို စာမေးပွဲခန်းထဲမှာ စာနည်းနည်းပြပါဟာ"

သူမ မအံ့သြပါ။ 'ထင်သားပဲ'ဟူသောပုံစံဖြင့် သူ့ကိုကြည့်သည်။

"လုပ် . . . လုပ်ပါသူငယ်ချင်းရယ်နော်။ နင်မှမကယ်ရင် ငါ စာမေးပွဲကျဖို့ သေချာနေလို့ပါဟာ။ ငါအများကြီးလည်း မတောင်းဆိုပါဘူး။ အမှတ် (၂၀)ဖိုးလောက်ပဲပြရင် ကျေနပ်ပါပြီ။ နောက်ပြီး နင့်ဂုဏ်ထူးမှတ်တွေကိုလည်း ငါလုမယူပါဘူး . . . ကူညီပါဟာ . . . အမှတ် (၂၀)ဖိုးတည်းပါ"

ဉာဏ်ထူးပုံစံက မသိရင် ဂုဏ်ထူးမှတ်ပေးချင်သွားရလောက်အောင်ညင်သာသည်။ ဒါပေမယ့် ဝင်းပပထွန်းက အင်တင်တင်ဖြင့် မသိသလိုလုပ်နေရာ . . .

"နင်နဲ့ငါနဲ့က သူငယ်တန်းကတည်းက အတူတူတစ်ကျောင်းတည်းတက်လာခဲ့ကြတာပါ။ နောက်ပြီး နင့်မိဘ၊ ငါ့မိဘဆိုတာကလည်း ဆွေမျိုးလိုခင်နေကြတာ။ နင့်ဦးလေးနဲ့ငါ့ဦးလေးဆိုတာကလည်း စီးပွားဖက်။ နင့်အစ်ကို၊ ငါ့အစ်ကိုလက်ထက်တုန်းကလည်း . . . "

"ကဲ . . . တော်ပါတော့ဉာဏ်ထူးရယ် . . . ပြဆိုပြပါမယ်။ တကယ်တည်း လေရှည်လိုက်တာ"

မှိုရတဲ့မျက်နှာလို ဉာဏ်ထူးဖွေးဖွေးဖြူသွားလေသည်။

"နင် . . . နင် တကယ်ပြောတာနော်"

"အေး"

"ဝမ်းသာလိုက်တာဟာ . . . ဒါဆိုဒီလိုလုပ်။ စာမေးပွဲဖြေချိန်ကနေပြီးတော့ တစ်နာရီခွဲအတွင်း ရှေ့ပိုင်းမေးခွန်းတွေထဲက အမှတ် (၂၀) ဖိုးပြ။ ငါလောဘမကြီးဘူး။ အမှတ် (၂၀)ဖိုးရရင် ကျန်တာတွေငါ့ဦးနှောက်နဲ့ငါ ကြိုးစားပြီးဖြေမယ် . . . နော်"

ဝင်းပပထွန်း ခေါင်းညိတ်ပါသည်။

"ကျေးဇူးအများကြီးတင်တယ်ဟာ။ ငါ့ကိုကူညီတဲ့အတွက် နင်ဂုဏ်ထူးတွေအများကြီးထွက်မှာပါ"

ဉာဏ်ထူးရင်ထဲမှ အလုံးကြီးတစ်ဝက်ပြုကျသွားပါသည်။ နောက်တစ်ဝက်ကျန်သေးသည်။ အဲဒါက ဇော်ထက်။

"ဒါဆို ငါသွားမယ်သူငယ်ချင်း။ ကိုးရက်မှာခြောက်ရက်နှုတ်ပြီး ကျန်သုံးရက်ကတော့ . . . "

"ဘာ . . . "

သူ့စကားကြောင့် ဝင်းဝင်းထွန်းက 'ဘာ'ဆို၍ မော့ကြည့်သည်။

"ဟဲ . . . ဟဲ . . . တစ်မျိုးမထင်ပါနဲ့ဟာ။ လျှော့လိုက်တော့မယ်လို့ . . . "

စပ်ဖြီးဖြီးပြောလိုက်သောသူ့စကားကြောင့် သူမ ရယ်ချင်ပက်ကျိမျက်နှာပေးဖြင့် မျက်စောင်းထိုးရင်း . . .

"ကောင်စုတ် . . . တတ်လည်းတတ်နိုင်တယ်"

• • •

"သူငယ်ချင်း ဇော်ထက်"

"ဟေ"



www.burmeseclassic.com

www.burmeseclassic.com

စာငုံ့ရေးနေသောဖော်ထက်မှာ ခေါင်းကြောင့်ပြန်ထူးရင်း မော့ကြည့်ရာ သူ့ကိုမြင်သွားချိန်တွင် ဖွေးနေသောမျက်နှာက ယုတ်ချည်း ပုစွန်ဆီရောင်သမ်းသွားသည်။

ရှက်သွေးဖျန်းသွားခြင်းတော့ ဟုတ်ဟန်မတူ။ ဒါပေမယ့် ရှက်သွားသည်မှာ သေချာပါသည်။

"အေးဆေးပဲမလား"

"အေး . . . အေးဆေးပါတယ်"

သူ့ကို မော့မကြည့်ပါ။ အရင်ကတည်းက အရှက်အကြောက်ကြီးသူ ဖြစ်သည့်အတွက် မျက်နှာချင်းမဆိုင်ရဲခြင်းဖြစ်ရပေမည်။

"မကြောက်ပါနဲ့ကွ၊ မင်းကိစ္စကို ငါဘယ်သူ့မှ မပြောပါဘူး"

ဖော်ထက် မဝံ့မရဲမော့ကြည့်သည်။ ပြီး . . .

"ကျေးဇူးတင်ပါတယ်ကွာ"

"အေးပါကွာ . . . ရပါတယ်။ ဒါပေမယ့် မင်းငါ့ကိုတစ်ခုကူညီရမယ်။ ငါနှုတ်လုံလုံနဲ့ စောင့်ထိန်းပေးရတဲ့အတွက်"

ဖော်ထက်ပြန်မဖြေပါ။ ဒါပေမယ့် ဒီလိုအချိန်မှာ သူဘာလုပ်လုပ်ဖြစ်သည်ကို ဉာဏ်ထူးနားလည်သည်။ ထို့ကြောင့် . . .

"မင်းနဲ့ငါနဲ့က စာမေးပွဲမှာ ခုံချင်းရှေ့ဆင့်နောက်ဆင့်ဆိုတော့ မင်းငါ့ကို စာနည်းနည်းတော့ပြကွာ။ ဒါမှ ငါနှုတ်လုံရကျိုးနပ်မှာ"

ဖော်ထက်က သူ့စကားကို သေချာငုံ့လင့်နေသည်။

"ဒီလိုလုပ်ကွာ . . . ငါမတရားမလုပ်ဘူး။ မင်းငါ့ကို နောက်ပိုင်းမေးခွန်းထဲက အမှတ် (၂၀)ဖိုးပဲပြ။ ရှေ့ပိုင်းမေးခွန်းကို ငါ့ဘာသာငါဖြေမယ် . . . ဟုတ်လား"

သိပ်မပြောလိုက်ရပါ။ ယောကျ်ားလေးချင်းမို့လို့လား၊ ဒါမှမဟုတ် ဉာဏ်ထူးကိုင်ထားသောနိုင်ကွက်ကြောင့်လားမသိ၊ ခဏချင်းမှာပင် အဆင်ပြေသွားပါသည်။

"ကျေးဇူးတင်တယ် သူငယ်ချင်း . . . မင်းကျေးဇူး တစ်သက်



မမေ့ပါဘူးကွာ။ စာမေးပွဲဖြေချိန် တစ်နာရီခွဲနောက်ပိုင်း ငါမင်းဆီကအဖြေကို မျှော်လင့်နေမယ်နော်"

ဤမျှသာ . . .

ဉာဏ်ထူး ရင်ထဲမှအလုံးကြီးမှာ လုံးလုံးလျားလျား ပြုတ်ကျသွားပါတော့သည်။ ထို့နောက် ဉာဏ်ထူးတစ်ကိုယ်တည်း ဟစ်ကြွေးမိသည်ကား . . .

"လောကမှာ ဉာဏ်ရှိရင် ဘာမဆိုဖြစ်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com

(i)

ဒီလိုနှင့် တက္ကသိုလ်ဝင်တန်း စာမေးပွဲကြီး ဖြေဆိုကြပါတော့သည်။

သက်သတ်လွတ်စား၊ ဥပုသ်စောင့်၊ အဓိဋ္ဌာန်ဝင်၊ ပုတီးစိပ်၊ ဘုရားရှိခိုး၍ ကံကိုခေါင်းပေါ်တင်ထားသောကံထူးမှာ တောက်လျှောက် အခြေအနေကောင်းလာခဲ့သည်။

သူရွေးကျက်ထားသောစာတွေတိုးသည်။ သူထင်ထားသော အပုဒ်တွေပါလာသည်။

ဒါ ကံတရားကသူ့ကို ဖေးမနေခြင်း။



**ဉာဏ်ထူး**

ဉာဏ်ထူးသည်လည်း လှည့်ကြည့်နေစရာမလိုအောင် အဆင်ပြေလာသည်။ ပထမအချိန်တစ်နာရီခွဲအတွင်းမှာ ဝင်းပပထွန်းဆီမှ အမှတ် (၂၀)ဖိုးယူသည်။ ပြီးတော့ ဇော်ထက်အလှည့်မရောက်ခင် သူကျက်ထားတာတွေကိုဖြေသည်။ တစ်နာရီခွဲပြီးတော့ ဇော်ထက်ဆီမှာ အမှတ် (၂၀) ဖိုးထပ်ယူသည်။ အချိန်ပိုနေသေးလျှင် အလကားမနေ။ နည်းမျိုးစုံမှ အောင်မှတ်ရအောင်ကြိုးစားသည်။ ထို့ကြောင့် သူ့ကိုယ်သူသိသည်။

ရိုက်ချလျှင်တောင် သူဒီစာမေးပွဲကို ကျမှာမဟုတ်။

ဒါ သူအရမ်းအားကိုးလွန်းသည့် ဉာဏ်၏အကျိုးကျေးဇူးကို ခံစားရခြင်း။

**ဇွဲထူး**

သူကတော့ ပြောစရာမလိုပါ။ လောကကြီးက အမှန်တကယ်ပင် သူ့အတွက်နေရာတစ်နေရာ ချန်ထားပေးထားပါသည်။ ဉာဏ်သိပ်မထက်လှသော်လည်း ဝီရိယ၏အကျိုးကြောင့် သူဂုဏ်ထူးပင်မှန်းထားခဲ့သည်။

ဒါက ဝီရိယရှိခြင်း၏အကျိုး။

**မေဝသန်**

သူမကတော့ (၆)ဘာသာစလုံးကို အမှားအယွင်းမရှိဖြေနိုင်သည်။ သူမအရမ်းတက်ချင်သော ဆေးတက္ကသိုလ်သို့လည်း ရောက်ရမည်ဟုယုံကြည်နေသည်။ သူမကတော့ ကံတစ်ခုတည်းကိုလည်းမယုံပါ။ ဉာဏ်တစ်ခုတည်းကိုလည်း အားမကိုးပါ။ ဝီရိယကိုလည်း လိုသည်ထက်မပိုပါ။

သူမလက်ခံထားသည်က . . .

ကံ + ဉာဏ် + ဝီရိယ = အောင်မြင်မှု



www.burmeseclassic.com

www.burmeseclassic.com

ဒီလိုနှင့်ပင် . . .

(            )

"နင်တို့ဘယ်လိုလဲ . . . ဖြေနိုင်ကြလား"

မေဝသန်၏အမေးကို စာမေးပွဲခန်းထဲမှ အပြုံးကိုယ်စီဖြင့်ထွက်လာကြသောသူတို့သုံးယောက်က ဝိုင်းကြွားစွာခေါင်းညိတ်ပြလိုက်ကြသည်။

"ဟာ . . . ပျော်စရာကြီး . . . ဒါဆို ငါတို့လေးယောက်စလုံး တက္ကသိုလ်ရောက်ကြမှာပေါ့"

လေးယောက်စလုံးရင်ထဲ၌ အပြုံးတွေဝေနေကြပါသည်။ သူတို့လေးယောက်ပင်မဟုတ်၊ ဆယ့်တစ်နှစ်လုံးလုံးဝတ်လာသော အဖြူအစိမ်းဝတ်စုံသည် ဒီနေ့နောက်ဆုံးပါလားဟူသောအသိဖြင့် အားလုံးပျော်ရွှင်နေပါ၏။

"လာဟာ . . . ငါတို့ပြောထားတဲ့အတိုင်း ရုပ်ရှင်သွားကြည့်ရအောင်"

ဝသန့်စကားက တက်ကြွနေသော သူတို့စိတ်တွေကို ဦးတည်ချက်ပေးလိုက်၏။

"အေး . . . သွားမယ်"

ဒီလိုနှင့် သူတို့လေးယောက် ရုပ်ရှင်ရုံသို့ ဦးတည်လိုက်ကြတော့သည်။ ရုပ်ရှင်ရုံရောက်တော့ဓာတ်ကားက စပြနေပါပြီ။ ထိုစဉ်မှာပင် ကံထူးက လေးယောက်စာလက်မှတ်သွားဝယ်၍ အကြံဖန်လုပ်တော့သည်။

အဘယ်ကြောင့်ဆိုသော် သူဝသန်နှင့်အတူထိုင်ချင်သည်မဟုတ်ပါလား။

တစ်ယောက်တစ်စောင်စီ လက်မှတ်ပေးနေရာမှ ကံထူးက . .

"ကိုယ်ရတဲ့ခုံမှာပဲ ကိုယ်ထိုင်ရမှာနော်"

ဒီလောက်နဲ့ပင် ဉာဏ်ထူးနပ်သွားခဲ့ပါသည်။ သူကဦးနောက်ကိုအမြဲသုံးနေသူပင်လေ။

ရုံထဲရောက်တော့ ဓာတ်မီးရောင်မှိန်မှိန်ဖြင့် နေရာပြသောဝန်ထမ်း



နောက်မှလိုက်သွားကြရင်း ဉာဏ်ထူးထင်သည့်အတိုင်းပင် ဖြစ်သွားခဲ့သည်။ ဝသန်က ဓာတ်မီးထိုးပြရာ ခုံနံပါတ်ဆီသို့ အရင်ဝင်သွားပါ၏။ ဝသန့်ဘေးကပ်လျက်က ကံထူးခုံနံပါတ်၊ ကံထူးဘေးမှာမှသူ၊ သူ့ဘေးက ဖွဲ့ထူး။

"ဟောကောင် မင်းကိုဟိုမှာခေါ်နေတယ်"

"ဟင်"

ကံထူးက ကြောင်တောင်တောင်ဖြင့် သူလက်ညှိုးထိုးပြရာဆီသို့ကြည့်သည်။ ဟုတ်သည်။ မှောင်ကြီးထဲမှ တစ်စုံတစ်ဦးက သူ့ကိုလက်ယပ်ခေါ်နေပါ၏။ ကံထူးအံ့သြသွားသည်။

"မင်းအသိလားမသိဘူး . . . သွားလိုက်ဦး"

ဉာဏ်ထူးစကားဆုံးတော့ သတိလက်လွတ်ထွက်သွားလိုက်မိပါသည်။ ထိုစဉ်မှာပင် ကံထူး၏ခုံနံပါတ်သို့ ဉာဏ်ထူးဝင်သွားလိုက်တော့သည်။ ဉာဏ်ထူးနောက်မှ ဖွဲ့ထူးကဆက်ဝင်သည်။

ချက်ချင်းပင် ကံထူးပြန်ရောက်လာကာ ရှုံ့ရှုံ့ရှုံ့ရှုံ့ဖြင့် . . .

"ငါ့ကိုခေါ်တာမဟုတ်ဘူးကွ။ ထိုင်ခုံပြတဲ့ဝန်ထမ်းကိုခေါ်တာ။ ဟောကောင် . . . ဉာဏ်ထူး . . . ဖယ် . . . အဲဒါငါ့နေရာ"

ဉာဏ်ထူးရယ်ချင်သွားသည်။ သို့သော် အသံကိုတမင်ငြိမ်အောင်ထိန်း၍ . . .

"ဘာလဲကွ . . . မင်းပဲ ကိုယ်ရတဲ့ခုံ ကိုယ်ထိုင်ဆို"

"အေးလေ . . . အဲဒါ မင်းရတဲ့ခုံမှမဟုတ်တာ။ မင်းခုံနံပါတ်က ဖွဲ့ထူးနေရာမှာ"

"ဟ . . . ဒါ ငါရလို့ငါထိုင်နေတာလေ။ ဘာလဲကွ . . . မင်းခုနပြောတဲ့ထဲမှာ လက်မှတ်ဆိုတဲ့စကားပါလို့လား"

"ဘာ . . . "

ကံထူး ဒေါ်ခွီးသွားလေသည်။ နောက်ဆုံး မရသည့်အဆုံး ထိုဘေးခုံမှာပင် ဆောင့်ကြီးအောင့်ကြီး ဝင်ထိုင်ရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

ရုပ်ရှင်မှာ ဟာသကားဖြစ်သည့်အတွက် ရယ်ရပါသည်။ ထို့ကြောင့် အဆင်မပြေမှုများ ခဏချင်းပင် ပျောက်သွားလေသည်။

ဝသန်နှင့်အနီးကပ်ထိုင်ရသည့် ညဏ်ထူးတစ်ယောက်မှာတော့ မှောင်မှောင်မည်းမည်းထဲ ရင်ခုန်နေသည်ပေါ့။

ဒီလိုနှင့်ပဲ ရုပ်ရှင်ပြီးသွားတော့ ဝသန်က အမှတ်တရဓာတ်ပုံရိုက်ဖို့ပြောသည်။ သူတို့လေးယောက်စလုံး တက်ညီလက်ညီပင် ရုပ်ရှင်ရုံအနီးမှဓာတ်ပုံဆိုင်တစ်ဆိုင်တွင် ဝင်ရိုက်လိုက်ကြပါ၏။

Studio ခန်းထဲရောက်တော့ ဝသန်က နေရာလုမည့်အရေးကို ကြိုတွေးကာ ခုံတစ်ခုံတောင်း၍ထိုင်သည်။ သူတို့လေးယောက်ကတော့ ဝသန့်နောက်မှာတန်းစီရပ်လိုက်ကြပါ၏။ ပြီးတော့ . . .

"အိုကေ . . . ရယ်ဒီ . . . ဝမ်း . . . တူး . . . သရီး . . . ရိုက်ပြီ"

"ကလစ်"



(၂)

ဓာတ်ပုံကိုရင်ဘတ်ပေါ်တင်ရင်း အတိတ်ဆီသို့အလည်သွားနေရာမှ ကံထူးတစ်ယောက် ထထိုင်လိုက်သည်။

နောက် ဓာတ်ပုံကိုစားပွဲပေါ်ပြန်တင်ကာ နာရီကိုကြည့်မိတော့ (၁၂)နာရီထိုးလေပြီ။ မဆီမဆိုင် ထူးထူးခြားခြား ညဏ်ထူးတစ်ယောက်ကို သတိရမိပါ၏။

"ဩော် . . . ညဏ်ထူး၊ ညဏ်ထူး . . . တော်တော်ညဏ်များတဲ့ကောင်။ အေးလေ . . . ငါဒီဘဝရောက်လာတာလည်း ဒီကောင့်ကျေးဇူးတွေ အများကြီးပါတယ်"

ထိုသို့ ပါးစပ်မှခပ်တိုးတိုးပြောရင်းဖြင့် တစ်ချက်သန်းဝေကာ ရေတစ်ခွက်ငှဲ့သောက်သည်။ ပြီးတော့ . . .

မကြာလိုက်ပါ။ ကံထူးအခန်းသည် မှောက်ခနဲမီးပိတ်သံနှင့်အတူ အမှောင်အတိကျသွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

ယခုတော့ ကံကိုဦးထိပ်ထားယုံကြည်ကိုးစားလွန်းသော ကံထူး တစ်ယောက်မှာ နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျသွားခဲ့ပါပြီ။

သူအတိတ်က ကံတစ်ခုတည်းကိုသာ ယုံကြည်ခဲ့သည်။

ယခုအချိန်မှာရော အသို့နည်း?

အနာဂတ်တွင်ရော ဆက်လက်ယုံကြည်နေမည်လား?



## II

ကံမရှိ ဉာဏ်ရှိတိုင်းမွဲ

ဉာဏ်သာရှိနေပါစေ မွဲလောက်အောင်ဖြစ်အုံ့မထင်

ထိုသို့သောစာတန်း၏အောက်တည့်တည့်တွင် လူတစ်ယောက်ထိုင်ကာ စာရင်းဇယားတွေလုပ်နေသည်။ ထိုသို့လုပ်နေရင်းမှ တစ်ချိန်တွင် သူ့ရှေ့စားပွဲတင်နာရီက (၁၂)ချက်မြည်ကာသွားပါ၏။

ဉာဏ်ထူး စာရင်းလုပ်နေရာမှာ နာရီကိုတစ်ချက်ကြည့်လိုက်သည်။ ပြီး အလုပ်တွေကိုလက်စသတ်လိုက်ရင်း . . .

"၁၂ နာရီတောင်ထိုးပြီပဲ . . . နားတော့မှ။ မနက်ဖြန်ကုမ္ပဏီဖွင့်ပွဲရှိသေးတယ်"

ထိုသို့ပြော၍ စားပွဲပေါ်မှ စာရွက်စာတမ်းတွေကို အစီအရီထပ်တင်လိုက်သည်။ ပြီးနောက် ဖွင့်ထားသောပြတင်းပေါက်ဆီသို့သွား၍ ပြင်ပလေကို တဝကြီးရှူသွင်းလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ညလယ်ခင်းလေရန့်က သင်းသင်းလေးမွှေးနေပါ၏။ အပြင်ခြံဝန်းမီးသီးတွေပေါ်ဝဲပျံနေကြသော ညပိုးကောင်လေးတွေက တစိမ့်စိမ့်အေးသောဆောင်းညကို အံတုလို့နေသည်။ သစ်ရွက်ခတ်ရုံလောက်သာ တိုက်စားနေသောလေက နှင်းရန့်တွေပါနေ၏။

မျက်စိတစ်ဆုံးမည်းနေသော ကောင်းကင်ကြီးကို အဆုံးသတ်ကြည့်လိုက်ပြီးချိန်တွင်တော့ ဉာဏ်ထူးပြတင်းတံခါးကို ပိတ်လိုက်ပါတော့သည်။

ပြီးနောက် စုတင်ဆီသို့ ပုံမှန်လှမ်းနေကျခြေလှမ်းအတိုင်း လှမ်းလာနေရင်းမှ တစ်နေရာအရောက်တွင် သူ့ခြေလှမ်းတို့ ရပ်တန့်သွားပါသည်။ သူရပ်နေရာနေရာက သူ၏ကိုယ်ပိုင်စာအုပ်စင်ရှေ့။

ဉာဏ်ထူး ကြည်နူးသောမျက်ဝန်းစိုလက်လက်တွေနှင့် စာအုပ်စင်ပေါ်သို့ ကြည့်နေမိပါသည်။ စာအုပ်စင်ပေါ်တွင်ကား ဓာတ်ပုံလေးသုံးပုံ။

ထိုသုံးပုံထဲမှ ဒုတိယပုံလေးကို လက်လှမ်းလိုက်သည်။ ဒီပုံသည် သူတို့သူငယ်ချင်းလေးယောက် အင်းယားကန်ပေါင်ပေါ်တွင်ရိုက်ထားသောပုံ။

ဒီဓာတ်ပုံလေးရိုက်တုံးက သူ့ဆီတွင် ယခုလိုအဆောင်အယောင်တွေ မရှိသေးပါ။ ဒါပေမယ့် အနာဂတ်ကိုစိမ်ခေါ်နေသည့် ရဲဝံ့သောစိတ်ဓာတ်တွေရှိသည်။ ရှင်းရှင်းပြောရလျှင် ဒီဓာတ်ပုံလေးသည် သူဒီဘဝရောက်အောင် မြှင့်တင်ပေးသောတွန်းအားတစ်ခု။

ဉာဏ်ထူး ထိုဓာတ်ပုံလေးကိုယူ၍ စုတင်ဆီသို့လှမ်းလာခဲ့သည်။ နောက် စုတင်ပေါ်သို့ပစ်လှဲချလိုက်ရင်း ဓာတ်ပုံလေးအား တရှိုက်မက်မက်ကြည့်ရှုကာ . . .

အတိတ်မှခြေရာများကို သတိတရပြန်လည်လွှင့်မျှောရင်းဖြင့်-



## (၃)

ဒီနေ့သည် ကံထူး၊ ဉာဏ်ထူးနှင့် ဖွဲ့ထူးတို့သုံးယောက်စလုံး တက္ကသိုလ်ကျောင်းသားဖြစ်ပြီး သုံးပတ်မြောက်သောနေ့။ အချိန်အားဖြင့်ဆိုလျှင်တော့ မေဝသန်နှင့်ပတ်သက်၍ သုံးယောက်စလုံးသူ့ထက်ငါသာအောင် အမှတ်ယူနေကြသောအချိန်။

တစ်ယောက်နှင့်တစ်ယောက် မသိမသာချောက်တွန်းတာတွေလည်းရှိသလို သိသိသာသာ အမှတ်ယူတာတွေလည်းရှိသည်။

မေဝသန်တစ်ယောက်သာ . . . ဂုဏ်ထူးငါးဘာသာဖြင့် ဆေးတက္ကသိုလ်ရောက်သွား၍ သူတို့သုံးယောက်ကတော့ ရိုးရိုးသာအောင်ခဲ့သည်။ တက္ကသိုလ်တက်ဖို့ရွေးကြသော်လည်း သုံးယောက်စလုံး စိတ်တူကိုယ်တူပင် အဝေးသင်တက်ဖို့ သဘောတူခဲ့ကြ၏။



www.burmeseclassic.com

www.burmeseclassic.com

Super Market တစ်ခုတွင် စာရင်းစစ်ဝင်လုပ်နေသောကံထူးအတွက် အဝေးသင်တက်မှသာအဆင်ပြေသလို၊ အဖေဖြစ်သူ၏ ကုန်သည်လုပ်ငန်းထဲ ခြေစုံပစ်ဝင်ခဲ့သော ဉာဏ်ထူးအတွက်မှာလည်း Day တက်ဖို့အဆင်မပြေလှ။ ဖွဲ့ထူးကတော့ သူ့မိဘပိုင်စာအုပ်တိုက်တာဝန်ကို ပခုံးလွှဲယူလိုက်ရသည့်အတွက် အဆင်ပြေဆုံးတက္ကသိုလ်က အဝေးသင်။

ဒီတော့ သုံးယောက်စလုံးပင် အဝေးသင်တက်ဖို့ ဆုံးဖြတ်ခဲ့ကြပါသည်။ ယူသည့်မေဂျာကလည်း သုံးယောက်စလုံးပုံစံတူ Physics မေဂျာ။

ကျောင်းတက်တာသုံးပတ်ရှိပြီဆိုတော့ တက္ကသိုလ်၏အဓိပ္ပာယ်ကို သုံးယောက်စလုံး ဖွင့်ဆိုတတ်နေပါပြီ။ ဒီနေ့လည်း . . .

"အန်တီ . . . ဉာဏ်ထူးရော . . . သားတို့ကျောင်းသွားဖို့ လာခေါ်တာ"

"အေး . . . အခန်းထဲမှာရှိတယ်ကွဲ့။ အဝတ်လဲနေလားမသိဘူး။ တက်သွားကြချည်"

အပြုံးဖြင့်ဆိုသော ဉာဏ်ထူးအမေ၏စကားကြောင့် ကံထူးနှင့်ဖွဲ့ထူးတို့ ဉာဏ်ထူးအခန်းရှိရာအပေါ်ထပ်သို့ တက်ခဲ့သည်။ အခန်းဝရောက်တော့ တံခါးဖွင့်ဝင်မည်ပြုစဉ် အခန်းထဲမှကြားလိုက်ရသော အသံတို့ကြောင့် . . .

"ဘာ . . . နင့်ကိုကံထူးနဲ့ဖွဲ့ထူးက ရည်းစားစကားပြောတယ် ဟုတ်လား"

"ဟင်"

တံခါးတွန်းဖွင့်ဆဲဆဲ ကံထူး၏လက်မှာ လေထဲတွင်တန့်သွားပါ၏။ ကံထူးနောက်မှဖွဲ့ထူးသည်လည်း တစ်ချက်တုန်သွားသည်။ မခံချိမခံသာထွက်လာသော ဉာဏ်ထူး၏စကားများအရ . . .

ဝသန်တော့ သူတို့နှစ်ယောက်အကြောင်း ဉာဏ်ထူးအားအသိပေးလိုက်ပြီဆိုတာ တွက်ဆမိသည်။ တိုက်ဆိုင်လွန်းသွားသော အခြေ



အနေတစ်ရပ်ကိုလည်း ကံထူးနှင့်ဖွဲ့ထူး အံ့ဩမိပါ၏။

သူခိုးလူမိသွားသလို သူတို့နှစ်ယောက်မှာ တစ်ယောက်ကိုတစ်ယောက် မကြည့်ရဲတော့။ တစ်ယောက်နှင့်တစ်ယောက် မသိအောင်ခိုးလုပ်သောကိစ္စမှာ အခုတော့ . . .

ဒါပေမယ့် တစ်ခုတော့ထူးဆန်းသလိုရှိသည်။ အဲဒါက အရာရာမှာ လက်သွက်ခြေသွက်ရှိသောဉာဏ်ထူးတစ်ယောက် ယခုလိုနှလုံးသားကိစ္စမှာ သူတို့နှစ်ဦးထက်နောင့်နှေးနေခြင်း။

"ဟာကွာ . . . ဒီကောင်တွေ သူငယ်ချင်းအချင်းချင်း ဒါမျိုး မလုပ်သင့်ဘူး"

အခန်းထဲမှ ဉာဏ်ထူးစကားကြောင့် ကံထူးနှင့်ဖွဲ့ထူးနှစ်ယောက်စလုံးပေါက်လိုက်သည်။ ဉာဏ်ထူးတစ်ယောက် အမှတ်ယူနေပါပြီ။ တစ်ဖက်မှဝသန်ဘာပြောလိုက်သည်မသိ အခန်းထဲမှထွက်လာသော ဉာဏ်ထူးစကားကြောင့် သူတို့စိတ်ဝင်စားသွားရလေသည်။

"ဟာ . . . ဒါ နင်ဆုံးဖြတ်ရမှာလေဟာ။ ငါနဲ့မှမဆိုင်တာ"

" . . . . "

"မဖြစ်ပါဘူးဟာ . . . အကုန်လုံးက သူငယ်ချင်းတွေချည်းပဲ။ ငါ သူတို့ကြားထဲမဝင်ချင်ဘူး"

ဒီလိုဆိုတော့လည်း မဆိုးပါလားဟု အပြင်မှနားထောင်နေသော ကံထူးနှင့်ဖွဲ့ထူးတွေးမိသည်။ သို့သော် နောက်ဆက်တွဲကြားရသည့်စကားတွေကြောင့် . . .

"နင်ဦးနှောက်ခြောက်နေတယ်ဆိုလည်း ငါအကြံတစ်ခုပေးမယ်။ ဒါပေမယ့် ဒီကောင်တွေကို ငါပြောတာလို့တော့ သွားမပြောနဲ့နော်"

ဇာတ်လမ်းစပြီဆိုတာသိလိုက်ပြီ။ ဉာဏ်ထူးဘာချောက်တွန်းဦးမည်မသိ။ ကံထူးနှင့်ဖွဲ့ထူး တစ်ယောက်မျက်နှာတစ်ယောက်ကြည့်မိကြသည်။

"ဒီလိုလုပ် . . . ဒီကောင်နှစ်ကောင် အရည်အချင်းဘယ်လောက်



www.burmeseclassic.com

www.burmeseclassic.com

ရှိလဲသိရအောင် ရည်းစားစကားကို ရိုးရိုးမပြောနိုင်းဘဲ ခပ်ဆန်းဆန်း နည်းလေးနဲ့ ပြောခိုင်းလိုက်"

"....."

"ဒီလိုဟာ . . . ကံထူးက ကံကိုအရမ်းယုံတယ်မလား။ အဲဒီတော့ ကံနဲ့ပတ်သက်ပြီး ကံကိုအခြေခံထားတဲ့ ရည်းစားစကားမျိုးကိုပြောခိုင်း။ အဲဒါဆို ဒီကောင်တိုင်ပတ်ပြီ။ ကံထူးဆိုတဲ့ကောင်က 'ကံကောင်းပါစေ'ဆိုတဲ့စကားကလွဲပြီး ဘာမှပြောတတ်တဲ့ကောင်မဟုတ်ဘူး။ အေး အဲဒီထဲကိုမှ ဒီကောင့်ကို စဉ်းစားချိန်သိပ်မပေးဘဲ အချိန်တစ်ခုလောက် သတ်မှတ်ပေးလိုက်ရင်ပြီးပြီ။ ဇွဲထူးကိုလည်း အဲဒီအတိုင်းပဲလုပ်"

ဉာဏ်ထူး၏စကားတို့ကြောင့် ကံထူး ဖျတ်ခနဲ မခံမရပ်နိုင်ဖြစ်သွားရကာ အံတစ်ချက်ကြိတ်၍ တံခါးကိုဆောင့်တွန်းဖွင့်ရန် ပြင်သည်။ ဒါပေမယ့် နောက်မှ ဇွဲထူးကသိုင်းဖက်ကာ ကံထူးကို ကမန်းကတန်းခေါ်ထုတ်သွားပါ၏။

"အေး . . . အေး . . . ငါအကြံပေးတယ်လို့တော့ မပြောနဲ့နော်"

နောက်မှ ဉာဏ်ထူး၏ အော်ကလီအာချောက်ချသံက ကပ်ပါလာသေးသည်။

ဒါပေမယ့် လောလောဆယ်သူတို့ ရှူးချင်ယောင်ဆောင်၍သာ ထွက်လာခဲ့လိုက်ပါ၏။

အလှည့်ဆိုတာ ထောင့်ချိုးတွေ၊ လမ်းကွေ့တွေ၊ ချိုးကွယ်တွေက နေပြီးရပ်စောင့်နေတာ ပို၍ထိရောက်မှုရှိသည်မဟုတ်ပါလား။

ᨏ ᨏ ᨏ



(b)

ကျောင်းရောက်တော့ လမ်းတွင်တိုင်ပင်လာသည့်အတိုင်း ကံထူးနှင့်ဇွဲထူး ဆရာဦးကိုကိုအောင် လိုက်ရှာတော့သည်။ သိပ်မရှာလိုက်ရပါ။ ကန်တင်းတစ်ခုတွင် ဆရာမဒေါ်ဝေဝေလွင်နှင့်အတူတွေ့ပါ၏။ ဦးကိုကိုအောင်နှင့် ဒေါ်ဝေဝေလွင်မှာ စေ့စပ်ထားသည့် ချစ်သူစုံတွဲတစ်တွဲဖြစ်ကြောင်း တစ်ကျောင်းလုံးသိသည်။

ကံထူးတို့ကံကောင်းသည်လို့ ပြောရပေမည်။ သူတို့လိုချင်သော ပုံစံနှင့် ကွက်တိသွားကျနေပါ၏။

ကံထူးတို့နှစ်ယောက် စားပွဲတွင်ဝင်ထိုင်တော့ အပျိုကြီးလူပျိုကြီးနှစ်ယောက်မှာ ဘာမှန်းညာမှန်းမသိ ရှက်အမ်းအမ်းတွေဖြစ်ကုန်ကြသည်။ သိပ်မကြာခင်မှာပဲ ဒေါ်ဝေဝေလွင်မှာ ထထွက်သွားပါ၏။ ဒီတော့မှ တိုင်ပင်ထားသည့်အတိုင်း ဆင်မယဉ်သာလျှောက်လှမ်းသွားသော ဒေါ်ဝေဝေလွင်၏နောက်ပိုင်းအလှကို အားနာနာဖြင့်ကြည့်ရင်း ဇွဲထူးက . . .

www.burmeseclassic.com

"အင်း . . . ငါ့အမြင်တော့ အပြစ်ပြောစရာ တစ်ကွက်မှမတွေ့ပါဘူး"

"အေး . . . ငါလည်း အမှားအယွင်းမရှိဘူးလို့ထင်တယ်"

ဒေါ်ဝေဝေလွင်၏လမ်းလျှောက်သွားပုံကို သေချာကြည့်ကာပြောနေသည်ကြောင့် ဆရာဦးကိုကိုအောင် မျက်နှာကြီးရဲတွတ်သွားကာ . . .

"ဟေ့ကောင်တွေ မင်းတို့ဘာပြောတာလဲ"

ဒေါသတကြီးမေးသော ဦးကိုကိုအောင်အမေးကို သိပ်အလေးမထားသလို ခေါင်းကိုခါယမ်းရင်း တစ်စုံတစ်ခုကိုတွေးတောသလို လုပ်ကာ . . .

"ဉာဏ်ထူးတော့ တစ်ခုခုလွဲနေပြီ"

ကံထူး၏ ဟန်ပန်နှင့်စကားကြောင့် ဦးကိုကိုအောင်မှာနားလည်ရခက်သွားသည်။ ထိုစဉ်မှာပင် ဖွဲ့ထူးက . . .

"ဆရာမဒေါ်ဝေဝေလွင်က အလှနဲ့ပတ်သက်လို့ ကျောင်းသူတွေနဲ့အပြိုင် သတင်းကြီးနေတယ်ဆိုတာ ဆရာလက်ခံတယ်မလား"

"ဟင် . . . အေး . . . အေး"

ကြောင်တောင်တောင်နှင့် ဦးကိုကိုအောင် ခေါင်းညိတ်သည်။

"ဆရာနဲ့လည်း တော်တော်လိုက်တယ်"

ဒီတစ်ခါတော့ ရှက်ဝဲဝဲနှင့် သွားတက်ကလေးပေါ်အောင်ရယ်သည်။ ပီတိဖြစ်သွားပုံရပါ၏။

"ဒီလောက်လှပြီး ဒီလောက်စတိုင်ကျတဲ့ဆရာမကိုမှဆရာရယ် ဉာဏ်ထူးပြောပုံက မဟုတ်သေးပါဘူး"

"ဟင် . . . ဉာဏ်ထူးက ဘာပြောလို့လဲ"

သူ့ချစ်သူ အပျိုကြီးဆရာမကိုပြော၍ထင်သည်။ ဦးကိုကိုအောင် ချက်ချင်းစိတ်ဝင်စားသွားပါ၏။ ဒါပေမယ့် ဖွဲ့ထူးက စိတ်မပါသလို ခေါင်းကိုတစ်ချက်ယမ်းရင်း . . .

"မပြောချင်ပါဘူးဆရာရယ်၊ ဒီကောင့်စကားက တစ်ဖက်သတ်



ကြီးမို့လို့ပါ"

"ဘာ . . . ဘယ်လိုတစ်ဖက်သတ်ကြီးမို့လို့လဲ . . . ပြောစမ်း"

ဦးကိုကိုအောင် ပိုဆိုးသွားသည်။ အသက်ကြီးကြီး အပျိုကြီး၊ လူပျိုကြီးတို့၏ထုံးစံအတိုင်း ဆတ်ဆတ်ထိမခံဖြစ်သွားကာ ဒေါသအရှိန်တွေပင် အနည်းငယ်ရောလာသလိုရှိပါ၏။

"မပြောချင်ပါဘူးဗျာ"

"ပြော . . . ပြောစမ်းပါကွ . . . ဉာဏ်ထူးက 'ဝေလေး'ကို ဘာပြောလို့လဲ"

'ဝေလေး'ဟူသော အသုံးအနှုန်းကြောင့် ခွီးခနဲ ထွက်မသွားအောင် ရယ်ချင်စိတ်ကို မနည်းဖုံးဖိကာ . . .

"ဆရာသိချင်တယ်ဆိုရင်တော့ ကျွန်တော်တို့ပြောပြပါ့မယ်။ ဒါပေမယ့် ဉာဏ်ထူးကိုတော့ ကျွန်တော်တို့ပြောတယ်ဆိုတဲ့အကြောင်း မပြောပါနဲ့"

"အေးပါ . . . ငါမပြောပါဘူး။ ဉာဏ်ထူးဘာပြောသလဲဆိုတာ သာပြောစမ်းပါ"

အရမ်းအလျင်လိုနေသော ဦးကိုကိုအောင်ကို စိတ်မကောင်းသလို တစ်ချက်ကြည့်၍ ကံထူးက . . .

"ဆရာမဒေါ်ဝေဝေလွင်မှာ အပြစ်ဆိုစရာ တစ်ချက်မှမရှိဘူးဆိုတာ ဆရာလက်ခံတယ်နော်"

"အေး"

"ကျွန်တော်တို့လည်း လက်ခံတယ်။ ဒါပေမယ့် ဉာဏ်ထူးက ဆရာမဒေါ်ဝေဝေလွင်ဟာ လမ်းလျှောက်နည်းမမှန်ဘူးတဲ့ . . . သီအိုရီမှားနေတယ်လို့ပြောတယ်"

"ဘာ"

"ဟုတ်တယ် . . . မိန်းကလေးတွေအသုံးပြုတဲ့လမ်းလျှောက်



www.burmeseclassic.com

www.burmeseclassic.com

နည်းသိအိုရီနဲ့ ကွဲလွဲချက်တွေရှိတယ်လို့ ပြောတယ်။ အဲဒါကို ကျွန်တော်တို့ကလက်မခံတာ။ ဒီလောက်တောင် ဆွဲဆောင်မှုရှိတဲ့ဆရာမကိုဗျာ"

"ဟုတ်ပ . . . ဒီကောင်မို့လို့ ပြောတယ်"

ကံထူးနှင့်ဖွဲ့ထူး အတိုင်အဖောက်ညီနေသည်။ ဆရာဦးကိုကိုအောင်လည်း သူတို့လိုချင်သော ပုံစံအနေအထားသို့ တဖြည်းဖြည်းပြောင်းလာပါ၏။

သက်ရှိတွေအကုန်လုံး အချစ်အတွက်ဆိုလျှင် အဆိပ်ရှိတတ်ကြသည်မဟုတ်ပါလား။

"ဘာလဲကွ . . . မိန်းကလေးတွေရဲ့ လမ်းလျှောက်နည်းသီအိုရီဆိုတာ . . ."

"မသိဘူးဆရာ . . . ကျွန်တော်တို့မေးတော့လည်း မပြောဘူး။ ဒါပေမယ့် ဆရာမဒေါ်ဝေဝေလွင်လမ်းလျှောက်တာ သီအိုရီမှားနေတယ်လို့တော့ ပြောပြောနေတာပဲ"

ကံထူးက အခွင့်သာတုံး ဆက်တိုက်လွှတ်သည်။ ဖွဲ့ထူးကလည်း

"ကျွန်တော်တို့တော့မထင်ပါဘူးဆရာရယ် . . . ဒါပေမယ့် မိန်းကလေးတွေရဲ့ လမ်းလျှောက်နည်းသီအိုရီကိုမသိတော့ မဟုတ်ဘူးလို့လည်း ပြောရခက်တယ်"

ဦးကိုကိုအောင် တွေဝေသွားလေသည်။ ဒီလိုအခွင့်အရေးကို အပြည့်အဝယူ၍ ကံထူးက . . .

"ဆရာ . . . မိန်းကလေးတွေရဲ့လမ်းလျှောက်နည်းသီအိုရီကို သိချင်လား"

ခေါင်းတော့မညိတ်ပါ။ ငူငူကြီးဆယ်နေပုံရသည်။ ဒါပေမယ့် လည်းစိတ်ဝင်တစားသိချင်နေသည့်ဟန်မှာ အထင်းသားပေါ်လွင်နေပါ၏။

"ဒီသီအိုရီကိုသိမှလည်း ဆရာမကို ဉာဏ်ထူးပြောတဲ့စကား မှန်မမှန် ချိန်ထိုးကြည့်လို့ရမှာပေါ့ မဟုတ်ဘူးလား"



ဒီတစ်ခါတော့ ခပ်ရေးရေးလေးခေါင်းညိတ်သည်။ ထိုအခါမှ ဖွဲ့ထူးက . . .

"ဒီတော့ ဒီလိုလုပ်ရအောင်။ မိန်းကလေးတွေရဲ့လမ်းလျှောက်နည်းသီအိုရီကို ဆရာလည်းသိချင်တယ်။ ကျွန်တော်တို့လည်း သိချင်တယ်။ ကျွန်တော်တို့နည်းတူပဲ တစ်ကျောင်းလုံးမှာရှိတဲ့ ကျောင်းသားတွေအားလုံးသိချင်မှာပဲ။ ဘာဖြစ်လို့လဲဆိုတော့ ဒါဘယ်သူမှသေချာမသိသေးတဲ့ သီအိုရီအသစ်ဖြစ်နေတာကိုး။ နောက်ပြီး ဒါမျိုးကိစ္စတွေကယောကျ်ားလေးအားလုံးလိုလို စိတ်ဝင်စားကြတယ်လေ။

ဒီတော့ ကျွန်တော်တို့သိချင်တာလည်းသိရအောင်၊ ဉာဏ်ထူးလည်း ဆရာမဒေါ်ဝေဝေလွင်နဲ့ပတ်သက်ပြီး နောက်တစ်ခါ ဒီလိုပေါက်ကရမပြောအောင် ကျွန်တော်တို့စဉ်းစားထားတာတစ်ခုရှိတယ်"

"ဘယ်လို စဉ်းစားထားလို့လဲ"

ကံထူးနှင့်ဖွဲ့ထူးတို့၏စိတ်အစဉ်တွင် အလှည့်ဆိုသော အရာတစ်ခုက အတိအကျနေရာယူသွားပြီးသည့်နောက် . . .

"အဟင်း . . . တွေ့ကြသေးတာပေါ့ ဉာဏ်ထူးရာ"

⁂



www.burmeseclassic.com

www.burmeseclassic.com

## (၄)

ဉာဏ်ထူး သုတ်သုတ်သုတ်သုတ်ဖြင့် အခန်းဆီအပြေးအပိုင်း လာခဲ့သည်။ ပထမဆုံးအချိန်သည် ဆရာဦးကိုကိုအောင်အချိန်၊ တော်သေးသည် ဆရာမဝင်သေး၊ ဉာဏ်ထူးနောက်ပေါက်မှနေ၍ အခန်းထဲဝင်မည်ပြုစဉ်မှာပင် အခန်းထဲမှ အလျင်စလိုထွက်လာသော ကံထူးနှင့်ဆုံသည်။

ကံထူးက သူ့လက်ထဲသို့ စာရွက်တစ်ရွက်ကိုထည့်ပေးရင်း ပြောပါ၏။

"ဆရာက ဒီစာကိုဘောမှာရေးထားပေးပါတဲ့။ ငါ Toilet သွားချင်လို့ ငါ့အစားရေးထားပေးပါကွာ"



ကံထူး၏စကားကြောင့် လက်ထဲမှစာရွက်ကိုဖြန့်ကြည့်မိတော့ ဉာဏ်ထူးကြောင်သွားသည်။ ဒါပေမယ့် ကံထူးရှိမနေတော့ပါ။ Toilet ရှိရာထောင့်ချိုးသို့ ကွေ့ဝင်သွားပြီဖြစ်သည်။ ထိုစဉ်မှာပင် ဖွဲ့ထူးက အနားရောက်လာကာ . . .

"ပုစ္ဆာတစ်ပုဒ်ကို ဒီသီအိုရီနဲ့ပတ်သက်ပြီး ရှင်းပြစရာရှိတယ် ပြောတယ်။ မင်းပဲဘောမှာသွားရေးလိုက်ပါကွာ။ ငါတို့က လူတွေအများကြီးရှေ့ထွက်ပြီး ရေးရဲတာမဟုတ်ဘူး"

ဖွဲ့ထူး၏ အတည်အတန့်စကားတွေကြောင့် ဉာဏ်ထူးယုံသွားမိသည်။ ထို့ကြောင့် ချက်ချင်းပင်လွယ်အိတ်ကိုချကာ အတန်းရှေ့သို့ လျှောက်ခဲ့ပါ၏။ ဆရာဦးကိုကိုအောင် မကြာမှီလာတော့မည်လေ။

ဉာဏ်ထူး ဘောတွင်စရေးလိုက်သည့်အချိန်၌ပင် တစ်ခန်းလုံးမှအာရုံတွေ သူ့လက်မှထွက်သောစကားလုံးတွေဆီသို့ ရောက်လာသည်။ တိတ်သွားသောအသံအနေအထားတို့ကိုခံစားရင်း မကြာမီမှာပင် အခန်းထဲသို့ ဆရာဦးကိုကိုအောင်ဝင်လာပါ၏။

အကုန်လုံးက ထုံးစံအတိုင်းမတ်တတ်ရပ်နှုတ်ဆက်ကြသည်။ ဒါပေမယ့်နှုတ်ဆက်သံက အရင်နေ့တွေလောက် အသက်မပါပါ။ အကြောင်းကား ဉာဏ်ထူးရေးနေသောစာသည် တစ်ခန်းလုံး၏အာရုံကို စိုးမိုးထားသည်မဟုတ်ပါလား။

ဉာဏ်ထူးရေးနေရာမှ ဆရာ့ကိုမော့ကြည့်၍ ရယ်ပြသည်။ ပြီးတော့ဆက်ရေးသည်။ ဆရာဦးကိုကိုအောင်သည် သူကိုယ်တိုင်ရေးခိုင်းထားသောစာကိုကြည့်နေမည်ထင်သည်။ မကြာပါ . . စာမှာတစ်ကြောင်းတည်းဖြစ်သည့်အတွက် အဆုံးသတ်သွားပါ၏။

ဒီတော့မှ ဉာဏ်ထူးလည်း မြေဖြူကိုချကာ စာကိုသေချာပြန်ဖတ်ကြည့်သည်။

မိန်းကလေးတွေလမ်းလျှောက်တဲ့အခါ ဘာသီအိုရီကို အသုံးပြုသလဲ ?



www.burmeseclassic.com

www.burmeseclassic.com

ပြီးတော့ ဆရာ့ကိုတစ်ချက်ပြုံးပြပြီး နေရာဆီပြန်မည်ပြုစဉ်မှာပင် . . .

"ဉာဏ်ထူး . . . နေဦး"

ခပ်မာမာခပ်တင်းတင်းတားလိုက်သော ဆရာ့စကားကြောင့် ဉာဏ်ထူးခြေအစုံကိုတန့်လိုက်ကာ . . .

"ဆရာ ဘာခိုင်းစရာရှိသေးလို့လဲ"

ဉာဏ်ထူးစကားကြောင့် ဆရာကခေါင်းယမ်းသည်။ နောက် ..

"မင်းကို ဒီမေးခွန်း ဘောမှာဘယ်သူရေးခိုင်းတာလဲ"

"ဗျာ . . . ဆရာရေးခိုင်းတာလေ"

ကြောင်အအဖြင့် ဉာဏ်ထူးပြန်ဖြေလိုက်သည်။ သို့သော် . . .

"ငါက . . . ငါမရေးခိုင်းပါဘူး။ မင်းကို ဘယ်သူပြောလဲ"

ဉာဏ်ထူးစိတ်ထဲတွင် ထင့်သွားသည်။ ကမန်းကတန်းပင် အခန်းနောက်ဆုံးဆီ မျက်လုံးဝေ့ကြည့်လိုက်တော့ ကံထူးနှင့်ဖွဲ့ထူးရှိမနေတော့ပါ။ သွားပြီ၊ သူခံလိုက်ရပေပြီ။

"ဒီမေးခွန်းကို ငါရေးခိုင်းတယ်လို့ မင်းကိုဘယ်သူပြောလဲ"

သူ့မှာ ချက်ချင်းလက်ငင်းဖြေစရာစကားမရှိပါ။ ထို့ကြောင့် မျက်လုံးပြူးလေးနှင့်ပဲရှိနေစဉ်မှာပင် . . .

"ဆရာ . . . ကျွန်တော်တို့ သိချင်ပါတယ်။ ဒီသီအိုရီကိုပြောပြပါ"

"ဟုတ်တယ်ဆရာ . . . ကျွန်တော်တို့ ကိုပြောပေးပါ"

ကျောင်းသားတွေဆီမှ အသံတွေထွက်လာသည်။ ဉာဏ်ထူးရင်တွေ တဒိုင်းဒိုင်းခုန်ကာ ဒူးတွေပင် တဆတ်ဆတ်တုန်ကုန်ပါ၏။ ဆရာကသူ့ကို အဓိပ္ပာယ်ပါပါတစ်ချက်ကြည့်သည်။ ပြီး . . .

"ကဲ . . . သိချင်တဲ့သူတွေကတော့မေးနေပြီ။ မင်းမေးခွန်းကို မင်းပဲဖြေပေးလိုက်တော့"

"ဗျာ . . . ဆ . . . ဆရာ . . . ကျွန်တော်မသိ . . . "



"မလိမ်ချင်စမ်းပါနဲ့ကွာ . . . မင်းပြောပြချင်လို့ ဒီမေးခွန်းကို ဘောမှာရေးလိုက်တာမလား။ ဟိုမှာဝိုင်းအော်နေပြီ . . . ဖြေပေးလိုက်"

ဆရာဦးကိုကိုအောင်စကားအဆုံး အမှန်တကယ်ပင် အခန်းထဲ၌ ဆူဆူညံသွားပါ၏။ ကျောင်းသားတွေပင်မဟုတ်၊ ကျောင်းသူတွေမှာလည်း ကျွန်ခြေဆည်နေရသောကြောင့်သာ ငြိမ်နေပုံရသည်။ သူမတို့လည်း သူမတို့၏လမ်းလျှောက်နည်းသီအိုရီကို သိချင်ကြသည့်ဟန်မှာ အထင်းသားပေါ်လွင်နေပါ၏။

ဉာဏ်ထူး ချွေးတွေပင်ပျံလာပါပြီ။ စိတ်ထဲမှလည်း ကံထူးနှင့်ဖွဲ့ထူးကို ပက်ပက်စက်စက် မေတ္တာပို့နေသည်မှာ ဆဲနည်းပေါင်းမျိုးစုံသွားသည်။ ပြီး ဒီကောင်တွေ ဘာလိုင်းကြီးပါလားလို့လည်း တွေးမိပါ၏။

"ဘယ်လိုလဲ . . . ဖြေလေကွာ . . . ဘာကြောင်ကြည့်နေတာလဲ"

ဆရာဦးကိုကိုအောင်မှာ သူ၏ချစ်သဲညာအတွက် တော်တော်ဘဝင်မကျဖြစ်နေပုံရသည်။ ထို့ကြောင့် အတင်းကိုဖြေခိုင်းနေပါ၏။ ဒါမှလည်း မှန်မမှန် ချိန်ထိုးကြည့်လို့ရမည်မဟုတ်ပါလား။

ဉာဏ်ထူးမှာတော့ အတွေးတွေရှုပ်ယှက်ခတ်ကာ ဖြစ်နိုင်စရာအဖြေကမတွေ့။ ဒါပေမယ့် ဉာဏ်ကိုအဓိကအားကိုးသည့် ဉာဏ်ထူးပဲလေ။ တစ်ခန်းလုံးရှေ့မှာတော့ အလွတ်ကြီးအရှုံးမခံနိုင်။ ဒီတော့ –

"ဆရာ . . . ကျွန်တော်တစ်ခုတောင်းဆိုချင်ပါတယ်"

ဉာဏ်ထူးစကားကြောင့် ဆရာမျက်မှောင်ကြုတ်သွားကာ လေသံခပ်အေးအေးဖြင့် . . .

"ဘာတောင်းဆိုချင်လို့လဲ"

"ကျွန်တော့်ကို အချိန်နည်းနည်းပေးပါဆရာ။ ဘာဖြစ်လို့လဲဆိုတော့ ဒီသီအိုရီက လက်တွေ့ကျကျအချိန်ယူပြီး ကြည့်ရှုဆုံးဖြတ်ရမှာမို့လို့ပါ။ ဒီလိုသီအိုရီမျိုးက မိန်းကလေးတစ်ယောက်တည်းကိုပဲကြည့်ပြီး ဆုံးဖြတ်လို့မရဘူးလေ"



www.burmeseclassic.com

www.burmeseclassic.com

"အို"

ကျောင်းသူတွေဘက်ခြမ်းမှ ရက်သွေးဟာဟာသံတွေ တိုးညည်းကုန်သည်။

"မိန်းကလေးအတော်များများကို အချိန်ယူလေ့လာပြီးမှ တူညီရာတူညီရာတွေကိုဖျမ်းမျှပြုပြီး သီအိုရီထုတ်ရမှာဆိုတော့ အချိန်နည်းနည်းလောက်ပေးမှဖြစ်မယ်ထင်ပါတယ်"

ဉာဏ်ထူးစကားကြောင့် ဆရာကတစ်ခုခုကို စဉ်းစားသွားသလို မျက်မှောင်ကြုတ်သွားသည်။ ပြီး နားမလည်သလိုဖြင့် . . .

"အတိအကျမရှိဘဲနဲ့ ဘာလို့မင်းက ဘယ်သူကဖြင့်လမ်းလျှောက်တာ သီအိုရီမှားနေတယ် . . . ဘယ်သူကဖြင့် သီအိုရီနဲ့မညီဘူးပြောရတာလဲ"

"ဗျာ . . ."

ဒီစကားကိုလည်း ဉာဏ်ထူးနားမလည်ပါ။ ဒါပေမယ့် ဟိုနှစ်ကောင်၏ ချောက်တွန်းမှုကိုတော့ မစဉ်းစားဘဲသိလိုက်သည်။ ဒီလိုဆိုတော့လည်း . . .

"အဲဒါက ကျွန်တော် အပေါ်ယံသဘောလောက်ကိုပဲကြည့်ပြီးပြောတာပါ။ တိတိကျကျသိဖို့ဆိုရင်တော့ အချိန်နည်းနည်းယူရပါမယ်"

ဟုတ်တာမဟုတ်တာ၊ ရတာမရတာအသာထား။ အခုလောလောဆယ် အဆင်ပြေရေးကို ဉာဏ်ထူးအသည်းအသန်ကြိုးပမ်းလိုက်သည်။

သူ့စကားကြောင့် ဆရာကစဉ်းစားဟန်တစ်ချက်ပြုကာ . . .

"မင်းက အချိန်ဘယ်လောက်ယူချင်လို့လဲ"

"သိပ်အများကြီးမဟုတ်ပါဘူး . . . နောက်အပတ်လောက်ဆိုရင် ရပါပြီ"

ဆရာကသူ့အား သေသေချာချာကြည့်၍ . . .

"သီအိုရီတကယ်ထွက်မှာလား . . ."



"ထွက်လောက်ပါတယ်"

"ဟုတ်ပြီ . . . အဲဒါဆိုရင် နောက်အပတ်စနေနေ့မှာပဲ ဒီမေးခွန်းရဲ့အဖြေကိုလိုချင်တယ်"

ဉာဏ်ထူးခေါင်းညိတ်ပြလိုက်ကာ . . .

"ဟုတ်ကဲ့"

"ကဲ . . . အဲဒါဆို အခန်းထဲကကျောင်းသားတွေအားလုံး နောက်အပတ်စနေနေ့မှာ ဒီမေးခွန်းရဲ့အဖြေကိုသိရမယ်တဲ့။ ဘယ်လိုလဲ လက်ခံလား"

"လက်ခံပါတယ်"

ထိုအသံမှာ တစ်ကျောင်းလုံးသို့ ဟိန်းထွက်သွားလေသည်။

• • •

ဆရာ့အတန်းချိန်ပြီးတော့ ဉာဏ်ထူးအခန်းထဲမှထွက်ခဲ့ကာ ကံထူးနှင့်ဖွဲ့ထူးကို တစ်ကျောင်းလုံးအနှံ့ပတ်ရှာတော့သည်။ ဉာဏ်ထူးပဲ ကံဆိုးသည်လား သူတို့နှစ်ယောက်ကပဲ ကံကောင်းသည်လားမသိ၊ တစ်ကျောင်းလုံးရှာမတွေ့တော့။ အခြေအနေအားလုံးကို ကြိုတင်တွက်ဆကာ Stay ရှောင်သွားပုံရပါ၏။

ဒါနဲ့ ဉာဏ်ထူးလည်း အတန်းချိန်ပြီးသည်အထိမနေတော့ဘဲ ဖွဲ့ထူးအိမ်သို့လိုက်သွားလိုက်သည်။ ဖွဲ့ထူးအိမ်တွင်ရှိမည်ဟုတွက်ဆမိသောကြောင့်ဖြစ်ပါ၏။ သူ့စိတ်ကူးမှန်သည်ပြောရမည်။ အိမ်ဧည့်ခန်း၌ ထိုင်ကာ နှစ်ကောင်သား ဂိမ်းကစားနေသည်ကို တွေ့ရပါ၏။

ဉာဏ်ထူး ကပျာကရာပင် အိမ်ထဲဝင်သွားလိုက်ပြီးသည့်နောက်

"ဘုန်း . . . ဘုန်း . . ."

လက်ဝါးနှင့်နားရင်း မိတ်ဆက်သံနှစ်ချက်က ဆက်တိုက်ဆို သလိုထွက်သွားသည်။ ကံထူးနှင့်ဖွဲ့ထူးတော့မသိ၊ ဉာဏ်ထူးမှာတော့ လက်ဝါးပင်ကျဉ်သွားသည်။ ဒေါသရှိန်ပြင်းထန်သောအကြည့်တွေ ဝုန်း



www.burmeseclassic.com

www.burmeseclassic.com

ခနဲထကြွလာကြသော်လည်း ညဏ်ထူးကိုမြင်ပြီးသည့်နောက် . . .

"ချေးသားတွေ . . . မင်းတို့ယုတ်မာလှချည်လား"

"အောင်မာ . . . အယုတ်တမာက ပြောရသေးတယ်"

"မင်းတို့ ဘာကိစ္စငါ့ကို ချောက်တွန်းရတာလဲ"

"မင်းအတိုင်းပဲပေါ့"

အပြန်အလှန်စကားတို့ကြောင့် ညဏ်ထူးတွေဝေသွားရကာ ..

"ငါ့အတိုင်းပဲ . . ငါကမင်းတို့ကို ဘယ်မှာချောက်တွန်းလို့လဲ"

သူ့စကားကြောင့် ကံထူးနှင့်ဖွဲ့ထူးတို့က သူ့ကိုမသတီသလို ဝိုင်းကြည့်ရင်း . . .

"မင်းကိုမင်းမသိဘူးလား . . . မနက်စောစောစီးစီး သူများကို မကောင်းကြံတာ။ ငါတို့လုပ်တာ နည်းတောင်နည်းသေးတယ်"

"ဘာ . . . "

ညဏ်ထူး အံ့သြသွားသည်။ ချက်ချင်းပင် မနက်က ဝသန်နှင့် သူဖုန်းပြောဖြစ်သည့်ကိစ္စကိုလည်း ပြန်မြင်ယောင်မိပါ၏။

"ဒါဆို မင်းတို့မနက်က . . . "

"အေး . . . မင်း ဝသန့်ဆီမှာအမှတ်ယူပြီး ငါတို့နှစ်ယောက်ကို ချောက်တွန်းလိုက်တာတွေအကုန်လုံး ငါရောဖွဲ့ထူးရောကြားတယ်"

တိုက်ဆိုင်သွားသော အခြေအနေတစ်ရပ်ကို ညဏ်ထူးအပြစ် မတင်မိတော့ပါ။

"သြော် . . . အဲဒါကြောင့် မင်းတို့က အကြွေးကိုအကြေပြန်ဆပ်တယ်ပေါ့"

သူ့စကားကြောင့် ဖွဲ့ထူးက ကံထူးကို ပြုံးယောင်ယောင်တစ်ချက် ကြည့်ရင်း . . .

"မရည်ရွယ်ပါဘူးကွာ . . . ဒါပေမယ့် ငါတို့ဆပ်တာ အတိုးပဲ ရှိသေးတယ်။ အရင်းကျန်သေးတယ်"

"ဘာ . . . အရင်းကျန်သေးတယ်။ ဘာအရင်းလဲ"



သူ့အမေးကို နှစ်ယောက်စလုံး ပြန်မဖြေပါ။ သူ့ကို မချိုမချဉ် ပြန်ကြည့်ရင်း . . .

"ဒါကတော့ သိပ်မကြာခင်မင်းသိလာမှာပါ။ ကိုယ့်ရှူးကိုယ် ပတ်တယ်ဆိုတဲ့စကားလည်းရှိတာပဲ"

ညဏ်ထူးနားမလည်။ ဒါပေမယ့် ကံထူးနှင့်ဖွဲ့ထူးကတော့ သူ့ကို အရေးမလုပ်တော့ဘဲ တီဗွီဂိမ်းကိုသာ ဆက်ကစားနေလေတော့သည်။

အပြန်လမ်းတွင် ညဏ်ထူးစဉ်းစားမိပါ၏။

မိန်းကလေးတွေ ဘယ်သီအိုရီနဲ့လမ်းလျှောက်တာလဲ။ သီအိုရီ သီးသန့်ရှိလား၊ ဒါမှမဟုတ် ဘာသာရပ်တစ်ခုခုနဲ့ ဆက်နွှယ်နေမည့် သီအိုရီလား။

သူ မတွေးတတ်ပါ။ ဒါပေမယ့် ညဏ်ထူးဆိုသည့်အတိုင်း ညဏ်ကိုတော့ အားကိုးရပေမည်။

မိန်းကလေးတွေကိုသွားပြီး . . .

"ခင်ဗျားတို့ ဘယ်သီအိုရီနဲ့ လမ်းလျှောက်လဲ"ဆိုပြီးမေးလို့ ကောင်းမည်မဟုတ်။ မေးလို့ကောင်းသည့်တိုင်အောင် သူလိုချင်သည့် အဖြေမျိုးရအုံမထင်။

အကြောင်းကား ဘယ်မိန်းကလေးမှ မိမိလမ်းလျှောက်တာ သီအိုရီ ရှိမရှိ စူးစမ်းဖူးဟန်မထင်။ ဒီတော့ကား . . .

ညဏ်ထူးတစ်ယောက် အကြံအိုက်စွာ ခေါင်းကုတ်မိလေတော့သည်။ စိတ်ရှုပ်ရှုပ်ဖြင့် ဖိကုတ်လိုက်သည်ကြောင့် ဦးရေဖျားမှာ အနည်းငယ်ကျိန်းစပ်သွားပါ၏။ ဘာမှတော့မဆိုင်။ ဒါပေမယ့် ညဏ်ထူးပြုံးမိသည်။

သက်ရောက်မှုတိုင်းမှာ တန်ပြန်သက်ရောက်မှုရှိသည်ဟူသော နယူတန်၏နိယာမနှင့် သွားတိုက်ဆိုင်နေသည်မဟုတ်ပါလား။



www.burmeseclassic.com

www.burmeseclassic.com

(d)

ဉာဏ်ထူး အတွေးတွေတစ်လှေကြီးဖြင့် ဆရာဦးခန့်နောင်ဆီ ပြေးရတော့သည်။ မတတ်နိုင်။ ကိုယ်ကိုယ်တိုင်မှ မလှေလာနိုင်တာ ဆရာကိုပဲ အားကိုးရပေတော့မည်။

လမ်းမှာ တွေ့သမျှမိန်းကလေးတွေကိုလည်း စိတ်ရှုပ်ရှုပ်ဖြင့် ကြည့်မိပါ၏။ စိတ်ပဲမကြည်လင်လို့လား၊ မျက်လုံးတွေပဲမဝေခွဲတတ်လို့လားမသိ။ စာတင်လောက်သည့်သီအိုရီမတွေ့။

ဒီလိုနှင့်ပဲ ဦးတည်ရာ ဆရာဦးခန့်နောင်အိမ်ရှေ့သို့ရောက်လာပါသည်။ ဉာဏ်ထူးခြံတံခါးဆွဲဖွင့်၍ ဝင်လိုက်စဉ်မှာပင်ကြားလိုက်ရသော ရယ်သံလွင်လွင်ကြောင့် . . .

"ဝသန်"



ဉာဏ်ထူး ရင်တစ်ချက်ဆောင့်ခုန်သွားကာ အိမ်ဆီမှဝသန့် အငွေ့အသက်အချို့ကိုရလိုက်သည်။ သူပျော်သွားသည်လား မသိပါ။ ဆရာ့ဆီလာခဲ့သည်မှာလည်း မှန်သွားပြီဟု တွေးမိပါ၏။

အိမ်ဆင်ဝင်အောက်ကိုကျော်ကာ ဖိနပ်ချွတ်ရာဆီရောက်တော့ ဝသန်နှင့်ပတ်သက်သော ရင်ခုန်နေကျအတိုင်း ဖိနပ်လေးကိုတွေ့မိတော့ ရင်ခုန်မိပါ၏။ နောက် ဧည့်ခန်းထဲသို့ သူခြေချလိုက်စဉ်မှာပင် . . .

"ဟာ . . . ဉာဏ်ထူး . . . လာ . . ."

ဆရာဦးခန့်နောင်က တအံ့တသြဆီးကြိုသည်။

"ဟယ် . . . ဉာဏ်ထူး"

မျှော်လင့်ရာဆည်းလည်းသံလေးက နောက်မှကပ်ပါလာပါ၏။

ဉာဏ်ထူးအပျော်စိတ်တို့ဖြင့် နှစ်ယောက်စလုံးကိုပြုံးပြလိုက်သည်။

"နင် ဆရာ့ဆီလာလည်တာလား"

"အေး . . . မေးစရာလေးနည်းနည်းရှိလို့"

"ဩော် . . ."

ဝသန်၏ 'ဩော်'လေးက ချစ်ဖို့ကောင်းနေသည်။

"ဒါနဲ့ ဒီနေ့ကျောင်းဖွင့်ရက်ပါ။ နင်ကျောင်းမသွားဘူးလား"

"အေး . . . ဒီနေ့ငါ့အဖေမွေးနေ့ရှိလို့ ကျောင်းမသွားဖြစ်ဘဲ။ ဆရာ့အိမ် မရောက်တာလည်းကြာပြီဆိုတော့ မုန့်လာပို့ရင်းနဲ့လာလည်တာလေ။ တော်သေးတယ် . . . ငါပြန်တော့မလို့"

ထိုစကားကြောင့် ဉာဏ်ထူးအကြံတစ်ခုရသွားသည်။

"ခဏနေဦးလေဟာ . . . ငါပြန်လိုက်ပို့ပေးမယ်။ ဒီမှာ ငါ ဆရာ့ကို သိချင်တာလေးနည်းနည်းမေးလိုက်ဦးမယ်"

"ဘာလဲကွ . . . ကံ၊ ဉာဏ်၊ ဝီရိယမှာ ဘယ်ဟာအရေးကြီးဆုံးလဲဆိုတဲ့မေးခွန်းလား"

ဆရာ့စကားကြောင့် ဉာဏ်ထူးရယ်ဖြစ်သည်။ ဆရာလည်း

www.burmeseclassic.com

www.burmeseclassic.com

သဘောတကျလိုက်ရယ်ပါ၏။ ဉာဏ်ထူးဝသန့်ဆီတစ်ချက်ကြည့်လိုက်ရင်း . . .

"ဝသန် ခဏဟာ . . . ငါဆရာနဲ့ စကားနည်းနည်းပြောချင်လို့"

"ပြောလေ . . . "

ဝသန်က ပုံမှန်အတိုင်းပြန်ပြောသည်။

"မဟုတ်ဘူး . . . ဟို . . . ဟိုလေဟာ . . . ငါပြောမှာက နင်နားထောင်လို့သိပ်မသင့်လို့"

"ဟော . . . "

"ဟင် . . . "

ဆရာဦးခန့်နောင်ရော၊ ဝသန်ပါ သူ့စကားကို အံ့သြသွားကာ

"ဟ . . . ငါ့တပည့်က ဘာတွေများမေးမှာမလို့လဲ"

ဆရာက ရယ်ကျဲကျဲနှင့်မေးသလို . . .

"ဉာဏ်ထူး . . . နင်ဘာတွေပေါက်ကရလုပ်ဦးမလို့လဲ"

ဝသန်က ခပ်ဖြီးဖြီးနှင့်နောက်သည်။

"မဟုတ်ပါဘူးဟာ . . . ငါ သီအိုရီတစ်ခုကိုမေးချင်လို့ပါ"

သူ့စကားကြောင့် ဝသန်ကမသကာသလို သူ့ကိုတစ်ချက်ကြည့်ရင်း . . .

"ပြီးရောလေ . . . ဒါဆိုလည်း ငါခြံထဲမှာ ပန်းပင်တွေကိုကြည့်ရင်းနဲ့စောင့်နေမယ်"

"အေး . . . အေး"

ဝသန်ခြံထဲသို့ဆင်းသွားလေသည်။ သည်တော့မှ ဉာဏ်ထူးလည်း . . .

(၁၅)မိနစ်လောက်ကြာသွားမည်ထင်သည်။

"မင်း သေသေချာချာ လေ့လာချင်တယ်ဆိုရင်တော့ ဆရာ E-mail လိပ်စာပေးလိုက်မယ် . . . သွားဖွင့်ကြည့်လိုက်။ မင်းပြောတာနဲ့ဆိုင်မယ်ထင်တာပဲ"

"ဟုတ်ကဲ့ ဆရာ . . . ကျေးဇူးပဲ"

ထို့နောက် ဉာဏ်ထူး ဆရာပေးသောလိပ်စာကိုကူးလိုက်သည်။ ထိုစဉ်မှာပင် . . .

"ဉာဏ်ထူး မပြီးသေးဘူးလား . . . ငါပြန်ချင်ပြီ"

ခြံထဲမှလှမ်းအော်သော ဝသန့်အသံကြောင့် . . .

"အေး . . . အေး . . . ပြီးပြီ"

ဉာဏ်ထူးပြန်အော်ကာ ဆရာကိုနှုတ်ဆက်၍ အိမ်ထဲမှထွက်ခဲ့တော့သည်။

နောက်တော့ . . .

• • •

လေတစ်ချက်အဝှေ့တွင် သင်းခနဲကျီစယ်လိုက်သော ရှန်ပူရနံ့ကြောင့် ဉာဏ်ထူးလက်ဖဝါးတွေ အေးစက်သွားသည်။ ဉာဏ်ထူးရင်တွေ ပရမ်းပတာခုန်နေပါ၏။

ဆေးချင်းယှဉ်လျှောက်ကာ သူမတက်နေသော ဆေးတက္ကသိုလ်အကြောင်းကို အားပါးတရပြောနေသော ဝသန့်မျက်နှာလေးက တစ်နစ်ခွဲအရွယ် သူငယ်လေးတစ်ယောက်လို အပြစ်ကင်းနေသည်။ ဉာဏ်ထူးကြည့်နေရင်းနှင့်ပင် စိတ်တို့မထိန်းနိုင်အောင် ဖြစ်လာရသည်။

ဝသန်ကတော့ မူပျက်နေသောသူ့အဖြစ်ကို သိမည်မဟုတ်။ ဒီအချိန်သည် ဖွင့်ပြောရန်အကောင်းဆုံးအချိန်ဆိုတာ သူသိသည်။ ကံထူးနှင့်ဖွဲ့ထူးကို ပါးပါးလေးပုတ်ထားသည့်အတွက် အခုလိုအချိန်မှာ ပြိုင်ဘက်က သူတစ်ဦးသာ။

ရှေ့တစ်ကွေ့ကျော်လျှင် လမ်းမပေါ်သို့ရောက်ပေပြီ။ ဒီလိုဆိုလျှင် ဖွင့်ပြောရန် သိပ်အဆင်မပြေတော့။ ဒီတော့ . . .

"ဝ . . . ဝသန်"



www.burmeseclassic.com

www.burmeseclassic.com

စကားတို့ ထစ်ငေါ့စွာထွက်သွားသည်။

ဝသန်က ဘာလဲဟုသောသဘောဖြင့် လှည့်ကြည့်ကာမေးငေါ့ပြပါ၏။ ညဏ်ထူးစိတ်ကို အတတ်နိုင်ဆုံးစုစည်းလိုက်ကာ ရဲရင့်မှုကို အရောင်တင်လိုက်ရင်း . . .

"ငါ . . . ငါလေ . . . နင့်ကို . . . "

"ဟယ် . . . ဒီမှာလှတယ်တော့ . . . "

"အန်"

ပြောအုံဆဲဆဲစကားတွေ ဘယ်ရောက်ကုန်သည်မသိ။ ဘာမဆိုင် ညာမဆိုင် ဘာမှမဟုတ်သည့်ခဲတစ်လုံးကိုကန်ကျောက်ကာ လှတယ်လုပ်နေသော ဝသန့်ကိုလည်း တော်တော်မချင့်မရဲဖြစ်သွားသည်။

ဒါပေမယ့် ဦးတည်ချက်ကို မရမကပြန်ယူလိုက်ရင်း . . .

"ငါနင့်ကို . . . "

"တကယ်လှတယ်ဟ . . . နော်။ ဒီမှာ အကျားအကျားလေးတွေတောင်ပါသေးတယ်"

ရယ်ချင်ပက်ကျိမျက်နှာပေးဖြင့် တမင်လုပ်ပြောနေသော ဝသန့်ပုံစံကြောင့် . . .

"ဝသန် . . . မနောက်နဲ့ဟာ . . . ငါနင့်ကိုတကယ် . . . "

"ချစ်စရာလေးဟာ ဘာကျောက်အမျိုးအစားလဲ မသိဘူး"

ညဏ်ထူးလုံးဝကို မခံမရပ်နိုင်ဖြစ်သွားရက . . .

"ဝသန်"

သူ့အော်သံက တော်တော်ကျယ်သွားသည်။ ဝသန်က သူ့ကို မချိုမချဉ်ပြန်ကြည့်ရင်း . . .

"ဘာလဲ . . . "

"ငါအတည်ပြောမလို့ဟာ . . . မနောက်နဲ့"

ခပ်တည်တည်ပြောသောသူ့ပုံစံကြောင့် ဝသန့်မျက်နှာအနည်းငယ်ငြိမ်သွားကာ သူ့ကိုသေချာပြန်ကြည့်ရင်း . . .



"ဘာလဲ . . . နင်ငါ့ကို ရည်းစားစကားပြောမလို့လား"

သူ မညာချင်ပါ။

"ဟုတ်တယ်"

ခုနထက်နက်ရှိုင်းသောအကြည့်တစ်စုံ သူ့မျက်ဝန်းတည့်တည့်သို့ ထိုးဖောက်လာသည်။ သူတို့နှစ်ဦးတစ်ယောက်ကို တစ်ယောက် ခပ်ကြာကြာကြည့်မိကြသည်။

ဒါပေမယ့် ဝသန့်မျက်ဝန်းထဲမှာ ရင်ခုန်ရိပ်သန်းနေသော တစ်စုံတစ်ရာမတွေ့။ နောက် ဝသန်က သက်ပြင်းတစ်ချက်ချရင်း . . .

"နင် ရည်းစားစကားပြောဖို့ဆိုရင်တော့ အခုမပြောနဲ့ဦး။ လာမယ့် တနင်္ဂနွေနေ့ညနေလေးနာရီ ငါအင်းယားကန်ဘောင်ပေါ်မှာရှိတယ်။ အဲဒီတော့မှပြော"

ဘုရားရေ . . . ဒါသူ့ကို ဝသန်ကချိန်းတာလား။ အဲလောက်ထိတော့ သူ့ဇာတာမတက်တတ်ကောင်းပေ။ ဒါပေမယ့် . . .

"ဒါ . . . ဒါဆို ငါတို့နှစ်ယောက်တည်း ကန်ဘောင်မှာတွေ့မပြောရမှာပေါ့"

ဝသန်က ခေါင်းညိတ်ပြသည်။ 'ဟေး'ခနဲ ထအော်မိမတတ်ဖြစ်သွားပြီးသည့်နောက်။

သေချာပြီ။ သူ့ဇာတာတွေ၊ စန်းတွေ မတရားတက်နေပေပြီ။

သို့သော် ပျော်လို့မှမဆုံးသေး။

"ကံထူးနဲ့ဖွဲ့ထူးလည်း ရှိနေလိမ့်မယ်"

"ဘာ"

အပျော်လှိုင်းတွေ လျှပ်ပြက်သလိုပျောက်သွားကာ နားမလည်စွာဖြင့် . . .

"ဒီ . . . ဒီကောင်တွေက ဘာလုပ် . . . "

"သူတို့လည်း ငါ့ကိုရည်းစားစကားပြောမှာလေ။ နင်ပေးတဲ့အကြံအတိုင်း ငါသူတို့နှစ်ယောက်ကို အချိန်သတ်မှတ်ပေးလိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com

"ဘာ"

"ဟုတ်တယ် . . . လာမယ့် တနင်္ဂနွေနေ့ညနေ လေးနာရီအင်းယားမှာ သူတို့နှစ်ယောက်လည်း ငါ့ကိုရည်းစားစကားပြောလိမ့်မယ်။ နင်ပါပါရင် သုံးယောက်ပေါ့"

ဉာဏ်ထူးစကားမပြောနိုင်သောက်အောင်ကို ဆွံ့အသွားလေသည်။

"သူတို့ကတော့ နင့်အကြံအတိုင်း ကံနဲ့ဝီရိယပေါ်ကိုအခြေခံပြီး Propose လုပ်မှာ။ အဲတော့ နင်လည်းသူတို့အတိုင်းလုပ်နိုင်အောင်ကြိုးစားထားပေါ့ဟာ။ ဒါ နင်ကိုယ်တိုင်ပေးတဲ့အကြံပဲ မဟုတ်ဘူးလား"

ဉာဏ်ထူး မလှုပ်မယှက် ဆွံ့အငြိမ်သက်သွားစဉ်မှာပင် ဝသန်မှာသူ့ဆီးမှ ထွက်ခွာသွားလေတော့သည်။ ယခုမှ ကံထူးနှင့်ဖွဲ့ထူးပြောသော 'ကိုယ့်ရှုးကိုယ်ပတ်တယ်'ဟူသောစကားကို နားလည်သွားပါ၏။ တကယ့်ကို 'ကိုယ့်ရှုးကိုယ်ပတ်'သွားတာပါ။

နနတက်သည်ဆိုသောစာတွေ ဘယ်ထောင့်ကပ်သွားသည်မသိ။ အခုမှပဲ သူ၏ကံမှာ ဂြိုလ်တိုင်အောက်ဆုံးရောက်နေမှန်းသိလိုက်ရတော့သည်။

အခုတော့ သူ့မှာစဉ်းစားစရာ နောက်တစ်ခုတိုးလာပေပြီ။ စနေနေ့မှာက မိန်းကလေးတစ်ယောက်၏လမ်းလျှောက်နည်းသီအိုရီ။ တနင်္ဂနွေနေ့မှာက ဉာဏ်ကိုအခြေခံထားသည့် ချစ်ရေးဆို Propose။

"ဟူး . . . "

ဟီးနိုးကားကြီးတစ်စီး အရမ်းကာရော ဘရိတ်ကိုခပ်ပြင်းပြင်းဆောင့်အုပ်လိုက်သည်။

လေ၊ ဖုန်နှင့်မီးခိုးတွေ ကန်ထွက်ကုန်ပါ၏။

အမှန်က ဉာဏ်ထူးသက်ပြင်းချလိုက်ခြင်းသာ။



(၉)

ဘယ်ကလေကဝလက်ချက်လဲမသိ၊ အခန်းထဲဝင်ဝင်ချင်းမှာပင် ကျောက်သင်ပုန်းမှာစာတစ်ကြောင်းက ဆီးကြိုနေပါ၏။ ('ကဝ'ဆိုတာတော့ ပဲခူးတိုင်းအတွင်းမှ မြို့ငယ်တစ်မြို့ဖြစ်မှန်းသိသည်။ 'ကလေ'ဆိုတာကိုတော့မသိ။ ဒါပေမယ့် ထိုအနီးအနားက ရွာနီးချုပ်စပ်တစ်ခုဖြစ်မည်ဟုတွေးမိသည်။ ဘာပဲပြောပြော 'ကလေကဝ'ဆိုတာ ပဲခူးသားဟုလွယ်လွယ်ခန့်မှန်းမိပါသည်။)

ယခုလည်း ကျောက်သင်ပုန်းတွင်ရေးထားသောစာက ပဲခူးသားတစ်ဦးဦး၏လက်ချက်ပင်ဖြစ်ရပေမည်။ ကွက်ကြည့်ကွက်ကြည့်လုပ်နေကြသော အခန်းထဲမှမျက်လုံးတွေကို ဥပေက္ခာပြု၍ ဉာဏ်ထူးခပ်တည်တည်ပင် နောက်ဆုံးတန်း၌ ဝင်ထိုင်လိုက်ပါ၏။ ကံထူးနှင့်ဖွဲ့ထူးကရောက်မလာသေး။



www.burmeseclassic.com

www.burmeseclassic.com

မကြာပါ။

အခန်းထဲသို့ ဆရာဦးကိုကိုအောင် ဝင်လာလေသည်။ အခန်းထဲရောက်ရောက်ချင်းပင် ဦးကိုကိုအောင်၏ အကြည့်တွေက တစ်ခန်းလုံးဝဲသွားသည်။ နောက် ညဏ်ထူးဆီအရောက်တွင် အကြည့်လမ်းကြောင်းမှာ ရပ်တန့်သွားပါ၏။ ကံထူးနှင့်ခွဲထူး ပြောပြချက်များအရ ဦးကိုကိုအောင်သိချင်စိတ်တွေ မည်မျှဖြစ်ထွန်းနေမည်ဆိုတာ ညဏ်ထူးသဘောပေါက်သည်။ ဆရာမဒေါ်ဝေဝေလွင် လမ်းလျှောက်ပုံကိုလည်း ညဏ်ထူးအတွေးမှန်ခဲ့လျှင် ဦးကိုကိုအောင် သေချာကြည့်ထားပေမည်။ ညဏ်ထူးသာ သီအိုရီထုတ်ပေးနိုင်ပါက ချက်ချင်းပင် လမ်းလျှောက်ပုံသီအိုရီ မှန်မမှန် စိတ်မှန်းဖြင့် ချိန်ထိုးတွက်ဆကြည့်မည့်သဘောရှိသည်။

နောက် ဦးကိုကိုအောင်က ကျောက်သင်ပုန်းတွင်ရေးထားသော စာကို သေချာကြည့်သည်။ ထိုစာက အရင်တစ်ပတ်က ညဏ်ထူးကိုယ်တိုင်ရေးခဲ့သော အခုတစ်ပတ်ပဲ့ရှုးသား၏ လက်ရာ။

မိန်းကလေးတွေလမ်းလျှောက်တဲ့အခါ ဘာသီအိုရီကို
အသုံးပြုသလဲ ?

ပြီးတော့ ဆရာက ညဏ်ထူးကိုကြည့်ကာ မြေဖြူထောင်ပြပါ၏။ လာဖြေတော့ဆိုသည့်သဘော။ ညဏ်ထူး ထိုင်ရာမှထ၍ အတန်းရှေ့လျှောက်သွားလိုက်သည်။ တစ်ခန်းလုံးလည်း ရှန်းစုရှန်းစု၊ ကျွက်စီကျွက်စီဖြစ်ကုန်ကြပါ၏။

ညဏ်ထူးအတန်းရှေ့ရောက်သွားစဉ်မှာပင် ဦးကိုကိုအောင်က

"ဘယ်လိုလဲ . . . ရပြီလား . . . "

"ဟုတ်ကဲ့ဆရာ . . . ရပါပြီ"

ဆရာ့မျက်နှာ ပြုံးယောင်သန်းသွားလေသည်။

"ဟုတ်ပြီ . . . အဲဒါဆို လုပ်စမ်းပါဦးကြည့်ရအောင်"



ပြီးနောက် ဆရာက ကျောင်းသားတွေဘက်လှည့်၍ . . .

"ဒီအဖြေကို မသိချင်တဲ့လူရှိလား"


"မရှိပါဘူး . . . မရှိပါဘူး . . . "

ဟိန်းထွက်သွားသော ကျောင်းနေဖော်သူငယ်ချင်းတွေ၏ အသံကြောင့် ညဏ်ထူးအားတက်သွားကာ ဆရာကိုကြည့်သည်။ ဆရာက မိန့်မိန့်ကြီးပြုံး၍ ဘောကိုလက်ပြပါ၏။

ညဏ်ထူး ဆရာ့လက်ထဲမှ မြေဖြူကိုယူကာ မေးခွန်းအောက် တည့်တည့်၌ ဤသို့ရေးလိုက်လေသည်။

"A sinusoidal vibrations is known as Simple Hormonic Motion"

နောက်ပုံတစ်ပုံပါ အောက်တွင်ဆွဲပြလိုက်သည်။




ပြီးတော့ တစ်ခန်းလုံးဘက်သို့ ညဏ်ထူးလှည့်၍ . . .

"မိန်းကလေးတစ်ယောက် လမ်းလျှောက်တာသည် Simple Hormonic Motion (SHM) သီအိုရီနဲ့ လျှောက်တာဖြစ်ပါတယ်"

"ဟေး . . . "

ညဏ်ထူးအဖြေကို ကျောင်းသားတွေက ဝိုင်းအားပေးကြသည်။ အချို့ကလည်း ဘာကြောင့်နည်းဟူသော မျက်လုံးအကြည့်တွေဖြင့် ငြိမ်နေကြသည်။ ညဏ်ထူးအားတက်သွားကာဆက်ပြောပါ၏။

" Simple Hormonic Motion ဆိုတာ သာမန်ညီညာသော ရွေ့



www.burmeseclassic.com

www.burmeseclassic.com

လျားမှုပါ။ သူ့ရဲ့ defination က ဒီစာကြောင်းဖြစ်ပါတယ်”

ဟုဆိုကာ မေးခွန်းအောက်မှ ပထမဆုံးစာကြောင်းကို ထောက်ပြသည်။


“အဓိပ္ပာယ်က . . .

Sin ပုံစံညီညာသောတုန်ခါမှုများသည် သာမန်ညီညာသော ရွေ့လျားမှုဖြစ်သည်တဲ့”

ဟုဆို၍ ဉာဏ်ထူးက စကားကိုခဏရပ်သည်။

“ဥပမာဆိုရရင်တော့ စပရင်တစ်ခုဆိုပါစို့။ အဲဒီစပရင်ပေါ်ကို အားတစ်ခုသက်ရောက်လိုက်မယ်ဆိုရင် ပထမ အဲဒီစပရင်ဟာ ကျုံ့သွားမယ်။ သက်ရောက်နေတဲ့အားကိုဖယ်လိုက်ရင် မူလရှိနေတဲ့စပရင်အရှည်ထက်ပြန်ကန်တက်လာမယ်။ မူလရှိနေတဲ့အရှည်ကနေ ကျုံ့သွားတဲ့ပုံစံနဲ့ ပြန်ကန်တက်လာတဲ့ပုံစံအရှည်ဟာတူညီတယ်။ အဲဒါ ဒီသီအိုရီရဲ့ အနှစ်ချုပ်ပါပဲ”

ပြော၍ ဉာဏ်ထူးက ပုံတစ်ပုံထပ်ဆွဲပြသည်။




“ဥပမာ ချိန်သီးတစ်ခုဆိုပါစို့။ မူလရှိနေတဲ့ အလယ်မှတ်က (၀)ပါ။ အဲဒီ (၀)ပေါ်ကို အားတစ်ခုသက်ရောက်တယ်ဆိုရင် အဲဒီချိန်သီးဟာ ဘယ်ညာရမ်းသွားမယ်။ အဲဒီအခါမှာ Right froce, Left force တွေ



ဖြစ်ပေါ်ပြီး ချိန်သီးဟာမူလမှတ် (၀)ကိုဖြတ်ပြီးတော့ ဟိုဘက်ဒီဘက် အညီအမျှရွေ့လျားမယ်။ ရှင်းရှင်းပြောရရင် ဘယ်ညာအညီအမျှရမ်းတယ်ပေါ့။ ဒါလည်းပဲ Simple Hormonic Motion ပါပဲ။ ဒါက ဒီသီအိုရီရဲ့ အဓိပ္ပာယ်ဥပမာပေါ့။ ထားပါ ကျွန်တော်အစကဆိုလိုချင်တာ အဲဒါမဟုတ်ပါဘူး။ ကျွန်တော်အစကပြောချင်တာက မိန်းကလေးတစ်ယောက် လမ်းလျှောက်တဲ့သီအိုရီပါ။ ဒီပုံကိုကြည့်လိုက်ပါ”

ဟုဆို၍ ဉာဏ်ထူး ပထမပုံကို လက်ညှိုးထိုးပြသည်။

“ဒီ AB မျဉ်းပေါ်မှာ မိန်းကလေးတစ်ယောက် လမ်းလျှောက်တယ်ဆိုပါစို့။ တစ်ဖြောင့်တည်းမျဉ်းပေါ်မှာ လမ်းလျှောက်တဲ့ခြေလှမ်းအား တစ်ခုသက်ရောက်တယ်ဆိုရင်ပဲ အဲဒီမိန်းကလေးရဲ့အလှအပတစ်စုံတစ်ရာဟာ Right force၊ Left force တွေဖြစ်ပေါ်လာပြီးတော့ ဘယ်ညာရမ်းသွားပါတယ်။ အဲဒီရမ်းနေပုံဟာလည်း ချိန်သီးဥပမာလို တစ်ဖက်နဲ့တစ်ဖက် ပုံသဏ္ဌာန်၊ အရွယ်အစား၊ အချိန်အဆ အားလုံးတူညီနေတယ်။ ရှင်းရှင်းပြောရရင် ထက်အောက်ဘယ်ညာအညီအမျှရမ်းတယ်ပေါ့။ ဒါဟာ ဘယ်လိုမှငြင်းလို့မရတဲ့သီအိုရီပါ”

ဉာဏ်ထူးစကားဆုံးတော့ ယောကျ်ားလေးတွေဆီမှ ‘ဟေး’ဟူသော အားပေးသံနဲ့အတူ ‘ရှီး’ဆိုသည့် လက်ခေါက်မှုတ်သံတစ်ချက်ပါကြားလိုက်ရသည်။ မိန်းကလေးများကတော့ ရှက်မျက်နှာရဲရဲတွေကို မနိုင့်တနိုင်ကွယ်ဝှက်ဖို့ကြိုးစားရင်း အလုပ်များနေကြပါ၏။

အားပေးသံညံသွားသော သူငယ်ချင်းများကိုလက်ကာပြလိုက်ရင်း ဉာဏ်ထူးဆက်ပြောသည်။

“ဒါဟာ . . . သာမန်အသင့်အတင့်ရှိတဲ့ မိန်းကလေးတစ်ယောက်ရဲ့ လမ်းလျှောက်မှုသီအိုရီပါ။ ဒီထက်သာတဲ့ တကယ့်အစစ်အပေါက်ကျတဲ့မိန်းကလေးမျိုးကျတော့ ဒီထက်နည်းနည်းပိုသွားပါတယ်။ ဘယ်ညာအညီအမျှ ရမ်းရုံတင်မဟုတ်တော့ပါဘူး”


တစ်ခန်းလုံး အသံပြန်တိတ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com

ညာဏ်ထူး ပုံတစ်ပုံကိုထပ်ဆွဲလိုက်ပါ၏။




" Speaker တစ်ခုမှာဆိုပါစို့၊ လျှပ်စစ်အားတစ်ခုသက်ရောက်လိုက်တဲ့အခါမှာ Speaker အရွက်ဟာ Right force, Left force ဆိုပြီး ဘယ်ညာရမ်းရုံတင်မဟုတ်တော့ပါဘူး။ Vibration ဆိုတဲ့ တုန်ခါမှုတစ်ခုပါပိုလာတယ်။ အဲဒီတော့ အစစ်အပေါက်ကျတဲ့မိန်းကလေးတစ်ဦး တစ်ကြောင်းမျဉ်းပေါ်လမ်းလျှောက်တဲ့အခါမှာလည်း ဘယ်ညာအညီအမျှရမ်းရုံတင်မဟုတ်ဘူး၊ အဲဒီမိန်းကလေးရဲ့ အလှအပတစ်စုံတစ်ရာဟာ တစ်ထောင့်တစ်နေရာမှာ လှစ်ခနဲတုန်သွားတယ်။ အထင်အရှားလှုပ်ရှားသွားတဲ့အခါမျိုးတွေရှိသလို မသိမသာရေးရေးလေး ဖြတ်ပြေးသွားတဲ့အခါမျိုးတွေလည်း ရှိတတ်ပါတယ်။ သက်ရောက်မှုအားများရင်များသလို တစ်ခုနဲ့တစ်ခုမတူဘူးပေါ့။ ရှင်းအောင်ပြောရရင် လမ်းမြန်မြန်လျှောက်ရင် တုန်ခါမှုကြိမ်နှုန်းများပြီး သာမန်အတိုင်းလမ်းလျှောက်ရင်တော့ ပုံမှန်ကြိမ်နှုန်းတွေနဲ့ပဲ လည်ပတ်တတ်ပါတယ်"

မိန်းကလေးများဘက်မှ အသံပင်မထွက်တော့ပါ။ ယောကျ်ားလေးများအသံသာ တစ်ဖက်သတ်ကြီးစိုးနေသည်။ ထိုအချိန်မှာပင် အခန်းထဲသို့ ကံထူးနှင့်ဖွဲ့ထူးဝင်လာပါ၏။ ညာဏ်ထူးက စကားထပ်ဆက်သည်။

"သက်ရောက်မှုအားများသွားရင်လည်း မကောင်းပါဘူး။ စပရင်



တစ်ခုမှာ သက်ရောက်မှုအားများသွားရင် ကျိုးပျက်သွားနိုင်သလို Speaker တစ်ခုမှာဆိုရင်လည်း အရွက်တွေပျက်စီးသွားနိုင်ပါတယ်။ အဲဒီလိုဆိုရင်တော့ SHM သီအိုရီနဲ့မညီတော့ဘူးပေါ့"

ဒါပေမယ့် ကိုယ့်အလှကိုယ်ယုံကြည်တဲ့ မိန်းကလေးအတော်များများလမ်းလျှောက်တဲ့အခါမှာ ခြေလှမ်းတစ်ခုချင်းစီအပေါ်ကို အားတွေအများကြီးမသက်ရောက်စေဘဲ သာမန်ခြေလှမ်းတွေနဲ့ပဲ ဘယ်ညာအညီအမျှရမ်းပြီး တစ်ထောင့်တစ်နေရာက အတုန်အခါလေးတွေကို လှစ်ပြတတ်ပါတယ်။ ဒါဆိုရင်တော့ SHM သီအိုရီပေါ့"

ဒီတော့ အချုပ်အားဖြင့်ပြောရရင် သင့်တင့်တဲ့မိန်းကလေးတစ်ယောက်ဟာ သာမန်ညီညာသောရွေ့လျားမှုနဲ့လမ်းလျှောက်ပြီး အသင့်တင့်မကတဲ့မိန်းကလေးကတော့ Sin ပုံစံညီညာသောတုန်ခါမှုတွေနဲ့ လမ်းလျှောက်ပါတယ်။ ဘာပဲဖြစ်ဖြစ် အဲဒီနှစ်ခုလုံးကလည်း SHM သီအိုရီရဲ့ဆိုလိုရင်းဖြစ်တဲ့အတွက် မိန်းကလေးတစ်ယောက်လမ်းလျှောက်ခြင်းသည် Simple Harmonic Motion (SHM) သီအိုရီနဲ့ပဲဖြစ်ပါတယ် ခင်ဗျာ"

"ဟေး . . ."

"ရှိုး . . ."

"ဖြောင်း . . . ဖြောင်း . . . ဖြောင်း"

အားပေးသံတွေ ဆူညံသွားလေသည်။

နောက် ညာဏ်ထူးက ကျောက်သင်ပုန်းတွင် တစ်စုံတစ်ခုထပ်ရေးပြလိုက်သည်။ ပါးစပ်မှလည်း . . .

"ကျွန်တော်ရှင်းပြနိုင်တာကတော့ ဒီလောက်ပါပဲ။ ဒီသီအိုရီနဲ့ပတ်သက်ပြီး ဒီထက်မကလေ့လာချင်တယ်ဆိုရင်တော့ ဒီလိပ်စာအတိုင်း Internet ဖွင့်ပြီး လေ့လာနိုင်ပါတယ်"

www. light and matter.com



www.burmeseclassic.com

www.burmeseclassic.com

ထိုအချိန်မှာပင် ဆရာက ကျေနပ်သောအပြုံးဖြင့် ပခုံးကိုလာ ပုတ်ရင်း . . .

"ငါ့တပည့် . . . မင်းတော်တော်လေ့လာထားတာပဲကွ"

ချီးကျူးတာလား၊ ရွတ်ချတာလားတော့မသိ၊ သို့ပေမယ့် . . .

"အဲလောက်လည်း မဟုတ်ပါဘူး ဆရာရယ်"

ထိုသို့သောအပြုံးဖြင့်ပြောရင်း ညဏ်ထူးဆင်းလာခဲ့ပါသည်။ သူ၏ခြေလှမ်းတွေက စစ်အောင်နိုင်သောစစ်သူကြီးတစ်ယောက်လို ဝံ့ကြွား နေဆဲ။ ထိုစဉ်မှာပင် မိန်းကလေးတွေအတန်းဆောင်မှ ဖြတ်အလျှောက် ..

"ဟယ် . . . ဟုတ်တယ်တော့ ဘယ်ညာအညီအမျှရမ်းတယ်"

"အန်"

ညဏ်ထူးအလိုလို လက်နှင့်အနောက်ကို ကာမိသွားသည်။

"ဟုတ်ပ . . . တစ်ထောင့်တစ်နေရာကတောင် တုန်နေသေး"

"ဗျာ"

ညဏ်ထူးတစ်ကိုယ်လုံးတုန်တက်သွားရကာ လူကအလိုလို ကြက်သီးတွေထသွားသည်။ သွားပြီ . . . သူ့ဝင့်လည်ပြီ။

ညဏ်ထူး ချက်ချင်းပင် လွယ်အိတ်ကောက်ဆွဲကာ အပြင်ပြေး ထွက်ခဲ့ပါတော့သည်။ သူဆက်နေလို့ဖြစ်မည်မဟုတ်တော့။

တော်ကြာ အသင့်အတင့်တွေ၊ အသင့်တင့်မကတာတွေပါကုန် ရင်ခက်မည်။ သူ့နောက်မှ ကံထူးနှင့်ဖွဲ့ထူးတို့လည်း လိုက်လာကြသည်။ အဆောင်ထဲမှထွက်၍ အပြင်လက်ဖက်ရည်ဆိုင်ရောက်မှပင် ညဏ်ထူး သက်ပြင်းချမိပါ၏။

ဒါတောင် ဟိုနှစ်ကောင်က အစပိုင်းသူတို့လွှတ်သွား၍ ပြန်ရှင်း ပြနိုင်းသည်ကြောင့် ရှင်းပြရသေးသည်။ သိပ်မကြာခင်မှာပင် ဆိုင်ထဲသို့ ကျောင်းသားတစ်အုပ်ဝင်လာပါ၏။ သူ့ကိုတွေ့တွေ့ချင်းပင် . . .

"ဟာ . . . အစ်ကိုကြီး ဘယ်ညာရမ်း"

"အန်"



"ဟာ . . . မဟုတ်ဘူး . . . အစ်ကိုကြီးတုန်ခါ . . ."

"ဗုဒ္ဓေါ"

ထိုကျောင်းသားတစ်အုပ်က ဘာမှန်းညာမှန်းမသိ လက်ကိုလာ ဆွဲသည်။

"လေးစားတယ်ဗျာ . . . အစ်ကို သီအိုရီထုတ်သွားတာ အရမ်း မိုက်တယ်။ ဘာ . . . မိန်းကလေးတစ်ယောက်လမ်းလျှောက်တာ Simple Hanmonic Motion (SHM) သီအိုရီနဲ့ဟုတ်လား။ လန်းတယ်ဗျာ . . . အစ်ကို့သီအိုရီကတော့ ကျောင်းသားတွေကြားမှာ ရေပန်းစားတော့မှာပဲ။ ဒါ . . . ဒါနဲ့ အစ်ကို့နာမည်က . . . "

"ညဏ် . . . ညဏ်ထူးပါ"

"ဟာ . . . ကိုညဏ်ထူး လေးစားတယ် . . . ကျွန်တော်တို့ နဲ့လက်ဖက်ရည်လာသောက်ပါလား . . . ဂုဏ်ပြုချင်လို့ပါ"

"နေ . . . နေပါစေတော့ကွာ . . . ရပါတယ်"

အတင်းခေါ်၍မရတော့မှ ထိုကျောင်းသားအုပ်ဆိုင်အတွင်းထဲ ဝင်သွားသည်။ ညဏ်ထူးအောင်မြင်မှုက ကြောက်ခမန်းလိလိပင်။

ထိုကျောင်းသားတစ်အုပ်အထဲဝင်သွားတော့မှ ကံထူးက တွေး တွေးဆဆဖြင့် . . .

"ဟုတ်တယ်ကွ . . . ဒီကောင်တွေပြောသလို မင်းသီအိုရီက ကျောင်းမှာနာမည်ကြီးမှာသေချာတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီလိုသီ အိုရီမျိုးကရခဲတယ်လေ"

ဖွဲ့ထူးကလည်း ကံထူးစကားကို ဝင်ထောက်ခံသည်။

"ဟုတ်တာမဟုတ်တာ အပထားပေါ့ကွာ။ ဘာပဲဖြစ်ဖြစ် လက် ဖက်ရည်ဆိုင်မှာ တို့ယောကျ်ားလေးတွေ ပြောစရာစကားတစ်ခု တိုးတာ ပေါ့"

ထိုသို့အားလုံးက သူ့အဆိုကိုလက်ခံနေကြသော်လည်း ညဏ် ထူးဝမ်းမသာမိ။ အကြောင်းက ဒီနေ့အတွက်စိတ်အေးသွားရသော်လည်း

www.burmeseclassic.com

မနက်ဖြန်အတွက် တွေးပူနေမိသည်။ ကံထူးနှင့်ဖွဲ့ထူးကတော့ အေးဆေးနေသည်။ မနက်ဖြန်အတွက် အဆင်သင့်ဖြစ်နေပုံရပါ၏။ သူရော အဆင်သင့်ဖြစ်ပြီလား . . .

မသေချာ။ ဒါပေမယ့် ညဏ်ကိုအမြဲတမ်း လက်ကိုင်ပြုလာခဲ့သော သူ့ဦးနှောက်နှင့်အတွေးအခေါ်ကိုတော့ ယုံကြည်နေသည်။

ဒီနေ့ စနေနေ့ဆိုတော့ ဘယ်လိုပဲဖြစ်ဖြစ် မနက်ဖြန်တနင်္ဂနွေနေ့ဖြစ်မှာ သေချာသည်။ ဒီလိုဆိုတော့ . . .

⁂



(၅)

အင်းယားရန့်က သင်းသင်းမွှေးနေသည်။ ဆိုင်တစ်ဆိုင်ထဲတွင် လူလေးယောက်ထိုင်နေကြပါ၏။ မိန်းကလေးတစ်ယောက်နှင့် ယောကျ်ားလေးသုံးယောက်။

ဆိတ်ငြိမ်ရပ်ဝန်းတစ်ခုကို ထိုမိန်းကလေးကပင် စတင်ဖြိုခွဲလိုက်ပါ၏။

"အမှန်အတိုင်းပြောရရင်တော့ ငါတို့လေးယောက်ကြားမှာရှိတဲ့ အဖြူရောင်သံယောဇဉ်လေးကိုပဲ သဘောကျတယ်။ ငါတို့တွေ ငယ်ငယ်ကတည်းက သူငယ်ချင်းအဖြစ်ရင်သန်လာခဲ့တယ်။ အခုလည်း သူငယ်ချင်းပဲ။ ဒါပေမယ့် ဘဝတစ်ဆစ်ချိုးကွေ့မှာ ဖြစ်လေ့ဖြစ်ထရှိတဲ့ အလေ့အထတစ်ခုကိုတော့ ငါနားလည်ပါတယ်။ ဒါမျိုးကိစ္စတွေက ဘယ်သူမဆို အချိန်တန်အရွယ်ရောက်ရင် တစ်နည်းမဟုတ်တစ်နည်း ကြုံတွေ့ဖြစ်မှာပါ။ အခု နင်တို့သုံးယောက်စလုံးလည်း အဲဒီကိစ္စအတွက် ငါ့ဆီရောက်ခဲ့ပြီ။ အဲဒီတော့ နင်တို့ဘယ်လိုစဉ်းစားထားလဲ"



www.burmeseclassic.com

www.burmeseclassic.com

ဝသန့်စကားကြောင့် ကံထူး၊ ဉာဏ်ထူးနှင့် ဖွဲ့ထူးသုံးယောက် စလုံး တစ်ယောက်မျက်နှာတစ်ယောက်ကြည့်မိသည်။ ကြိုတင်တိုင်ပင်ထားသည့်အတိုင်း ဉာဏ်ထူးနှင့်ဖွဲ့ထူးက အလိုက်တသိထိုင်နေရာမှထလိုက်သည်။ ပြီး ခပ်ဝေးဝေးစားပွဲသို့ သွားထိုင်နေလိုက်ပါ၏။

သူတို့နှစ်ယောက် ကံထူးကိုဦးစားပေးလိုက်ခြင်းပင်။ ကျန်နေခဲ့သူက ကံထူးနှင့်ဝသန်။ ကံကိုယုံသောကံထူး၊ ကံကိုအခြေခံပြီး မည်သို့သောစကားလုံးတွေနှင့် နှလုံးသားရေးရာကို ဆွေးနွေးမည်နည်း။

ကံထူး အင်္ကျီအိတ်ကပ်ထဲမှ တစ်စုံတစ်ခုကိုထုတ်လိုက်ကာ ..

"ဝသန် . . . ရော့"

ဝသန်က ကံထူးလက်ထဲမှပစ္စည်းကို တစ်ချက်ကြည့်ကာ နားမလည်ဟန်တွေ အထင်းသားပေါ်သွားသည်။

"ဘာလဲ . . . ဒီထီလက်မှတ်က . . . "

"ဒါ . . . ကံကိုယုံကြည်တဲ့ငါ့အတွက် အကောင်းဆုံးသက်သေပါပဲ။ ငါနှစ်ရှက်ဝယ်ပြီး နင့်အတွက်ငါတစ်ရှက်ခွဲယူထားတယ်။ လတိုင်းလတိုင်းလည်း နင့်အတွက်တစ်စောင် အမြဲတမ်းပေးမယ်။ ကျန်တဲ့တစ်စောင်က ငါ့အတွက်ပေါ့။ နင့်အပေါ်ထားတဲ့ငါ့ရဲ့မေတ္တာတွေမှန်ကန်ခဲ့ရင် တစ်နေ့နေ့တစ်ချိန်ချိန်တော့ ဒီထီလက်မှတ်တွေကတစ်ဆင့် ငါတို့နှစ်ယောက်ထီပေါက်မှာပါ။ ငါ့ရဲ့မေတ္တာတွေမှန်ကန်ကြောင်း နင်ယုံကြည်လာတဲ့တစ်နေ့ပေါ့"

ကံထူးက စကားကိုခဏရပ်၍ ထီလက်မှတ်ကို သူမရှေ့သို့ တိုးပေးသည်။ ပြီးတော့ . . .

"ငါ နင့်ကိုတကယ်ချစ်တယ်ဆိုတာ တစ်နေ့နေ့တော့ ကံတရားကြီးက ငါ့အစားသက်သေပြပေးမှာပါ . . . ဝသန်။ ငါပြောချင်တာတော့ ဒီလောက်ပါပဲ"

စကားဆုံးတော့ ကံထူးထထွက်သွားသည်။ သူ့ကိစ္စပြီးလေပြီ၊ ကျန်ရစ်ခဲ့သော မေဝသန်မှာတော့ ထီလက်မှတ်တစ်စောင်ကိုကြည့်၍



ကြောင်အနေဆဲ။ ဘာပဲပြောပြော ကံထူး၏ [illegible]လေးက တော်တော်လှနေသည်။

ဒီတစ်ခါအလှည့်ကျသူက ဉာဏ်ထူး။

ဉာဏ်ထူး ခပ်တည်တည်ပင် ခုနကံထူးထိုင်သွားသောနေရာမှာ ဝင်ထိုင်လိုက်သည်။ ပြီးနောက် . . .

"ဖြောင်း . . . ဖြောင်း"

ကောင်တာသို့လှည့်ကြည့်ကာ လက်အုပ်နှစ်ချက်တီးလိုက်သည်။ မကြာပါ . . . ဆိုင်ဝန်ထမ်းတစ်ယောက်က စူပါပလိန်းတစ်ခွက်လာချပေးပါ၏။ ဒီတော့မှ . . .

"တကယ်ဆိုရင်တော့ လက်ခုပ်နှစ်ချက်တီးပြရုံနဲ့တင် လုံလောက်ပါပြီ။ ဒါပေမယ့် ငါ့အချစ်တွေကို ရုပ်ဝတ္ထု ပစ္စည်းတစ်ခုအဖြစ် သက်သေပြဖို့လုပ်အပ်လို့ပါ။ ရော့ . . . ဝသန် ဒါနင့်အတွက် ငါ့ရဲ့အချစ်သက်သေ"

စူပါကော်ဖီခွက်ကို သူမရှေ့သို့ ထိုးပေးလိုက်သည့်အတွက် ဝသန်ကြောင်သွားသည်။ သူမမှ ကော်ဖီမကြိုက်တာပဲ။

နောက်ပြီး ဉာဏ်ထူးပြောသည့် အချစ်သက်သေဆိုတာက ..

"ဒါ . . . ငါ နင့်ကိုဘယ်လောက်ချစ်ခဲ့ကြောင်းပြတဲ့ သက်သေတစ်ခုပါ"

"ဟင်"

ဝသန် မျက်လုံးပြူးသွားသည်။ သူမ နားမလည်ပါ။ ထို့ကြောင့် . . .

"ဒီကော်ဖီကသက်သေ . . . "

ဝသန် တော်တော်ဘဝင်မကျဖြစ်သွားလေသည်။ ဒီစူပါပလိန်းက သူ့အချစ်ရဲ့သက်သေတဲ့။ ဘာတွေလဲ"

နားမလည်သော သူမပုံစံကိုကြည့်၍ ဉာဏ်ထူးက သဘောပေါက်စွာ . . .

www.burmeseclassic.com

"လက်ခုပ်နှစ်ချက်တီးတာဟာ ရှုပါရဲ့ အဓိပ္ပာယ်ဆိုတာတော့ နင် သိတယ်မလား"

သူမ ကမန်းကတန်း ခေါင်းညိတ်ပြမိသည်။

"အဲ့ဒါဆို နင် Super coffee ဝေါရှိကိုတော့ မြင်ဖူးမှာပေါ့"

"ကော်ဖီကောင်းကောင်းတစ်ခွက်ရဖို့ (၇)နှစ် အချိန်ယူရပါ တယ်။ ချက်ချင်းမျိုမချလိုက်ပါနဲ့ . . . ဖိမ်ခံပြီးမှသောက်ပါ . . . ဆို တာလေ . . ."

"အေးလေ . . . မြင်ဖူးတယ် . . . အဲဒီတော့ . . ."

"ဖြောင်း . . . ဖြောင်း"

ဉာဏ်ထူး လက်ခုပ်နှစ်ချက် ထပ်တီးလိုက်သည်။

"အဲဒီတော့ လက်ခုပ်နှစ်ချက်ရဲ့ အဓိပ္ပာယ်က . . . ကိုယ်မင်းကို ချစ်နေတာ (၇)နှစ်ရှိပါပြီ။ ချက်ချင်းမငြင်းလိုက်ပါနဲ့ . . . သေချာ ဖိမ်ခံစဉ်းစားပြီးမှ အဖြေပေးပါဆိုတဲ့ အဓိပ္ပာယ်ပဲ"

"ဟေ . . ."

ဝသန် အာမေဋိတ်သံပင် ထွက်သွားပါသည်။ ဉာဏ်ထူးက တော့ ခပ်တည်တည်အမူအရာဖြင့် . . .

"အဲဒီတော့ ငါအများကြီးမမျှော်လင့်ဘူးဝသန်၊ နင်ဒီကော်ဖီကို သောက်လိုက်ပါဟာ"

ဝသန်မသောက်ပါ။ စိတ်မပါသလိုအမူအရာဖြင့် ကော်ဖီခွက် ကို အသာကြည့်နေသည်။ ဉာဏ်ထူး သဘောပေါက်စွာပြုံးလိုက်သည်။ ပြီးနောက် . . .

"နင် အခုလောလောဆယ် သောက်ချင်စိတ်မရှိဘူးဆိုရင်လည်း ငါနားလည်တယ်ဝသန်။ နင်သောက်ချင်စိတ်ဖြစ်ပေါ်လာတဲ့ အချိန်အတိုင်း အတာတစ်ခုထိ ငါစောင့်မယ်။ ဒါပေမယ့် ဒီ Super coffee ထုပ်လေး ကိုတော့ (၇)နှစ်တာချစ်လာခဲ့တဲ့သက်သေတစ်ခုအဖြစ် ယူသွားလိုက် နော်"



ဉာဏ်ထူး အေးဆေးစွာပင် လှည့်ထွက်ခဲ့လေသည်။

စားပွဲတွင် ပုံမှန်အတိုင်း ကျန်နေခဲ့သော ဝသန့်မှာတော့ . . .

ဖွဲ့ထူးကတော့ ကြွပ်ကြွပ်အိတ်ကြီးတစ်လုံးကိုဆွဲကာ ထိုင်နေရာ မှထထွက်သွားသည်။ သူ၏ဦးတည်ရာက ဝသန့်ဆီသို့၊ ဒီတစ်ခါသည် သူ့အလှည့်။

ဝသန့်ရှေ့ရောက်တော့ လက်ထဲမှ ကြွပ်ကြွပ်အိတ်ကြီးကိုဖွင့် လိုက်ကာ . .

"ရော့ . . . ဝသန်၊ ဒါနင့်အတွက် ငါကိုယ်တိုင်သီထားတဲ့ စကားဖြူပန်းတွေ။ အားလုံးအပွင့် (၁၅၀၀)တိတိရှိတယ်။ နင့်ကိုချစ်တဲ့ ငါ့ရဲ့ဝီရိယပေါ့ဟာ။ ဒီစကားဖြူပန်းအပွင့် (၁၅၀၀)ရဖို့ကို ငါမနည်းကြိုး ကြိုးစားထားရတာ"

ဖွဲ့ထူး စားပွဲပေါ်တင်လိုက်သော စကားဖြူပန်းကုံးများကိုကြည့် ၍ . . .

"ဟာ . . . ငါမှ စကားဖြူပန်းမကြိုက်တာ"

ဝသန့်စကားကြောင့် ဖွဲ့ထူး မရှိတင်ကဲပြုံးလိုက်သည်။

"ငါသိပါတယ် ဝသန် . . . ဒါပေမယ့် နင်ကြိုက်တဲ့ စံပယ် ပန်းပေးရင် နိမိတ်မကောင်းလို့ စကားဖြူပန်းကိုရွေးလိုက်တာ"

"ဟင် . . . စံပယ်ပန်းက နိမိတ်မကောင်းဘူး"

"အေးလေ . . . စံပယ်ပါဆိုမှ စကတည်းက အပယ်ခံရမှာစိုး လို့ငါမပေးတော့တာ"

"ဒါဆို စကားဖြူကျတော့ရော . . ."

"ငါအခုပြောနေတဲ့စကားတွေအားလုံး ဖြူစင်ပါတယ်ဆိုတဲ့ အဓိပ္ပာယ်လေ"

"ဩော်"

ဝသန် 'ဩော်' မိသွားလေသည်။ ယခု သူမရှေ့စားပွဲပေါ်တွင် ရှိနေသည်ကား . . .



www.burmeseclassic.com

www.burmeseclassic.com

ထီလက်မှတ်တစ်ခု၊ Super coffee တစ်ထုပ်၊ ပြီးတော့ (၁၅၀၀) အပွင့်တည်းဟူသော စကားဖြူပန်းကုံးများ။

သူမ ဝေခွဲရခက်စွာ ငေးကြည့်နေဆဲခဏမှာပင် အင်းယားရေပြင်ထဲသို့ နေလုံးကြီးငုပ်လျှိုးသွားသည်။

အိမ်ပြန်ချိန်မတိုင်ခင်ခဏမှာ သူတို့လေးယောက် အင်းယားကန်စောင်းပေါ်၌ ဓာတ်ပုံတစ်ပုံရိုက်ဖြစ်ကြသည်။

ဒီလိုနှင့်ပဲ သူတို့လေးယောက်၏ အိမ်ပြန်ချိန်သို့ ရိုးရိုးလေးရောက်သွားခဲ့ပါသည်။

လေးယောက်စလုံး၏စိတ်ထဲတွင်ကား . . .

မတင်ကျသော အတွေးကိုယ်စီဖြင့် ယှက်သိုင်းရစ်နွယ်ရင်း . .



BURMESE CLASSIC .com

## ဒီ လို နှင့်

သူတို့တွေကျောင်းပြီးသွားသောတစ်နေ့



www.burmeseclassic.com

www.burmeseclassic.com

## (g)

မနက်ခင်းတစ်ခု၏ လတ်ဆတ်ခြင်းသည် ပြတင်းဆီမှ ဖွေ့ဖွေ့လေးတိုးဝင်ကျဆင်းလာပါသည်။

"သမီးရေ . . . ခြံဝမှာ ခေါင်းလောင်းသံကြားတယ်။ ဘယ်သူလဲမသိဘူး . . . သွားကြည့်လိုက်ဦး"

မေမေ့အသံကြောင့် ဝသန် စာကျက်နေရာမှထရင်း ခြံထဲသို့ ဦးတည်လျှောက်ဆင်းသွားလိုက်သည်။ ကံထူး၊ ဉာဏ်ထူးနှင့်ဖွဲ့ထူး သုံးယောက်စလုံးမှာ ကျောင်းပြီးသွားပြီဖြစ်သော်လည်း ဆေးတက္ကသိုလ်တက်နေရသော သူမတစ်ယောက်မှာ ကျောင်းမပြီးသေး။

ခြံတံခါးဝဆီသို့ အကြည့်တစ်ချက်အရောက်မှာပင် သိမ့်ခနဲ နွေးသွားရသောရင်အစုံက မနက်ခင်းတစ်ခုကို အံ့တုသွားသည်။ ခြံတံခါးဝတွင် သူမတွေ့ရသည်ကား . . .

စကားဖြူပန်းကုံးများ . . .။



ဟိုးလွန်ခဲ့သောသုံးနှစ်ခန့်က အင်းယားကန်ပေါင်ပေါ်မှာ ရက်စွဲတချို့ကို သူမသတိရသွားသည်။

"ဟုတ်သားပဲ . . . ဒီနေ့ (၁၆)ရက်နေ့ပဲဥစ္စာ။ ဒါဆိုရင် ဟိုနှစ်ယောက်ဟာလည်း ရောက်နေပြီလားမသိဘူး"

ဝသန်စိတ်ထဲမှတွေးရင်း တံခါးဆီရောက်တော့ ထင်သည့်အတိုင်းပင် ခြံတံခါးမှာချိတ်ဆွဲထားသော စာတိုက်ပုံးထဲ၌ စာနှစ်စောင်ရောက်နေသည်။

သူမ စာနှစ်စောင်နှင့် စကားဖြူပန်းကုံးများကိုယူကာ အိမ်ထဲသို့ပြန်ဝင်လာခဲ့သည်။ အခန်းထဲရောက်တော့ စကားဖြူပန်းကုံးများကို စားပွဲပေါ်တင်၍ စာနှစ်စောင်ကို ဖောက်လိုက်သည်။ ပထမစာအိတ်ထဲတွင်ကား ထင်ထားသည့်အတိုင်း ထီလက်မှတ်တစ်စောင် . . . ဒုတိယစာအိတ်ဖောက်လိုက်ပြန်တော့လည်း အရင်လတွေကအတိုင်း Super coffee တစ်ထုပ်နှင့် စာရွက်တစ်ရွက်။

စာရွက်ကိုဖွင့်ကြည့်လိုက်တော့ (+3)ဟုရေးထားသည်။ ဒါဆိုလျှင် သူမကိုချစ်နေတာ (၁၀)နှစ်ရှိပြီဆိုသည့်သဘောပေါ့။

ရနံ့ကြည်နူးမှုလား၊ အသိမှတ်ပြုမှုလားမသိသော အပြုံးတစ်ခုက မျက်နှာပေါ်ထင်သွားသည်။ နောက် အခန်းပတ်ပတ်လည်မှ ချိတ်ဆွဲထားသော စကားဖြူပန်းခြောက်များကိုကြည့်သည်။ ပြီး လစဉ်မပျက်ပို့နေသော ထီလက်မှတ်များနှင့် ကော်ဖီထုပ်များဆီသို့လည်း အကြည့်ရောက်သည်။

လစဉ်မပျက် (၁၆)ရက်နေ့ဆိုလျှင် ရောက်လာတတ်သော စကားဖြူပန်းပွင့် (၁၅၀၀)၊ ထီလက်မှတ်တစ်စောင်၊ ကော်ဖီတစ်ထုပ်တို့က အစဉ်အလာမပျက်ပေ။

တိုက်တိုက်ဆိုင်ဆိုင် (၁၆)ရက်နေ့ကိုပင် သုံးယောက်စလုံးရွေးကာပေးကြသည်ကြောင့် သူမအံ့သြမိနေသည်။ သုံးယောက်သားတိုင်ပင်ပြီးပေးတာတော့မဖြစ်နိုင်ပေ။ ထူးဆန်းသောကိစ္စတစ်ခုသည်းမဟုတ်။



www.burmeseclassic.com

www.burmeseclassic.com

ဒီလိုပဲ သူတို့သုံးယောက်က တိုက်ဆိုင်နေကျပင်မဟုတ်ပါလား။

ဒါပေမယ့် သုံးနှစ်တိုင်တိုင် အစဉ်အလာမပျက် ရောက်လာနေကျ ချစ်သက်သေများကိုတော့ တူညီစွာ အသိအမှတ်ပြုပါသည်။

သို့သော် ရွေးဖို့ခက်နေသော သူမနှလုံးသားကိုတော့ သူတို့သုံးယောက်အစား သူမဒေါသထွက်ပါသည်။

"အေးလေ . . . အချစ်ဆိုတာ လုပ်ယူလို့ရတာမှမဟုတ်တာ"

သူမတိုးညင်းစွာညည်းရင်း ကံထူး၊ ဉာဏ်ထူးနှင့်ဖွဲ့ထူးတို့သုံးယောက်စလုံးကို သတိရမိသည်။

သုံးယောက်စလုံးနှင့် အဆက်အသွယ်မပျက်ရှိကြသော်လည်း နောက်ပိုင်း လုပ်ငန်းခွင်အသီးသီးဝင်ကုန်၍ အရင်လောက်သိပ်မတွေ့ဖြစ်တော့။ ကံထူးတစ်ယောက်သာ မန်နေဂျာဖြစ်သည်မှလွဲ၍ ကျန်သည့်နှစ်ယောက်ကတော့ ဆိုင်ရာဆိုင်ရာနယ်ပယ်တွင် တော်တော်အောင်မြင်နေသည်။

အပြင်မှာတွေ့ရန်စဉ်းစားမိသော်လည်း ဒီနေ့မအားဘူးဆိုတာတွေးမိ၍ သူမခေါင်းထဲမှ အစီအစဉ်ကိုထုတ်လိုက်သည်။

အကြောင်းကား . . .

သူမတို့၏ငယ်စဉ်က အတန်းပိုင်ဆရာ ဦးခန့်နောင်တစ်ယောက် သူ၏ဇာတိရွာလေးတွင် ဦးပဉ္စင်းတက်ရန်ရှိသည်ဟူ၍ ဖိတ်ထားသည့်အတွက် သူမတို့တစ်မိသားစုလုံး သွားရန်ရှိသည်မဟုတ်ပါလား။



**(h)**

"ဟယ်လို . . . "

"ကံထူးလား . . . ငါပါ ဝသန်"

"အေး . . . ပြော ဝသန် . . . ဘာပြောမလို့လဲ"

"မနက်ဖြန် နင်အားလား"

"အားတော့မအားဘူးဟ . . . ဘာကိစ္စရှိလို့လဲ"

"ငါ နင်ရယ်၊ ဉာဏ်ထူးရယ်၊ ဖွဲ့ထူးရယ်ကို ရွာတစ်ရွာကိုခေါ်သွားချင်လို့"

"ရွာ . . . ဘာရွာလဲ . . . "

"ရောက်တော့ သိမှာပေါ့ဟာ . . . ဒါပဲ . . . မနက်ဖြန်မနက် (၁၀)နာရီလောက် ဆုံနေကျနေရာကိုလာခဲ့ . . . ငါတို့စောင့်နေမယ်"

• • •



www.burmeseclassic.com

www.burmeseclassic.com

"ဉာဏ်ထူး . . . မနက်ဖြန် နင်အားတယ်မလား"

" . . . . . "

"အေး . . . ငါ နင်တို့သုံးယောက်ကို ရွာတစ်ရွာကို ခေါ်သွားချင်လို့"

" . . . . . "

"ဒါပဲနော် . . . မနက်ဖြန် ဆုံနေကျနေရာမှာ တွေ့မယ်"

• • •

"ဖွဲ့ထူး . . . ငါ ဝသန်"

" . . . . . "

" . . . . . "

"အေး . . . အေး . . . ဒါပဲ ဒါပဲ . . . မနက်ဖြန် (၁၀)နာရီ ထိုးအရောက်လာခဲ့"



**(i)**

"ကံထူးကလည်း ကြာလိုက်တာဟယ်"

"အေးဟာ . . . သေချာချိန်းထားလျက်သားနဲ့"

ချိန်းထားသည့်နေရာတွင် သုံးဦးသားထိုင်ကာ ကံထူးကိုစောင့်နေကြသည်။ ချိန်းထားသည့်အချိန်ထက် နာရီဝက်နောက်ကျနေပါပြီ။ သို့သော် ကံထူးပေါ်မလာသေး။

"ငါ နင်တို့ကို အရမ်းထူးဆန်းတဲ့ နေရာတစ်ခုဆီခေါ်သွားမလို့ဟ။ နင်တို့တွေ့ရင်လည်း အရမ်းအံ့ဩသွားမှာ . . . "

"ဘယ်လိုနေရာမို့လို့လဲ"

"နင်တို့ ဝက်ဘာတွေဘာတွေပတ်ဖူးလား"

"အေး"



www.burmeseclassic.com

www.burmeseclassic.com

"အဲဒါနဲ့ နည်းနည်းဆင်တူတယ်။ ဒါပေမယ့် ဘုရားပွဲတွေ၊ မျက်လှည့်ပွဲတွေက ဝက်ဘာမဟုတ်ဘူး။ သူက ခေါင်းနည်းနည်းစား ရတယ်။ ခေါင်းစားရတဲ့ ဝက်ဘာပေါ့ဟာ"

"ဟုတ်လား"

ဝသန့်စကားကို သာမန်ကာ လျှံကာပဲ သဘောထားမိသည်။ ဖွဲထူးကတော့ နာရီတကြည့်ကြည့်နှင့် ဖင်တကြွကြွဖြစ်နေသည်။ သူက အစောဆုံးကြိုရောက်နေသူဆိုတော့ ကံထူးကို ဒေါသထွက်နေလောက် သည်။

ထိုစဉ်မှာပင် ဝသန့်ဖုန်းမှာမြည်လာ၍ ဝသန်ဖုန်းကိုကြည့် ကာ . . .

"ကံထူးဆက်တာဟဲ့ . . ."

ပြောလည်းပြော၊ လက်ကလည်း ဖုန်းကိုဖွင့်ကာ ထူးလိုက် သည်။

"ဟယ်လို . . . "

" . . . . . "

"အေး . . . အကုန်ရောက်နေပြီ"

" . . . . . "

"နင်ကလည်းဟာ . . . သေချာချိန်းထားတာကို . . ."

" . . . . "

"နည်းနည်းလောက်ကြိုးစားပြီး ထွက်ကြည့်ပါလား"

ပြောနေပုံအရတော့ ဟိုကောင်ကံထူးမလာနိုင်၍ ဖုန်းဆက်တာ ဖြစ်မည်။ ဒီအတိုင်းဆိုရင်တော့ ဒီကောင့်ကို အသာတကြည်လွှတ်ပေး လို့မရ။ နည်းနည်းပါးပါးတော့ ငေါက်ငမ်းပေးမှဖြစ်မည်။ ထိုစဉ်မှာပင် ဝသန်က ဖုန်းပြောနေရာမှ သူနှင့်ဖွဲထူးဘက်ကိုလှည့်၍ . . .

"ကံထူးဆိုင်မှာလူကျနေလို့ လာလို့မရဘူးတဲ့"

ဘာတတ်နိုင်မည်နည်း၊ ဖွဲထူးက ခေါင်းညိတ်ပြလိုက်သည်။



ထိုအခါမှ ဝသန်ကဖုန်းကိုနားနှင့်ပြန်ကပ်၍ . . .

"အေးဟာ . . . ပြီးရော . . . ပြီးရော . . . နင်ကလည်း အရာရာနဲ့အကြောင်းကြောင်းချည်းပဲ . . . ဒါပဲမလား"

ဝသန်ဖုန်းချလိုက်တော့မည့်ပုံစံကြောင့် ဉာဏ်ထူးလက်ကာပြ ကာ ဖုန်းကိုလှမ်းတောင်းသည်။

"အေး . . . အေး . . . ခဏနေဦး . . . ဉာဏ်ထူးပြောမလို့ တဲ့ . . . ဖုန်းမချနဲ့ဦး"

"ဟော့ကောင် မင်းဘာအချိုး . . . "

ဖုန်းချသွားလေပြီ။

ဉာဏ်ထူးကောတော့မည်ဆိုတာသိ၍ တမင်ညစ်ကျယ် ကျယ် သွားခြင်းဖြစ်ရမည်။

ဒီနောက်မှာတော့ ဝသန်ပြောသည့် ထူးဆန်းသောအစီအစဉ်ကို ဖျက်ကာ ကိုယ်စီကိုယ်စီလမ်းခွဲခဲ့ကြပါ၏။

ဂ ဂ ဂ



www.burmeseclassic.com

www.burmeseclassic.com

(၂)

ညနေမကျတကျမှာပင် ဉာဏ်ထူးဆီသို့ ဖုန်းနံပါတ်တစ်ခုရောက်လာသည်။ ကြည့်လိုက်တော့ ကံထူးအလုပ်လုပ်နေသောဆိုင်မှ ဖုန်းနံပါတ်၊ ချက်ချင်းပင် မနက်ကအပြောခံရလွတ်အောင် ရှောင်သွားသော ကံထူးမှန်းသိလိုက်သည်။

"ဟယ်လို"

"ဟော့ကောင် . . . ဉာဏ်ထူး . . . ငါ . . . ငါထီပေါက်ပြီ"

"ဟင်"

"ငါထီပေါက်ပြီဟော့ကောင် . . . ငါသိန်းတစ်ထောင်ပေါက်ပြီ"

ဝမ်းသာအယ်လဲကြားလိုက်ရသော ကံထူးအသံတို့ကြောင့် ဉာဏ်ထူး ပထမအံ့သြသွားသည်။

"ဘာ . . . ဘာပြောတယ်"



"ဟာ . . . ငါ သိန်းတစ်ထောင်ထီပေါက်ပြီဟော့ကောင် . . . ဒီနေ့ထီဖွင့်ရက်လေကွာ။ အဲဒါ . . . ဟား . . . "

ကြားလိုက်ရသောစကားတို့ကြောင့် ကံထူးပင်မဟုတ်၊ ကံထူးအစား ဉာဏ်ထူးပင် ဝမ်းသာလုံးဆို့သွားသည်။

"သေ . . . သေချာလို့လားကွာ"

"အေး . . . သေချာသွားပြီ။ ငါ့အလုပ်ထဲကို ထီဆိုင်ကကိုယ်စားလှယ်တွေကိုယ်တိုင်ရောက်လာတာ"

"ဟေး . . . ဝမ်းသာတယ်ကွာ၊ ငါတကယ်ဝမ်းသာတယ်။ မင်း . . . မင်းဟိုကောင်တွေကို ပြောပြီးသွားပြီလား"

"ဝသန့်ကိုတော့ ပြောပြီးသွားပြီကွ။ ဟိုကောင်ဖွဲ့ထူးကိုတော့ မပြောရသေးဘူး။ ဝသန်လည်းမင်းလိုပဲ တော်တော်ဝမ်းသာနေတယ်"

ကံထူးအဖြစ်က သူငယ်ချင်းတွေအကုန်လုံး မျှော်လင့်နေသော ကိစ္စတစ်ခုဖြစ်သည့်အတွက် အကုန်လုံးဝမ်းသာနေကြမှာသေချာသည်။

"နောက် . . . နောက်ပြီးတော့ တစ်ခုရှိသေးတယ်ကွ။ အခု ပေါက်တဲ့ထီလက်မှတ်က လစဉ်လတိုင်း ငါနဲ့ဝသန့်အတွက်ရည်ရွယ်ပြီး ထိုးတဲ့ထီလက်မှတ်ထဲကပေါက်တာ။ ဝမ်းသာလိုက်တာကွာ။ ငါ ဝသန့်အပေါ် တကယ်ချစ်တယ်ဆိုတာကို ကံတရားကြီးကတောင် အသိအမှတ်ပြုလိုက်ပြီပေါ့"

ထိုစကားကြောင့် ဉာဏ်ထူးစိတ်ထဲတွင် နည်းနည်းတော့ ဘဝင်မကျဖြစ်သွားသည်။ ဒါပေမယ့် သူဝမ်းသာပါသည်။

သူငယ်ချင်းသုံးယောက်ထဲတွင် ကံကိုယုံသော ကံထူးတစ်ယောက်သာ စီးပွားရေးတွင် နောက်ကျကျန်ခဲ့သည် မဟုတ်ပါလား။

အခုတော့ . . .

သုံးယောက်စလုံး ပြေးလမ်းပေါ်တွင် ခြေလှမ်းတူသွားပြီ။

ဆိုင်တော့မဆိုင်ပါ။ ဒါပေမယ့် ဝသန်မည်သူ့ကိုရွေးမည်နည်း။



www.burmeseclassic.com

www.burmeseclassic.com

**(k)**

ကားတစ်စီးလုံးတွင် လောလောလတ်လတ်ထီပေါက်ထားသော ကံထူးအသံသာကြီးစိုးနေသည်။ ကံ,ကံ၏အကျိုးတွေ၊ ကံမရှိဉာဏ်ရှိ တိုင်းမွဲတွေ၊ ကံသာအမိ၊ ကံသာအဖတွေချည်းလုပ်၍ ကံချင်းထပ်ကာ မိုးမွှန်နေပါသည်။

နောက်ခန်းတွင် ဝသန်နှင့်တွဲထိုင်ကာ ကံချည်းစွတ်တူးနေသည့် အတွက် ဉာဏ်ထူးက . . .

"တော်ပါတော့ကွာ ကံထူး . . . ကြာရင် ငါထကန်မိတော့ မယ်"

ဒီတော့မှ ကံထူးအနည်းငယ်ငြိမ်ကျသွားသည်။ ဉာဏ်ထူးစကား ကြောင့် ဝသန်က 'ခွိး'ခနဲ ထရယ်သလို ကားမောင်းနေသော ဖွဲထူးကလည်း ဉာဏ်ထူးကို ဂုဏ်ပြုပြုံး ပြုံးပြပါ၏။



ဒီတော့မှ ကံထူးတစ်ယောက် မအူမလည်ဖြင့် ကံအတူးရပ်သွား သည်။ ဒီကောင် ဘာကိုဆိုလိုနေသလဲဆိုတာ ဉာဏ်ထူးသိသည်။ သူ ဝသန့်အပေါ်ထားသည့် မေတ္တာတွေမှန်ကန်ကြောင်း၊ ဝသန့်ကိုတကယ် ချစ်ကြောင်း၊ သူ့အချစ်ကို ကံတရားကြီးကပင် အသိအမှတ်ပြုပြီဖြစ် ကြောင်း . . . အဲဒါကို ဆိုလိုချင်နေတာ။

ဒါပေမယ့် ဝသန်ကလည်း မသိသလိုလုပ်နေသည့်အတွက် ကံထူးမှာ ဇွဲလည်ကြောင်ပတ်ဖြင့် ကံချင်းထပ်ကာပြောနေခြင်းဖြစ်သည်။ အခုတော့ . . .

အနည်းငယ်ငြိမ်ကျသွားလေသည်။ ဝသန်ကိုယ်တိုင်က သူ့ ဘက်မပါတာကိုး။

ကားအတွင်းထဲမှာ အနည်းငယ်အသံငြိမ်သွားတော့မှ ဖွဲထူးက

"ဝသန် . . . နင် ငါတို့သုံးယောက်ကို ဘယ်ခေါ်သွားမလို့ လဲ"

"ငါ . . . ဟိုတစ်ခါပြောထားတဲ့ ထူးဆန်းသောခရီးစဉ်လေ ဟာ"

ဝသန့်အဖြေကြောင့် ဉာဏ်ထူးက . . .

"အမယ် . . . ထူးဆန်းသောခရီးစဉ်ဆိုပါလား . . . ခေါင်းစဉ် တွေဘာတွေတပ်လို့ နင်ရိုးတော့ရိုးပါတယ်နော်"

သူ့စကားကြောင့် ဝသန်ကြောင်သွားပြီး သူ့ကိုပြန်မေးသည်။

"ဘာလဲဟ . . . ငါက ဘာရိုးပါတယ်လဲ"

"သြော် . . . ငါတို့ယောကျ်ားလေးသုံးယောက်ကို နင်က မိန်းကလေးတန်မယ့် ထူးဆန်းသောခရီးစဉ်ဆိုပြီး ဦးဆောင်ခေါ်သွား လို့ . . . ဟဲ ဟဲ . . . ဟိုလေ နိုးပြေးတာတော့ မဟုတ်ပါဘူးနော်"

"ဘာ . . ."

ဝသန့်အသံက နှားထဲအူဆင်းသွားသည်။

"ကောင်စုတ် . . . သေနာ . . . ဘုန်း ဘုန်း ဘုန်း"



www.burmeseclassic.com

www.burmeseclassic.com

နောက်ခန်းမှနေ၍ တဘုန်းဘုန်းလှမ်းထုနေသည်ကြောင့် ဉာဏ်ထူးမထိအောင် မနည်းရှောင်နေရသည်။ ဒါတောင် သုံးလေးချက်အထုခံလိုက်ရသေးသည်။

စိတ်ရှိလက်ရှိထုပြီးတော့မှ ဝသန်က မျက်နှာကိုတင်း၍ နှုတ်ခမ်းစူကာ တစ်ဖက်လှည့်သွားသည်။ စိတ်ဆိုးသွားသည်ပေါ့။

စိတ်ဆိုးနေသော ဝသန့်မျက်နှာလေးကို နောက်ကြည့်မှန်မှ တစ်ဆင့်ကြည့်၍ ဉာဏ်ထူးရင်တွေခုန်နေမိသည်။ ထိုစဉ်မှာပင် ကားမောင်းနေသော ဖွဲထူးက ရယ်ကျဲကျဲဖြင့် . . .

"နှုတ်ခမ်းကြီးပဲစူမနေနဲ့. . . . ဘယ်ကိုမောင်းရမှာလဲဆိုတာ ပြောဦး . . . တော်ကြာ ထူးဆန်းသောခရီးစဉ်မရောက်ဘဲနေဦးမယ်"

"ခွီး"

ခွီးခနဲထွက်သွားသောရယ်သံကို မနည်းဘရိတ်ဖမ်းလိုက်ရသော်လည်း ဝသန့်မျက်စောင်းနှင့် နောက်ကြည့်မှန်ပေါ်တွင်ဆုံသွားသည်။

"ငါသိပါတယ် . . . လိုအပ်ရင်ပြောမှာပေါ့"

ဖွဲထူးကိုပင် မျက်စောင်းလှမ်းထိုးကာ လေသံမာမာနှင့်ပြောသည်ကြောင့် သူတို့ထပ်မစရဲတော့။ တော်ကြာ အမှတ်တွေလျော့သွားနိုင်သည်လေ။

ဒီလိုနှင့်ပဲ တစ်နာရီလောက်ကြာအောင် မောင်းလိုက်ရသည်။ ပြီးတော့ လမ်းမကြီးမှဖဲ့ဆင်းကာ တောလမ်းအတိုင်း နောက်ထပ်တစ်နာရီလောက်ကြာအောင် မောင်းပြီးချိန်တွင်တော့ . . .

သူတို့ကားက ရွာတစ်ရွာ၏ နယ်နိမိတ်နှင့် ဦးတိုက်သွားလေသည်။

ကျေးရွာဟုဆိုသော်လည်း အိမ်ခြေငါးဆယ်ပင်မပြည့်တတ်သော ရွာသိမ်ရွာငယ်လေးဖြစ်သည်။ သို့သော် ရွာနှင့်မလိုက်ဖွယ် ဝင့်ထည်ကြီးမားသော အဆောက်အဦကြီးတစ်ခုကို ခပ်လှမ်းလှမ်း ရွာမဝင်ခင်လောက်ကတည်းက သူတို့လှမ်းတွေ့ရပါ၏။



ဝသန်က ထိုအဆောက်အဦကြီးကို ကားပေါ်မှလက်ညှိုးထိုးပြကာ . . .

"ငါပြောတဲ့ ထူးဆန်းသောခရီးစဉ်ဆိုတာ အဲဒီအဆောက်အဦကြီးကိုရည်ရွယ်ပြီးပြောတာ"

သူတို့လည်း ကားပေါ်မှပင်လှမ်းကြည့်မိကြပါသည်။ ဝသန်ပြောသလို ဘာတွေထူးခြားနေသည်လည်းတော့မသိ။ ဒါပေမယ့် ဒီလိုရွာကလေးတွင် အခုလိုအဆောက်အဦကြီးရှိနေသည်ဆိုကတည်းကိုက တစ်မျိုးထူးခြားနေခြင်းပင်မဟုတ်ပါလား။

ရွာထဲဝင်ပြန်တော့လည်း တွေ့သမျှလူတွေအကုန်လုံးက သူတို့ကားကိုအထူးအဆန်းသဖွယ် ဝိုင်းကြည့်နေကြသည်။ သူတို့ကားဝင်လာတာ မထူးဆန်းပါ။ ဒါပေမယ့် အထူးအဆန်းကြည့်နေသော မျက်ဝန်းတွေက တစ်မျိုးဟု သူတို့ထင်မိသည်။

ထိုစဉ်မှာပင် ကားမောင်းနေသောဖွဲထူးက ဘာတွေးမိသည်မသိ။

"ဝသန် . . . နင်ငါတို့ကို ဘယ်နေရာခေါ်လာတာလဲ"

ဖွဲထူး၏သံသယအမေးကို ဝသန်က အေးဆေးစွာပင် . . .

"ထူးဆန်းတဲ့နေရာလေဟာ"

"ဘာ . . . "

ဖွဲထူး စကားဆက်မပြောနိုင်တော့ပါ။

"ဟိုရှေ့က ညာဘက်လမ်းကိုချိုးမောင်း . . . အဲဒီလမ်းကသွားရမှာ"

ဉာဏ်ထူး 'ဘာတွေလဲ'ဟုပင် စိတ်ထဲမှာ ခပ်ညည်းညည်းပြောဖြစ်ပါသည်။ ဉာဏ်ထူးစိတ်ထဲမှာ တစ်ခုခုကို စိုးရိမ်မကင်းဖြစ်နေပါ၏။ ဒေသစိမ်း၊ ပတ်ဝန်းကျင်စိမ်းဆိုတာထက် တစ်ခုခုပိုနေသလို ခံစားနေရသည်။ မိုင်းကွင်းထဲလမ်းလျှောက်နေသော လူတွေ၏ခံစားမှုမျိုး၊ ဘယ်နေရာမှာ ငါဘာဖြစ်သွားမလဲဟူသောခံစားမှုကြီးက ကြီးစိုးသထက်ကြီးစိုးလာသည်။

www.burmeseclassic.com

www.burmeseclassic.com

ဤရွာတွင် တစ်ခုခုထူးခြားနေတာတော့ သေချာပါ၏။ ကံထူး ကိုကြည့်မိတော့ ထုံးစံအတိုင်း ပါးစပ်လှုပ်ရုံလေး ဘုရားစာရွတ်လို့။

မကြာလိုက်ပါ။ သူတို့ကားလေးက အဆောက်အဦကြီးရှေ့ တည့်တည့်သို့ ဦးတည်စိုက်ဆင်းသွားသည်။ အနီးနားရောက်မှ သူတို့ ထင်ထားတာထက်ပင် အဆောက်အဦကြီးက ကြီးမားခံ့ထည်နေကြောင်း သတိပြုမိသည်။ လက်ရာမှာ ဥရောပဆန်သလို၊ ရှေးဆန်သလိုနှင့် သူတို့ ခန့်မှန်း၍မရ။

ဥရောပဟန်ရောနေသော ရှေးကျသည့် လက်ရာတစ်ခုလို့တော့ သတ်မှတ်၍ရနိုင်သည်။

ထိုအဆောက်အဦဆီးမှ ကားကိုပတ်မောင်းကာ တစ်နေရာ အရောက်တွင်ရပ်တန့်သွားလေသည်။ သူတို့ရှေ့မှာရှိနေသည်ကား . .

ထိုအဆောက်အဦကြီးနှင့် လားလားမှမဆိုင်သော ကျောင်းအို တစ်လုံး၊ သက်နှံတွေလှမ်းထားပုံအရတော့ ဘုန်းကြီးကျောင်းတစ်ကျောင်း ဖြစ်မည်ထင်သည်။

ဝသန်က ကားတံခါးဖွင့်ကာဆင်းသည်ကြောင့် သူတို့လည်း အလိုလိုကားပေါ်မှဆင်းပြီးသားဖြစ်သွားသည်။ ထိုစဉ်မှာပင် ကိုရင်လေး တစ်ပါး ကျောင်းပေါ်မှပြေးဆင်းလာကာ . . .

"ဒါယိကာမလေး . . . ဆရာဘုန်းကြီးဆီ လာလည်တာလား"

"ဟုတ်တယ် ကိုရင်လေး၊ ဆရာဘုန်းကြီးရှိလား"

"မရှိဘူး . . . ဟိုဘက်ရွာမှာအလှူရှိလို့ မနက်ကတည်းက ဆရာတော်ကြီးနဲ့ကြွသွားတယ်။ ဟိုမှာကျိန်းမယ်လို့လည်းမှာသွားတယ်။ ဒီမှာကျန်ခဲ့တာက ကိုရင်တို့သုံးပါးတည်း"

ထိုကိုရင်လေးဘေးမှာရပ်နေသော ကိုရင်နှစ်ပါးကလည်း သူ တို့ကို ကြောင်တောင်တောင်ဖြင့် ကြည့်နေသည်။ သူတို့သုံးယောက်က တော့ ဝသန့်ကိုကြည့်ကာ ဘာလုပ်လို့ဘာကိုင်ရမှန်းမသိ။

"ဒါဆိုရင်လည်းဘယ်တတ်နိုင်မလဲ ကိုရင်လေးရာ နောက်တစ်



ခေါက်ပေါ့"

ထိုသို့ပြော၍ သူတို့သုံးယောက်ဘက်သို့လှည့်ကာ . . .

"လာ . . . ငါတို့ကျောင်းပေါ်တက်ရအောင်"

သူတို့သုံးယောက်လည်း ယောင်လည်လည်ဖြင့်ပင် ဝသန့် နောက်မှပါသွားရလေသည်။

ကျောင်းပေါ်ရောက်တော့ ဘုရားဝတ်ချ၍ ဝသန်ကပြောသည်။

"ငါ ဒီကို တစ်ခါပဲရောက်ဖူးတာဟ . . . အဲဒီတုန်းက ငါ့အမေ ရော၊ ငါ့အမေရော့ပါတယ်"

သူတို့ကတော့ ဘာမှပြန်မပြောနိုင်ဘဲ ကျောင်းကိုသာ သေသေ ချာချာကြည့်နေသည်။ ကျောင်းကတော့ ဘုန်းကြီးကျောင်းဆိုတာ သေချာ သလောက်ရှိသည်။ ဒါပေမယ့် သူတို့သုံးယောက်စိတ်ထဲမှာ ဘဝင်မကျ။

ဘာကို ဘဝင်မကျလို့ မကျမှန်းလည်းမသိ။

ထိုစဉ်မှာပင် တစ်ချိန်လုံးငြိမ်နေသော ကံထူးက . . .

"ဝသန် . . . နင်ခုန ကိုရင်လေးနဲ့ပြောတဲ့ ဆရာဘုန်းကြီးဆို တာ ဘယ်သူလဲ"

ကံထူးအမေးကို ဝသန်က အလေးဂရုမထားသလိုလေသံဖြင့်

"ဪ . . . ဒါလား . . . နောက်တော့သိရမှာပေါ့ဟာ ဖြည်း ဖြည်းပေါ့"

ဒီအဖြေကိုလည်း သူတို့သုံးယောက် ဘဝင်မကျပါ။ နောက်ပြီး ဝသန်က တစ်ကိုယ်တည်းပဲပြောသလို၊ သူတို့ကိုပဲပြောသလိုနှင့် ကျောင်း နံရံမှ ပန်းချီကားတစ်ချပ်ကိုကြည့်ရင်း ပြောလေသည်။

"အေးလေ . . . ငါမှကြိုမပြောထားတာ . . . မဟုတ်ရင် တစ်ခါတည်းလုပ်လို့ရတယ်"

ဝသန် ဘာကိုပြောနေမှန်း သူတို့နားမလည်ပါ။ ဝသန်ကြည့်ရာပန်းချီကားဆီကိုကြည့်မိတော့ . . .

ခေးမောက်ကြီးထမ်းထားသော အင်္ဂလိပ်မာလရုပ်ပုံက မာထန်နေ

www.burmeseclassic.com

သည်။ ဘာမှတော့မဆိုင်ပေမယ့် သူတို့သုံးယောက် ကျောချမ်းသလိုပင် ဖြစ်သွားရပါ၏။

ထို့နောက် ဝသန်က ထိုင်နေရာမှထလိုက်ရင်း . . .

"လာဟာ . . . နင်တို့သုံးယောက်ကို ငါဟိုအဆောက်အဦကြီးထဲ လိုက်ပြမယ်။ အကြိုပေါ့ . . . ပြီးရင် ပြန်ကြမယ်"

ဘာမှနားမလည်ပေမယ့် သူတို့သုံးယောက် ဝသန့်နောက်မှ လိုက်ရပြန်ပါသည်။

အရာရာသည် လျှို့ဝှက်မှုတွေ၊ မတင်ကျမှုတွေ၊ သိလိုမှုတွေ၊ စိုးရွံ့မှုတွေနှင့်ပြည့်စုံနေပါ၏။

ᨒ ᨒ ᨒ



**(1)**

ကြီးမားခံ့ထည်သော အဆောက်အဦကြီးဘေးမှ ပတ်လျှောက်ကာ ဝင်ပေါက်ဆီသို့သွားရသည်။

အဆောက်အဦကြီး၏ ပြင်ပသဏ္ဍာန်က ပုဂံဘုရားပုထိုးတွေလို အုတ်နီခဲတွေပေါ်သည့်နေရာကပေါ်နေသည်။ ရေညှိခြောက်တွေကို အားယူတွယ်ကပ်ပေါက်နေသော နွယ်ပင်၊ မြက်ပင်အချို့လည်းရှိသည်။ ဘယ်လိုပဲဖြစ်ဖြစ် အဆောက်အဦကြီးက ကြီးမားခံ့ထည်လွန်းလှပါသည်။

အကျယ်ဧက ဘယ်လောက်ပေါ်မှာ အခြေယူတည်ဆောက်ထားသည်ဆိုတာတော့ ခန့်မှန်း၍မရ။ ဘေးမှကပ်လျှောက်သော သူတို့ကိုယ်သူတို့ပင် သိမ်ငယ်သလိုခံစားရသည်။

ဒီလိုနှင့် လိုဏ်ဂူအဝလို ကြီးမားကျယ်ဝန်းသော ဝင်ပေါက်အဝသို့ ခြေချလိုက်မိသည်။ ခဏမှာပင် . . .

သင်းခနဲရလိုက်သော အမွှေးနံ့တစ်ခုနှင့်အတူ သူတို့တစ်ယောက်ကိုတစ်ယောက် ကြည့်မိသွားကြပါသည်။



www.burmeseclassic.com

www.burmeseclassic.com

အကြောင်းကား . . .

"ဝသန် . . . နင့်ဟာက ဘုရားကျောင်းကြီးပဲ"

"အေးလေ . . . ဘုန်းကြီးကျောင်းဆောမှာရှိပါတယ်ဆိုမှ ဘုရားကျောင်းပဲဖြစ်မှာပေါ့"

ဟုတ်သည်။ ထိုင်တော်မူဆင်းတုတော်တစ်ဆူနှင့်အတူ ဆင်းတုတော်ရှေ့တွင်ပူဇော်ထားသော ဖယောင်းတိုင်နှင့် အမွှေးတိုင်တို့ကြောင့် သူတို့ပြောလိုက်မိခြင်းဖြစ်ပါသည်။

ပြင်ပအလင်းရောင် သိပ်မဝင်လို့လားမသိ၊ ဘုရားကျောင်းအတွင်းတွင် အနည်းငယ်မှောင်လျက်ရှိသည်။

သူတို့လေးယောက် အဝတွင်ပင်ဖိနပ်ချွတ်ကာ အတွင်းသို့ဝင်ခဲ့ကြပါ၏။ ပြီးနောက် ဘုရားကိုအာရုံပြု၍ ကန်တော့ပြီးသည့်အဆုံးမှာ ဝသန်ကစကားစသည်။

"ဒီအဆောက်အဦကြီးကို အင်္ဂလိပ်ခေတ်က အင်္ဂလိပ်တွေကိုယ်တိုင်ဆောက်ခဲ့ကြတာဟ။ အဲဒါကြောင့် ထူးဆန်းတယ်လို့ ပြောတာ"

ဝသန့်စကားကြောင့် ဖွဲထူးကနားမလည်စွာဖြင့် . . .

"ဟာ . . . အင်္ဂလိပ်တွေဆောက်တာနဲ့ပဲ ထူးဆန်းသွားရောလား"

ဖွဲထူး၏အမေးစကားကြောင့် ဝသန်ကပြုံးလိုက်သည်။

"အင်္ဂလိပ်တွေဆောက်ရုံလောက်ဆိုရင်တော့ဘယ်ထူးဆန်းမလဲဟ။ ဒါပေမယ့် ထူးဆန်းအောင်ဆောက်ခဲ့လို့ ထူးဆန်းတယ်လို့ ပြောတာ"

"ဘယ်လို ဆောက်ခဲ့လို့လဲ"

"ဒီဘုရားကျောင်းကြီးထဲမှာ ဒီအခန်းအပါအဝင် အခန်းပေါင်း (၃၈)ခန်းတိတိရှိတယ်။ အဲဒီ (၃၈)ခန်းကို ဒီအနီးအနားပတ်ဝန်းကျင်က လူတွေရော၊ ဒီရွာကလူတွေရော၊ ယုတ်စွအဆုံး ဒီကျောင်းကကိုယ်တော်တွေတောင် အခန်းစေ့မရောက်ဖူးဘူး"



"ဟင်"

"ဘာဖြစ်လို့လဲ"

ဝသန့်စကားကြောင့် သုံးဦးသားအံ့သြသွားသည်။

"ဒီအဆောက်အဦကြီးတစ်ခုလုံးက ဝက်ဘာလိုဖြစ်နေလို့"

"ဘာ . . ."

"ဝက်ဘာလို"

ထပ်ဆင့် အံ့သြရပြန်ပါသည်။ ဝသန်ကပင်ဆက်၍ . . .

"ဟုတ်တယ် . . . ဒီအခန်းအပါအဝင် အခန်းအားလုံးက အကုန်လုံးပုံစံတူတွေချည်းပဲ။ နောက်ပြီး တစ်ခန်းနဲ့တစ်ခန်းလည်းဆက်နေတာ။ အခန်းတစ်ခန်းကိုဝင်ပြီးသွားရင် အဲဒီအခန်းက အခုဝင်တဲ့အခန်းလား၊ ခုနဝင်ခဲ့တဲ့အခန်းလားဆိုတာ ဝေခွဲလို့မရတဲ့အထိ လှည့်စားနိုင်စွမ်းရှိတယ်။ တော်ရုံတန်ရုံအထဲကိုဝင်မိသွားရင် ပြန်ထွက်ဖို့မလွယ်တော့ဘူး။ နောက်ပြီး အခန်းတွေမှာ နံပါတ်မတပ်ထားတော့ ပိုဆိုးတာပေါ့"

ဉာဏ်ထူးတို့သုံးယောက်စလုံး စကားပင်မပြောနိုင်ကြတော့ပါ။ ဝသန့်စကားအကြောင်းအရာက အာရုံအားလုံးကိုဆွဲခေါ်သွားသည်။

"အခု ငါတို့ရောက်နေတဲ့အခန်းမှာတင် အပေါက်သုံးပေါက်ရှိတယ်ဟ။ ဝင်လာတဲ့အပေါက်ပါပါရင် လေးခု"

ဝသန့်စကားကြောင့် သုံးယောက်စလုံးနားမလည်စွာ အခန်းကိုဝေ့ကြည့်၍ . . .

"နှစ်ပေါက်ပဲရှိတာလေဟာ . . . ဝင်လာတဲ့အပေါက်ပါပါမှ သုံးခု"

ကံထူးစကားကြောင့် ဝသန်က ပြုံးသည်။ ဟုတ်တော့လည်း ဟုတ်သည်။ သူတို့အားလုံးမျက်မြင်မှာက ဝင်လာတဲ့တစ်ပေါက်ရယ်၊ ဗုဒ္ဓဆင်းတုတော်ဘေးဘယ်ညာမှ လူတစ်ရပ်လွတ်စာ လိုဏ်ခေါင်းလိုနှစ်ပေါက်ရယ်ပဲတွေသည်မလား။

"မဟုတ်ဘူး . . . လိုဏ်ခေါင်းပုံစံသုံးပေါက်ရှိတာ။ ဘုရား



www.burmeseclassic.com

www.burmeseclassic.com

ဆင်းတုတော်နောက်မှာကြည့်ကြည့်လိုက်။ နောက်ထပ်တစ်ပေါက်ရှိသေးတယ်"

"ဟုတ်လား"

ဝသန့်စကားကြောင့် သုံးယောက်သားထကြည့်ကြသည်။ အနည်းငယ်မှောင်နေသော်လည်း ဂူပေါက်ပုံစံလောက်ကိုတော့ တွေ့ရပါ၏။

"အေးဟ . . . ရှိတယ်"

ညဏ်ထူးကထောက်ခံသည်။ ထိုအခါမှ ဝသန့်က စကားကို ထပ်ဆက်သည်။

"ဆင်းတုတော်နောက်ကလမ်းအတိုင်း ဝင်သွားတယ်ဆိုပါစို့ဟာ။ ဒီလမ်းအတိုင်းပြန်ထွက်လာနိုင်ချင်မှလာနိုင်မယ်။ ညာဘက်လမ်းက ထွက်လာရင်လည်းထွက်လာနိုင်တယ်။ ဘယ်ဘက်လမ်းကလည်း ထွက်လာရင်ထွက်လာနိုင်တယ်။ ဒါမှမဟုတ် ပြန်မထွက်လာနိုင်ဘဲ အထဲမှာ မျက်စိလည်ပြီးပိတ်မိသွားရင်လည်း ပိတ်မိသွားနိုင်တယ်"

ဝသန့်က ခဏနားကာ သူတို့သုံးယောက်ကိုကြည့်သည်။ သူတို့သုံးယောက်ကတော့ မျက်လုံးအဝိုင်းသားနှင့် နားထောင်နေပါ၏။

"ဆရာတော်ကြီး တစ်ခါပြောဖူးတယ်။ ဒီကျောင်းကို ကိုရင်ဝတ်တဲ့ အာဂန္တုကိုရင်တစ်ပါး ဘယ်သူမှမသိဘဲ ဒီလိုဏ်ဂူထဲကိုဝင်သွားမိတယ်တဲ့။ ဘယ်အချိန်ဝင်သွားမှန်းလည်း ဘယ်သူမှမသိကြဘူး။ တစ်ညလုံးပျောက်နေတာလည်း ဘယ်သူမှသတိမထားမိကြဘူး။ နောက်တစ်နေ့ မနက်အရုဏ်ဆွမ်းစားမှ ကိုရင်တစ်ပါးပျောက်နေတာကိုသိပြီး ဆရာတော်ကြီးကိုယ်တိုင် ဒီဝက်ဘာထဲကိုလိုက်ရှာတော့မှ အခန်းတစ်ခန်းမှာ ငုတ်တုတ်လေးထိုင်နေတာကို တွေ့ရတယ်တဲ့။ ဒါပေမယ့် မှောင်နဲ့မည်းမည်း တစ်ညလုံးကို တစ်ယောက်တည်းကျော်ဖြတ်ခဲ့ရလို့လား၊ ဒါမှမဟုတ် ထိတ်လန့်ချောက်ချားစရာတစ်စုံတစ်ခုကိုပဲ တွေ့လိုက်လို့လားမသိဘူး အဲဒီကိုရင်လေး စိတ်မနှံ့သလိုဖြစ်သွားတယ်တဲ့"



"ဟာ"

သုံးယောက်စလုံး အံ့အားသင့် သနားသွားမိကြသည်။

"အဲဒီအချိန်ကစပြီး ဆရာတော်ကြီးက ဒီဝက်ဘာထဲကို ဘယ်သူ့မှပေးမဝင်တော့သလို အမိန့်ပါတစ်ခါတည်းထုတ်လိုက်တယ်"

"ဪ"

ကံထူးတော်တော်မှင်တက်သွားမိပါသည်။ ညဏ်ထူးနှင့်ဖွဲ့ထူးကိုကြည့်မိတော့လည်း နှစ်ယောက်စလုံးက ကြောက်ခွဲရိပ်လွှမ်းသောမျက်နှာကိုယ်စီနှင့်။

ထိုစဉ်မှာပင် ညဏ်ထူးက . . .

"နေပါဦး ဝသန်ရ . . . ဘာဖြစ်လို့ အင်္ဂလိပ်တွေက ဒီဘုရားကျောင်းကြီးကို ဝက်ဘာပုံစံဆောက်ခဲ့ရတာလဲ"

"ဆရာတော်ကြီးပြောတာတော့ အင်္ဂလိပ်တွေက သူတို့စုဆောင်းထားတဲ့ ရွှေ၊ ငွေ၊ ကျောက်သံပတ္တမြားတွေ၊ ဘုရားဆင်းတုတော်တွေကို ဒီဘုရားကျောင်းကြီးထဲက အခန်းတွေထဲမှာ ဝှက်ထားကြတာတဲ့။ အဲဒီပစ္စည်းတွေကို သူခိုးဓားပြတွေ အလွယ်တကူယူလို့မရအောင် ဆောက်ကတည်းက ကြိုတင်ကြံစည်စိတ်ကူးပြီး ဆောက်ခဲ့ကြတာနေမှာပေါ့။ နောက်ပြီး ထူးဆန်းတာတစ်ခုရှိသေးတယ်ဟ။ ဒီအဆောက်အဦကြီးထဲက အခန်း (၃၈)ခန်းရဲ့ တစ်ခန်းခန်းမှာ ထွက်ပေါက်တစ်ခုရှိတယ်တဲ့။ အဲဒီထွက်ပေါက်က ပျောက်နေတယ်"

"ဟင်"

"ထွက်ပေါက်"

သူတို့ သံယောင်လိုက်မိသွားရပြန်ပါသည်။

"ဘယ် . . . ဘယ်လိုပျောက်နေတာလဲ"

ဖွဲ့ထူးက ကြောင်အမ်းအမ်းမေးလိုက်သည်။

"အဲဒါတော့ ငါလည်းမသိဘူး"

ဝသန့်စကားကြောင့် သူတို့ခဏတွေဝေသွားသည်။



www.burmeseclassic.com

www.burmeseclassic.com

"နေပါဦးဝသန်ရ၊ အခု ငါတို့ဝင်လာတဲ့အပေါက်က ဝင်ပေါက်ထွက်ပေါက် မဟုတ်ဘူးလား"

"ဟုတ်တယ်လေ . . . ဒီအပြင်ကို နောက်ထပ်ထွက်ပေါက်တစ်ခုရှိနေသေးတာ။ ရည်ရွယ်ချက်ကတော့ဟာ စစ်ရှုံးလို့ သူတို့တွေ ဒီထဲမှာပိတ်မိနေခဲ့ရင်တောင် အသက်ရှင်လွတ်မြောက်ဖို့ ထွက်ပေါက်တစ်ခုချန်ထားတဲ့သဘောပေါ့။ အင်္ဂလိပ်တွေပဲသိတယ်မလား"

သူတို့တွေ ခေါင်းညိတ်မိကြပါသည်။ ထိုစဉ်မှာပင် ညဏ်ထူး မရှင်းတာတစ်ခုကို ထမေးသည်။

"တကယ်လို့သာ . . . နင်ပြောသလို သူတို့တွေပိတ်မိနေတယ်ဆိုပါစို့။ ထွက်ပေါက်ရှာတဲ့အခါ ဒီအဆောက်အဦကြီးက အခုလို ဝက်ဘာဖြစ်နေတော့ သူတို့ဘယ်လိုလုပ်ကြမလဲ။ သူတို့လည်း မျက်စိလည်ပြီး လမ်းတွေပျောက်ကုန်မှာပေါ့"

"တော်ဘောင်းလိုက်တဲ့ မေးခွန်း"

ကံထူးက ထောက်ခံသည်။

သူ့စကားကြောင့် ဝသန်က . . .

"ဒါကတော့ဟာ . . . သူတို့ကဆောက်တဲ့သူတွေပဲ သူတို့အမှတ်အသားနဲ့ သူတို့တော့ရှိမှာပေါ့။ နေဦး . . . နင်တို့ကို ငါနောက်တစ်ခုထူးဆန်းတာပြဦးမယ်"

ဟုဆိုကာ ဝသန်က ဘုရားဆင်းတုတော်ကြီးနောက်ကို ဝင်သွားသည်။ ထို့ကြောင့် သူတို့လည်း ဝသန့်နောက်မှ လိုက်ခဲ့ကြပါ၏။

တစ်နေရာအရောက်တွင် ဝသန်ကရပ်၍ နံရံကိုလက်ညှိုးထိုးပြသည်။

"ဟိုမှာ စတုရန်းတစ်ကွက်တွေ့လား"

ဝသန်လက်ညှိုးထိုးပြရာဆီကြည့်မိတော့ . . .

ဟုတ်သည်။ အုတ်သားနံရံမှာ စတုရန်းကြီးကြီးတစ်ကွက် အသေအချာထွင်းထားသည်ကို တွေ့ရပါ၏။



ထိုစတုရန်းကွက်မှာ ဤသို့ဖြစ်လေသည်။

| | | | |
|---|---|---|---|
| 16 | 3 | 2 | 13 |
| 5 | 10 | 11 | 8 |
| 9 | 6 | 7 | 12 |
| 4 | 15 | 14 | 1 |

စတုရန်းကွက်ကြီးတစ်ခုပေါ်တွင် စတုရန်းကွက်ငယ် (၁၆)ကွက် ရေးသွင်းထားသော နံရံအားပြ၍

"ဆရာတော်ကြီးပြောတာတော့ . . . ဒီအဆောက်အဦကြီးတစ်ခုလုံးကို ဟောဒီစတုရန်း (၁၆)ကွက်နဲ့အခြေခံပြီး တည်ဆောက်ထားတာတဲ့။ ဘာအဓိပ္ပာယ်၊ ဘာသဘောလဲတော့ ငါလည်းမသိဘူး။ လျှို့ဝှက်ချက်တစ်ခုခုတော့ ရှိမှာပေါ့ဟာ။ တော်တော်ထူးခြားတယ်လို့လည်းပြောတာပဲ။ ငါကတော့ ဒီစတုရန်းကွက်တွေကိုကြည့်ရင် ဒီစတုရန်းကွက်တွေပဲမြင်တယ်၊ ဒီထက်ပိုမမြင်ဘူး။ ဒါပေမယ့် စိတ်ဝင်စားစရာကောင်းတဲ့ အချက်တစ်ချက်တော့ ဒီစတုရန်းကွက်ပေါ်မှာရှိတယ်ဟ။ အဲဒါက ပျောက်နေတဲ့ထွက်ပေါက်ဟာ ဒီစတုရန်း(၁၆)ကွက်က ဂဏန်းတစ်ခုမှာရှိတယ်တဲ့"

"ဘာ"

သူတို့သုံးယောက်စလုံး အမှန်တကယ်ပင် စိတ်ဝင်စားသွားသည်။ ပြီး နံရံပေါ်မှ စတုရန်းကွက်ကိုလည်း အသေအချာကြည့်မိကြပါ၏။

"ဒါပေမယ့် ဒီမှာရှိတဲ့အခန်းတွေအကုန်လုံးကို နံပါတ်တပ်မထား



www.burmeseclassic.com

www.burmeseclassic.com

တော့ ဂဏန်းရှာတွေ့လည်း ဘယ်အခန်းမှန်းသိမှာမဟုတ်ပါဘူးဟာ"

ကြေကွဲစွာပြောသော ဝသန့်စကားက ဟုတ်တော့လည်းဟုတ်သည်။ ထွက်ပေါက်ဂဏန်းကို ရှာတွေ့လင့်ကစား ဘယ်အခန်းမှန်းမသိတော့ ဘယ်လိုလုပ်မည်နည်း။

"ဒါဆို နင်ဆိုလိုတာက ပျောက်နေတဲ့ထွက်ပေါက်ပါတဲ့အခန်းကို ဘယ်သူမှမသိဘူးပေါ့။ အဲလိုလား . . ."

ဗွဲထူးစကားကိုဝသန့်က ခဏစဉ်းစားသည်။ ပြီးနောက် . . .

"ငါ့အထင် ဆရာတော်ကြီးတော့ သိမယ်ထင်တာပဲ။ ဒါပေမယ့် ဆရာတော်ကြီးက ဒီအကြောင်းတွေကို လုံးဝဖုံးထားတာဟ။ ဒါတောင် ငါနဲ့မေမေအတင်းမေးလို့ အားနာပြီးပြောပြတာ"

"ဟာ . . . ဒါဆို အန်တီလည်း ဒီအကြောင်းတွေကို သိတာပေါ့"

"သိတာပေါ့ . . . မေမေတင်မဟုတ်ဘူး၊ ဖေဖေပါသိတယ်"

ဉာဏ်ထူးဘာမှမပြောဖြစ်တော့ပါ။ နံရံပေါ်မှ စတုရန်းကွက်ကိုသာ စိတ်ဝင်တစားငေးကြည့်နေမိသည်။ ကံထူးနှင့်ဗွဲထူးကတော့ အခန်းပတ်ပတ်လည်ကို လျှောက်ကြည့်နေကြပါ၏

သူတို့သည် ယောင်လို့မှ လိုဏ်ဂူလမ်းထဲသို့မဝင်ရဲ။ ဝသန့်ပြောစကားအရနဲ့တင် သူတို့မှာတော်တော်သွေးဆုတ်နေကြပါပြီ။

ဉာဏ်ထူးကြည့်နေရာမှ ဒီစတုရန်းကွက်ကို တစ်နေရာရာမှာ မြင်ဖူးသလိုထင်မိသည်။ ဒါပေမယ့် မသဲကွဲ၊ ဟုတ်သလိုလို မဟုတ်သလိုလိုနှင့်

ပုံစံပဲတူတာလား . . . ဒါမှမဟုတ် ဂဏန်းတွေပဲတူတာလား သူမသဲကွဲ။ ထိုစဉ်မှာပင် ဝသန့်က သူ့အနားရောက်လာ၍ . . .

"ဘာလဲ . . . ဒီစတုရန်းရဲ့လျှို့ဝှက်ချက်ကို ရှာနေတာလား"

"မဟုတ်ပါဘူး . . . ထူးဆန်းတယ်ဆိုလို့ ကြည့်နေတာပါ"

"ဘာတွေ့လဲ"



ဝသန့်အမေးကို ဉာဏ်ထူးပခုံးတွန့်ရင်း ဖြေလိုက်သည်။

"ဘာမှမတွေ့ဘူး"

တအောင့်ကြာတော့ဝသန့်က နာရီကိုတစ်ချက်ကြည့်၍ ပြောလိုက်သည်။

"(၄)နာရီတောင်ထိုးတော့မယ်ဟ . . . ငါတို့ပြန်ရအောင်။ တော်ကြာ ရန်ကုန်ထဲဝင်ရင် မိုးချုပ်နေဦးမယ်"

ဒီလိုနှင့်ပဲ သူတို့လေးယောက် ပြန်ခဲ့ကြပါသည်။

• • •

အပြန် ကားပေါ်တွင် ကံထူးက လာတုန်းကအဆက် ကံထပ်တူးနေပါသည်။ ကြာလာတော့ ဗွဲထူးက နားကြားပြင်းကပ်လာသည်ထင်သည်။ ကားမောင်းနေရာမှလှည့်၍ ကံထူးကို တစ်ခွန်းမေးသည်။

"ဟေ့ကောင် အင်္ဂလိပ် Grammer မှာ ကံဆိုတာ ဘာလဲ"

" Object လေ"

" Object ဆိုတာက မြန်မာလိုပြန်ရင် . . ."

"ပြုလုပ်ခြင်းကို ခံရသူ"

"အေး . . . မင်းသိရင်ပြီးတာပဲ။ ကံဆိုတာ အမြဲတမ်းခံတဲ့ဘက်ကချည်းပဲကွ။ ငါတို့လုပ်သမျှကို အမြဲခံရတာ။ ကံက ငါတို့ကိုဦးမဆောင်နိုင်ဘူး။ ဘာမှလုပ်မပေးနိုင်ဘူး။ ငါတို့လို Subject လုပ်သမျှကိုသာ အမြဲခံနေရတာပါကွာ။ အဲဒီတော့ ကံကိုသိပ်မယုံနဲ့ မင်းပါရောပြီးခံနေရလိမ့်မယ်"

"အန်"

ပထမတော့ ကံထူးကြောင်သွားသည်။ နောက်မှ ရှုံ့ရှုံ့ရဲ့ဖြင့်

"ဟ . . . အဲလိုပြောလို့တော့ရမလားကွ။ တစ်ခါတစ်ရံ Object ကနေ Subjectဖြစ်သွားတာတွေလည်းရှိတာပဲ"



www.burmeseclassic.com

www.burmeseclassic.com

"ဘာလဲ . . . Passive Voice လုပ်ရင်းလား"

ကံထူးပြန်မဖြေပါ။ မင်းဒါတောင် နားမလည်ဘူးလားဆိုသည့်သဘော။

"အင်္ဂလိပ်ဝေါဟာရ Passive ဆိုတာ မြန်မာလို 'ပြုပြင်ခြင်းမရှိသော' တဲ့ကွ။ Voice ဆိုတာ အသံ၊ ပြုပြင်ခြင်းမရှိတဲ့ အသံဆိုမှတော့ ကွာ အသံဆိုးကြီးပဲဖြစ်မှာပေါ့။ ဒီတော့ သူငယ်ချင်းကံထူး မင်းပါးစပ်လေး ပိတ်ပြီး ငြိမ်ငြိမ်လေးနေပေးပါကွာ။ မင်းအသံဆိုးကြီးကို မခံစားနိုင်တော့လို့ပါ"

"ဘာကွ"

ကံထူးမှာ ကိုယ့်စကားနှင့်ကိုယ် ဂိသွားလေသည်။

ဝသန်ကတော့ ကံထူးနှင့်ဇွဲထူးကိုကြည့်၍ ရယ်နေပါ၏။ ဒါပေမယ့် ဉာဏ်ထူးတစ်ယောက်ကတော့ မရယ်ပါ။ ကံနဲ့ဝီရိယစစ်ပွဲကြားတွင်လည်း မပါဝင်ပါ။

အပြင်ကို ငေး၍သာ တစ်စုံတစ်ခုကိုတွေးတောနေသည်။

ဉာဏ်ထူး ဘာတွေတွေးနေသည်လဲ။

ထူးဆန်းသောရွာနှင့် ကြီးမားသော ဘုရားကျောင်းကြီးအကြောင်းလား?

ဒါမှမဟုတ် ထူးခြားသော စတုရန်းကွက်၏ လျှို့ဝှက်ချက်များလား?

မည်သူမျှ အတပ်မပြောနိုင်ပါ။

သူ့စိတ်ထဲတွင် ထက်ထက်သန်သန် တွေးတောနေသော အကြောင်းအရာတစ်ခုကိုတော့ သူကိုယ်တိုင်မှပင် သေချာစွာသိနိုင်မည်လေ။

ဒီလိုနဲ့. . . .



(III)

"ဒေါင် . . . ဒေါင်"

အဝေးဆီမှပျံ့လွင့်လာသော မီးကင်းခေါက်သံနှစ်ချက်ကြောင့် ဉာဏ်ထူး အတွေးတို့လွင့်မျောနေရာမှ ကပျာကရာ ထထိုင်လိုက်သည်။

နောက် စားပွဲပေါ်မှနာရီကိုလှမ်းကြည့်လိုက်တော့ . . .

ဟုတ်သည်။ နှစ်နာရီထိုးနေပေပြီ။

ဉာဏ်ထူးလက်ထဲမှခါတ်ပုံအား စာအုပ်စင်ပေါ်သို့ သေချာစွာ ပြန်ထားရင်း တစ်ဦးတည်း ခပ်တိုးတိုးရေရွတ်မိသည်ကား . . .

"အေးလေ . . . အဲဒီအချိန်အထိ ငါတို့သုံးယောက်စလုံး အဖြေမှန်မှမရသေးတာပဲ"

ထို့နောက် ခုတင်ပေါ်သို့ ဉာဏ်ထူးကိုယ်လုံးကြီးအား မသာမယာပစ်ချလိုက်ပါတော့သည်။

"ဝုန်း"



www.burmeseclassic.com

www.burmeseclassic.com

## III

"ကလင်ကလင် . . . ကလင်ကလင် . . . ကလင်ကလင်"

ဖွဲ့ထူး နှိုးစက်မြည်သံကြောင့် ထထိုင်လိုက်သည်။ ပြီး မှုန်ဝါးဝါးဖြင့် နာရီကိုယူကာ နှိုးစက်ပိတ်လိုက်ပါ၏။ အသံရပ်သွားတော့မှ မျက်လုံးကိုတစ်ချက်ပွတ်ပြီး နာရီကိုကြည့်တော . . .

မနက် (၄)နာရီ။

ညက အိပ်ရာဝင်နောက်ကျသွား၍ ငြီးစီစီဖြစ်နေသော်လည်း အကျင့်ပါနေသောခန္ဓာကိုယ်က ခဏချင်းပင် နေသားကျသွားသည်။ နောက် မနက်ခင်းတစ်ခု၏ ဗာဟီရကိစ္စများကို ဝီရိယထည့်၍ အဆုံးသတ်ပြီးသွားချိန်မှာ လေးနာရီခွဲသွားလေသည်။



ပြီးတော့ စိတ်ကြည်လင်စွာဖြင့် ဖွဲ့ထူး ဘုရားရှိခိုးသည်။ ပုတီးစိပ်သည်။ မနက်တိုင်းလုပ်နေကျကိစ္စတွေမို့လားတော့မသိ။ တိတ်ဆိတ်သောပတ်ဝန်းကျင်တွင်၊ အေးချမ်းသော အငွေ့အသက်တွေက တည်ငြိမ်သော စိတ်အစဉ်နှင့် ပနံရနေသည်။

တစ်နာရီတိတိခန့် စိတ်ကိုသန့်စင်စေပြီးသည့်နောက်မှာတော့ ဒီတစ်နေ့အတွက် သူ၏စိတ်မှာ သိမ်မွေ့သွားလေသည်။

ဖွဲ့ထူး အခန်းထဲကိုပြန်ရောက်တော့ (၅း၃၀)မိုးမလင်းသေးပေ။ အပြင်မှာတော့ ဆောင်း၏ရနံ့နှင်းတွေက စိပ်စိပ်လေးကွန့်မြူးနေသည်။

ဘုရားခန်းမှပြန်ထွက်လာလျှင် ပထမဆုံးလုပ်ရမည့်အလုပ်က ဝီရိယနှင့်ပတ်သက်သော ဆောင်ပုဒ်တစ်ခုကို တည်ငြိမ်သောစိတ်အစဉ်ဖြင့် အရောင်တင်ပေးဖို့။

ဖွဲ့ထူး သူ့အခန်းထဲသို့ ပြန်ဝင်လိုက်ပါသည်။ ပြီးတော့ White board တစ်ခုရှေ့တွင်ရပ်လိုက်သည်။ မျက်နှာချင်းဆိုင်မှ Whiteboard ပေါ်ရှိစာများကိုကြည့်ကာ ဖွဲ့ထူးတစ်ယောက် သူ၏စိတ်ကို အမြင့်မားဆုံး နှိုးဆိုက်လိုက်ပါတော့သည်။

> လောကကြီးဆီမှ သင်လိုချင်တာကို
> ဝီရိယရှိရှိ တောင်းဆိုပါ။

ယနေ့အတွက် သူဘာကိုတောင်းဆိုရမည်နည်း။ သူ့မှာတောင်းဆိုစရာတစ်ခုပဲရှိသည်။ အဲဒါက ဒီနေ့ သူတို့သူငယ်ချင်းသုံးယောက်၏ ကုမ္ပဏီဖွင့်ပွဲသည် အစစအရာရာအဆင်ပြေမှုတွေနှင့်စတင်ပြီး အမှားအယွင်းမရှိ ချောမွေ့မှုတွေနှင့်ပြီးဆုံးဖို့။

ဖွဲ့ထူး စိတ်ကိုလျှော့ချလိုက်ပြီးသည့်နောက်မှာတော့ သူ၏ပထမ



www.burmeseclassic.com

www.burmeseclassic.com

အလုပ်ပြီးဆုံးသွားခဲ့ပါပြီ။ ဒုတိယအလုပ်ကိုတော့ သူလုပ်ဖို့ စိတ်မပါတော့ပါ။

ဖွဲထူးလမ်းလျှောက်မထွက်လိုတော့သည့်အတွက် ခုတင်ပေါ်ပဲ ပြန်ထိုင်နေလိုက်သည်။ ပြီးတော့ ဒီနေ့တစ်နေ့တာ ကုမ္ပဏီဖွင့်ပွဲအတွက် သူလုပ်စရာရှိသည်များကို စိတ်ကူးဖြင့်ပုံဖော်နေလိုက်ပါသည်။

ထိုသို့တွေးတောနေရာမှ သူ၏အကြည့်တို့သည် ခုတင်ခေါင်းရင်းတစ်နေရာမှ ဓာတ်ပုံဆီရောက်သွားသည်။ ဒါ သူတို့သူငယ်ချင်းတွေ နောက်ဆုံးရိုက်ခဲ့သောပုံ၊ ဓာတ်ပုံထဲတွင်တော့ သူတို့သူငယ်ချင်းတွေပင် မဟုတ်၊ ဘုန်းကြီးတစ်ပါးပါ အပိုပါနေသည်။

အမှန်အတိုင်းပြောရလျှင် ဒီဓာတ်ပုံသည် လွဲမှားနေသော သူတို့၏အယူဝါဒများ အရည်ပျော်ကျခဲ့သောပုံ၊ အတ္တကိုဦးဆောင်ခဲ့သော စိတ်ဓာတ်များ အမြင်မှန်ရသွားခဲ့သောပုံ။

ဓာတ်ပုံထဲတွင် သူတို့ယောက်ျားလေးသုံးယောက်စလုံး ပင်ပန်းနွမ်းနယ်ဟန် ကြီးမားသောအခက်အခဲတစ်ခုကို ပူးပေါင်းကျော်ဖြတ်ခဲ့ရဟန်မှာ အထင်းသားပေါ်လွင်နေသည်။

ဟုတ်သည်။ ဒီဓာတ်ပုံသည် စိတ်ဝင်စားဖို့ကောင်းသည်။ အံ့သြဖို့ကောင်းသည်။ ရင်ခုန်ဖို့လည်းကောင်းသည်။ ထိတ်လန့်ဖို့လည်း ကောင်းသလို သွေးပျက်ဖို့လည်းကောင်းပါ၏။

အကြောင်းကား ဒီဓာတ်ပုံသည် သူတို့သုံးယောက်စလုံး၏ ဘဝနှင့်ချီ၍ အလျော်အစားကြီးသည်မဟုတ်ပါလား။

ππ π



(၁)

အချိန်ကား ညနေ (၄း၀၀)သာသာလောက်ရှိမည်ထင်သည်။ သူတို့သူငယ်ချင်းသုံးယောက်စလုံး အတူရှိနေပါ၏။ ဟိုအကြောင်း ဒီအကြောင်းပြောနေတုန်း ဖွဲထူးဖုန်းမှာမြည်လာသည်။ ဖုန်းနံပါတ်ကို ကြည့်မိတော့ ဝသန့်ဖုန်း။

ဖွဲထူး ဟိုနှစ်ကောင်ကို ဝသန့်ဟုပြောကာ ဖုန်းဖွင့်နားထောင်လိုက်သည်။

"ဝသန့် . . . ပြော . . . "

လိုင်းမကြည် ရှဲရှဲ . . . ရှဲရှဲ နှင့် ပြတ်တောင်းပြတ်တောင်းဖြစ်နေသည်။

"ဟယ်လို . . . ဟယ်လို . . . ဝသန့် . . . ပြောလေ . . ."



www.burmeseclassic.com

www.burmeseclassic.com

ထိုစဉ်မှာပင် ကြားလိုက်ရသောအသံတစ်စုံတစ်ရာကြောင့် ဖွဲ့ထူး မှင်တက်သွားသည်။

"ဟင် . . . "

သူကြားရသည်ကား ရှိုက်သံလိုလို၊ ငိုသံလိုလို ဝမ်းနည်းပက်လက်အသံတစ်ခု . . . ။

"ဝသန် . . . ဝသန် . . . ဘာဖြစ်လို့လဲ . . . "

ဖွဲ့ထူး ထူပူသွားကာ အသံလည်းကျယ်သွားသည်။ ပြီး . . . သုံးယောက်စလုံးကြားရအောင် Speaker ဖွင့်လိုက်သည့်အခါတွင် . . .

"ဖွဲ့ . . . ဖွဲ့ထူး . . . ငါ့ကိုလာကယ်ပါဦးဟာ . . . ဟီး . . . ဟီး . . . "

"ဟင်"

ငိုသံနှင့်ရောထွေးကာ မပီမသထွက်လာသောအသံတို့ကြောင့် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်မိသွားလေသည်။

"ဝသန် . . . ဝသန် . . . နင်ဘာဖြစ်လို့လဲ"

"ရှဲ . . . ရှဲ . . . ဂျစ် . . . ဂျစ် . . . ရှဲ . . . "

ဖွဲ့ထူး၏ အလျင်စလိုအမေးကို ဖြတ်သန်းလာသော လေဟာနယ်တို့က နှောင့်ယှက်နေ၏။

"ငါ . . . ငါပိတ် . . . "

ဖုန်းလိုင်းပြတ်သွားသည်။ 'ဝုန်း'ခနဲပင် ဖွဲ့ထူးလက်ထဲမှဖုန်းကို ဉာဏ်ထူးကောက်ကိုင်ကာ အပြင်ပြေးထွက်သွားတော့ ကံထူးနှင့်ဖွဲ့ထူး နှစ်ယောက် အပြေးလိုက်လာကြပါ၏။

"ဝသန် . . . ဝသန် . . . ပြော . . . ကြားလား။ ငါ ဉာဏ်ထူး နင်ဘာဖြစ်နေတာလဲ"

"ဉာဏ်ထူးလား . . . အဟင့် . . . ငါ့ . . . ငါ့ကိုကယ်ပါဦးဟာ။ ငါဒီမှာ ပိတ်မိနေတယ် . . . ဟီး . . . အဟင့် . . . အဟင့်"

"ဟင်"



ဉာဏ်ထူးနားမလည်နိုင်ဖြစ်သွားပြီး အသံကျယ်ကျယ်ဖြင့် . .

"ဝသန် . . . ဝသန် . . . သေချာပြော . . . ကြားလား . . . ငါတို့ နင်ပြောတာနားမလည်ဘူး။ နင်ဘာပြောနေတာလဲ . . . ဂျစ် . . ဂျစ် . . . ရှဲ"

"ဟီး . . . ဉာဏ်ထူး . . . ငါ . . . ငါ . . . ဝက်ဘာထဲမှာ ပိတ်မိနေပြီ။ ငါ့ကို . . . ရှဲရှဲ . . . ဂျစ် . . . ငါ့ကိုအမြန်လာကယ်ပါဟာ . . . ငါကြောက်တယ် . . . ငါကြောက်တယ် . . . ဟီး . . . ဟီး . . . အထဲမှာ . . . အထဲမှာလည်း . . . "

ဖုန်းလိုင်းထပ်ပြတ်သွားသည်။

"ဝသန် . . . ဝသန် . . . "

သုံးယောက်စလုံး ဆောင့်ခုန်သွားသောရင်နှင့်အတူ ပျာယာခပ်ကုန်ကြပါပြီ။ ဝသန်၏ ရှိုက်ကြီးတငင် ငိုကြွေးနေသံတို့က နားထဲမှာ ဝဲနေသည်။

ထိုစဉ်မှာပင် serviceပြန်မိသွားသည်။

"ဝသန် . . . ဝသန် . . . ကြားလား . . . ကြားလား . . . "

"ငါကြောက်တယ် . . . အဟင့် . . . ဟီး . . . ငါကြောက်တယ်ဟာ။ ငါဘာမှမမြင်ရတော့ဘူး . . . မှောင်မည်း . . . "

"တီ . . . တီ . . . တီ . . . "

ဒီတစ်ခါတော့ဖုန်းမှာ လုံးဝကို ကျသွားလေပြီ။ ဉာဏ်ထူးချက်ချင်းပြန်ခေါ်သည်။ မရတော့ . . .

အစိုးရိမ်လွန်သွားသော မျက်ဝန်းသုံးစုံတို့ ပြင်းထန်စွာထိတ်သွားပြီးသည့်နောက်မှာတော့ . . .

"ဝုန်း . . .

ဝုန်း . . .

ဝုန်း . . . "

ကားတံခါးပိတ်သံတွေ ကျယ်လောင်စွာပေါ်ထွက်သွားတော့



www.burmeseclassic.com

www.burmeseclassic.com

သည်။ ပြီးတော့ . . .

"ဂူး . . ."

ကျည်ဆန့်ရထားတစ်စီး၏ အရှိန်မျိုးဖြင့် ကားမှာလေကိုထိုးခွဲသွားလေသည်။

"ငါ ပထမတစ်ခေါက်ရောက်ကတည်းက ထင်တယ်။ အဲဒီရွာကလူတွေမှုံစံကြည့်ရတာ တစ်ခုခုလျှို့ဝှက်နေတယ်လို့"

"ဟုတ်တယ် . . . ငါလည်း သင်္ကာမကင်းဖြစ်မိနေတာ"

ကံထူးနှင့်ဖွဲထူးစကားတွေကို ညဏ်ထူးကားမောင်းနေရာမှ ဝင်မပြောဘဲ အပြင်းအထန်စဉ်းစားနေသည်။

ဝသန် တကယ်ပိတ်မိနေတာလား။ ဝက်ဘာဆိုတာကရော ဘယ်နေရာက ဝက်ဘာကိုပြောတာလဲ။ အခုလောလောဆယ်ထင်စရာတော့ ဘုရားကျောင်းကြီးထဲမှ ဝက်ဘာပဲရှိသည်။ ဝသန်က အဲဒီထဲကို တစ်ယောက်တည်း ဘာသွားလုပ်ရသနည်း။

ဒါမှမဟုတ် ဝသန် သူတို့ကိုနောက်နေတာလား။ နောက်တာမဟုတ်ဘူးလို့တော့ ထင်သည်။ ဒါပေမယ့် သေချာအောင် . . .

"ဖွဲထူး . . . ဝသန့်အိမ်ကို ဖုန်းဆက်မေးစမ်းပါ။ ဝသန်ရှိလားလို့။ မရှိရင် ဘယ်သွားလဲလို့"

သူ့စကားကြောင့် ကံထူးက . . .

"ဟော့ကောင် . . . ညဏ်ထူး မင်းက ဝသန်ငါတို့ကိုနောက်နေတယ်ထင်လို့လား။ ဒီလောက်ရှိုက်ကြီးတငင်ငိုနေတာကိုကွာ"

ကံထူးက အပြစ်တင်သလိုပြောသည်။ ညဏ်ထူး ဘာမှပြန်မပြောပါ။ ဖွဲထူးကတော့ ညဏ်ထူးစကားအတိုင်း ဖုန်းဆက်ပါ၏။

"ဟယ်လို . . ."

" . . . . . "

"ဟုတ်ကဲ့ . . . အန်တီ၊ ဝသန်ရှိလားမသိဘူး"

" . . . . . "



"ဗျာ . . . ဟုတ် . . . ဟုတ်ကဲ့ အန်တီ ကျွန်တော်တို့ရှာပေးပါ့မယ် . . . ဟုတ်ကဲ့ . . . စိတ်အေးအေးထားပါ"

" . . . . . "

"စိတ်ချပါ အန်တီ"

ဖွဲထူးဖုန်းပိတ်ကာ သူတို့ကိုကြည့်ပြီး . . .

"ဝသန် မနက်ကတည်းကအိမ်ကထွက်သွားတာ ခုချိန်ထိပြန်မလာသေးဘူးတဲ့ . . . ဝသန့်အဖေနဲ့အမေလည်း စိတ်ပူပြီးလိုက်ရှာနေတယ်တဲ့"

"ဟာင်"

နှုတ်မှထွက်သွားသော အာမေဋိတ်သံနဲ့အတူ . . .

"ဒါ . . . ဒါဆို တကယ်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com

## (b)

ခပ်ဝေးဝေးကတည်းကလှမ်းမြင်နေရသော အဆောက်အဦကြီးက ပုစ္ဆာဆန်နေသည်။ ထီးတည်းကြီးထိုင်နေသော ဘုရားကျောင်းအိုကြီးက သူတို့ကိုစိမ်ခေါ်နေသယောင်။

ဒီထဲမှာ ဝသန်ပိတ်မိနေတယ်တဲ့လား။

ရွာထဲဝင်ဝင်ချင်းမှာပင် ထူးခြားမှုတွေကို စတွေ့ရသည်။ တစ်ရွာလုံးတိတ်ဆိတ်နေပါ၏။ လူသူမတွေ့၊ အိမ်တိုင်းလိုလို တံခါးပိတ်ထားသည်။

"ဟေ့ကောင် . . . တစ်ခုခုတော့ ထူးခြားနေပြီ။ တစ်ရွာလုံး လူမရှိဘူး"

"အေး . . . ထူးခြားနေတာတော့ အမှန်ပဲ"

ညဏ်ထူးကားကို ဘုရားကျောင်းကြီးရှိရာသို့ ခပ်ကြမ်းကြမ်း မောင်းဝင်သွားလိုက်သည်။



ဘုန်းကြီးကျောင်းရှေ့ကားဆိုက်ပြီး ဘုန်းကြီးကျောင်းပေါ်တက်ကြည့်တော့လည်း ကျောင်းတစ်ခုလုံးက ပိုင်ရှင်မဲ့နေသည်။ စိုးထိတ်ပျက်ယွင်းသွားသော မျက်နှာကိုယ်စီနှင့် အလျင်စလိုဘုရားကျောင်းကြီးဆီ ပြေးသွားလိုက်ကြသည်။ ပတ်ဝန်းကျင်က မှောင်စပျိုးနေပေပြီ။ ဆိတ်ငြိမ်နေသော အဆောက်အဦကြီးက မကောင်းဆိုးရွားတစ်ကောင် ငုတ်တုတ်ထိုင်နေပုံနှင့်တူနေပါ၏။ အဆောက်အဦ၏ဝင်ပေါက်ကြီးက မကောင်းဆိုးရွားတစ်ကောင် ပါးစပ်ဖြဲနေသယောင်။

သုံးယောက်စလုံး ကမန်းကတန်း အထဲကိုပြေးဝင်သွားလိုက်တော့ အလင်းပျပျသာရှိသောအတွင်းပိုင်းက အပြင်ထက် များစွာမှောင်လွန်းနေသည်။

"ဝသန် . . . ဝသန် . . ."

ကံထူးက စိုးရိမ်ကြီးစွာ အော်ခေါ်လိုက်သည်။

သူ၏အသံသာ လိုဏ်ဂူထဲဟိန်းသွားသည်။ အတွင်းမှ တစ်စုံတစ်ရာပြန်ထူးသံမလာ။

"ဝသန် . . . ဝသန် . . ."

ထပ်ခေါ်သည်။ သို့သော် အချည်းနှီး။ ထိုစဉ်မှာပင် . . .

"ငါတို့တွေ ဒီအတိုင်းအော်နေလို့တော့ ပြီးမှာမဟုတ်ဘူး။ အထဲကို ဝင်ရှာရအောင်"

ညဏ်ထူးကဆိုသည်။

"မှောင်မည်းနေတယ်ကွ . . . အပြင်မှာလည်း မိုးချုပ်တော့မယ်။ ဘယ်လိုလုပ်မလဲ"

ကံထူး၏ အမေးစကားအဆုံးမှာ ဇွဲထူးက . . .

"နေဦးကွ . . . ငါတို့ဟိုတစ်ခါလာတုန်းက ဟိုဘက်နံရံနားမှာ ခလုတ်တစ်ခုလိုကိုတွေ့တယ်။ ဘာခလုတ်လဲတော့မသိဘူး။ မီးခလုတ်တွေဘာတွေဆိုရင် အဆင်ပြေပြီ"

ပြောနေရင်းနှင့်ဇွဲထူးက အလင်းပျပျသာကျန်တော့သော ပတ်



www.burmeseclassic.com

www.burmeseclassic.com

ခန်းကျင်ကိုအသုံးချရင်း နံရံတစ်ခုဆီကပ်သွားသည်။ နောက် . . .

"ဖျောက် . . . ချလောက် . . ."

ခလုတ်ဖွင့်သံလိုလိုတစ်ခုက ဖွဲထူးလက်နားဆီမှ ထွက်လာသည်။ မီးကလင်းမလာပါ။

"ဖျောက် . . . ချလောက် . . ."

ထပ်ဖွင့်သည်။ သို့သော် နဂိုအတိုင်း . . .

"ဖျောက် . . . ချလောက် . . ."

ညဏ်ထူးနှင့်ကံထူးကတော့ ဖွဲထူးဆီသို့သာအာရုံစိုက်၍ ရင်တထိတ်ထိတ်ဖြစ်နေသည်။ ထိုစဉ်မှာပင် . . .

လင်းပျပျလေးကျန်သေးသော သူတို့အခန်းမှာ ရုတ်ချည်းမှောင်ကျသွားသည်။

"ဟင်"

သူတို့မှင်သက်စွာ အပေါက်ဝဆီသို့ လည်ပြန်ပြိုင်တူလှည့်ကြည့်လိုက်မိကြတော့ . . .

"ကျွီ . . . ကျွီ . . . ဝုန်း . . . "

အပေါက်ဝတံခါးကြီးမှာ ပြင်းထန်စွာ စေ့ပိတ်သွားပါတော့သည်။

"ဟာ . . . "

"ဟော့ . . . ဟော့ကောင် . . . "

ညဏ်ထူး မှင်သက်သွားကာ ဖွဲထူးဆီလှမ်းကြည့်သည်၊ ဖွဲထူးကို မမြင်ရတော့။ သူတို့နှစ်ဦးကြားထဲတွင် ကြီးမားသောအမှောင်ထုတစ်ခုက ကာဆီးသွားလေပြီ။

"ဖျောက် . . . ချလောက်"

အသံထပ်ကြားရသည်။ တံခါးကြီးက ပွင့်မလာတော့ပါ။

သွားပြီ။

ဖွဲထူး ခလုတ်များနှိပ်မိသွားချေပြီ။

"ဟော့ကောင် . . . ဖွဲထူး . . . မင်းခလုတ် . . . ခလုတ်များ



သွားပြီနဲ့တူတယ်"

တုန်ယင်နေသော ကံထူးအသံမရှေးမနှောင်းမှာပင် . . .

"သွားပြီ . . . ငါမှားသွားပြီ"

"ဟာ . . . "

အရှပ်ကြိုးပြတ် ပစ်ကျသံတစ်ခုက ကံထူးနှုတ်ခမ်းဆီမှ ခုန်ကျသွားလေတော့သည်။

ယခုတော့ ဝသန်မပြောနှင့်သူတို့ပါ ထွက်ပေါက်ပိတ်သွားချေပြီ။ ပိုဆိုးတာက သူတို့သုံးဦးမှာ တစ်ခန်းတည်းတွင်ရှိနေလျက်နှင့် မမြင်ရ။

"ဟော့ . . . ဟော့ကောင် . . . ဖွဲထူး . . . ခလုတ် ထပ်ဖွင့်ကြည့်စမ်းပါဦးကွာ"

"ဖျောက် . . . ချလောက်"

မရတော့ပါ။

"သွားပြီ . . . ဟော့ကောင် . . . မရတော့ဘူး။ ငါတို့ ပိတ်မိသွားပြီ"

ထိုစဉ်မှာပင် ပြာလဲ့လဲ့အလင်းလေးတစ်ခုက ညဏ်ထူးလက်ထဲမှ ထွက်သွားသည်။

မီးခြစ်နှင့်တွဲလျက် ဓာတ်မီးလေး။

"ဟော့ကောင် ဖွဲထူး . . . ဒီကိုပြန်လာခဲ့တော့။ မင်းတံခါး ပြန်ပွင့်မှာမဟုတ်တော့ဘူး"

သုံးယောက်လုံး လူစုသွားကြသည်။ ယခုတော့ သူတို့ဆီမှာ အားကိုးစရာဆိုလို့ ဒီဓာတ်မီးလေးတစ်လက်သာရှိတော့သည်။ သုံးယောက်လုံး၏စိတ်ထဲတွင်လည်း "ဘာဆက်လုပ်မလဲ"ဟူသောအတွေးသာ ကြီးစိုးသွား၏။

အကုန်လုံးလည်း စိတ်ဓာတ်အကြီးအကျယ် ပျက်ပြားသွားကြလေပြီ။ မှဆိုးဘဝမှ ချက်ချင်းသားကောင်အသွင် ပြောင်းသွားမိပါပြီ။ ဝက်ဘာလိုရှုပ်ထွေးလွန်းသော အခန်းတွေထဲတွင် ဝသန့်ကို ထိုသို့လိုက်



www.burmeseclassic.com

www.burmeseclassic.com

ရှာ၍ သူတို့မည်သို့ထွက်ပေါက်တွေ့ဖို့ ကြိုးစားကြမည်နည်း။

"ကဲ . . . ငါတို့ ဘာဆက်လုပ်ကြမလဲ"

မှောင်နှင့်မည်းမည်းထဲတွင် ကံထူးအသံက ဟိန်းထွက်လာသည်။

ဉာဏ်ထူးနှင့်ဖွဲ့ထူးနှစ်ယောက်မှာတော့ အဖြေပေးဖို့ ဆွံ့အ,လျက်ရှိနေကြပါသည်။ တအောင့်ကြာမှ . . .

"ငါ့သဘောအရဆိုရင်တော့ ဝသန့်ကို အရင်လိုက်ရှာကြတာ ပိုကောင်းမယ်။ လေးယောက်ဆုံမှ အပြင်ထွက်ဖို့ကြိုးစားကြတာပေါ့"

ဖွဲ့ထူးက သူ့သဘောကိုပြောပြသည်။ ကံထူးကလည်း . . .

"အေး . . . ငါလည်း အဲလိုပဲ စဉ်းစားထားတယ်။ အခု ငါတို့ သုံးယောက်စလုံးတောင် ချောက်ချားဖို့ကောင်းနေသေးတာ ဝသန့်တစ်ယောက်တည်းဆိုရင်တော့ . . . "

ကံထူးစကားရပ်သွားလေသည်။ ဉာဏ်ထူးအတွေးထဲတွင်လည်း တစ်ချိန်က ဝသန့်ပြောပြထားသော အာဂန္တုကိုရင်တစ်ပါးကို သတိရသွားသလို . . . အဲလိုမျိုး . . .

သူဆက်မတွေးရဲတော့။

ဒါပေမယ့် တစ်စုံတစ်ခုကိုတော့ သူ့စိတ်ထဲမှာ ဘဝင်မကျဖြစ်နေသည်။ သို့သော်လည်း ဘာမှန်း သေချာမသိသေး။

အခုလောလောဆယ်မှာတော့ ကံထူးစကားက အသင့်လျော်ဆုံးဖြစ်ရာ . . .

"အဲဒါဆို ငါတို့တစ်ခန်းဝင်တစ်ခန်းထွက် လိုက်ရှာကြတာပေါ့ . . . ဒါပေမယ့် . . . "

ရပ်ပစ်လိုက်သော သူ့စကားကြောင့် နှစ်ယောက်လုံးခေါင်းမော့သွားသည်။

"ဒါပေမယ့် ဘာဖြစ်လဲ . . . "

"ဒါပေမယ့် ငါတို့မှာ ဒီမီးခြစ်ဓာတ်မီးလေးတစ်လက်ပဲရှိတယ်။ ဒါလေးနဲ့ငါတို့ဘယ်လိုသွားမလဲ။ ပြီးတော့ ကြာကြာခံမှာလည်း မဟုတ်



ဘူး။ အားကုန်သွားမှာ . . . ပိုဆိုးတာက . . . "

ဉာဏ်ထူးစကားကို ခဏရပ်လိုက်သည်။ ပြီးတော့ . . .

"ပိုဆိုးတာက ငါတို့ပါအထဲမှာ လမ်းပျောက်သွားရင်ခက်ပြီ"

"ဟင်"

ဉာဏ်ထူးစကားမှာ သင့်လျော်လွန်းနေသည့်အတွက် ကံထူးနှင့် ဖွဲ့ထူး မှင်သက်မိသွားကာ . . .

"ဒါ . . . ဒါဆို ငါတို့ဘာဆက်လုပ်မလဲ။ ဒီအထဲမှာပဲ ထိုင်နေကြရတော့မှာလား"

သုံးယောက်စလုံး စကားသံတိတ်သွားလေသည်။ ခဏကြာတော့

"လာကွာ . . . ငါတို့ဒီထဲမှာ မီးထွန်းလို့ရလောက်တဲ့တစ်ခုခု ရှာကြည့်ရအောင်။ ဥပမာ . . . ဖယောင်းတိုင်လိုဟာမျိုးပေါ့"

ချက်ချင်းပင် သူတို့ဗုဒ္ဓဆင်းတုတော်ရှေ့သွားကြသည်။

"တော်သေးတာပေါ့ကွာ . . ငါ့မှာ ဒီမီးခြစ်လေးပါလာလို့"

ဉာဏ်ထူးက တိုးတိုးဖွဖွဆိုပါ၏။ သို့သော် ဆင်းတုတော်ရှေ့တွင် မီးထွန်းလို့ရလောက်သော ဖယောင်းတိုင်မရှိပါ။ အထပ်ထပ်တင်ထွန်းထားမှုကြောင့် အရည်ပျော်ကျနေသော ဖယောင်းခဲအစုအပုံတွေသာ ရှိသည်။ အနီးအနားပတ်ကြည့်တော့လည်း မီးထွန်းလောက်စရာမတွေ့။

အခန်းအနှံ့လိုက်ကြည့်နေရင်းဖြင့်ပင် ဉာဏ်ထူးက . . .

"ဝသန့်ကိုရှာတွေ့ပြီး ဒီအခန်းထဲကိုသာ ပြန်ရောက်လာခဲ့မယ်ဆိုရင် တို့အတွက်လွတ်လမ်းတစ်စုံတစ်ရာကို ဖန်တီးနိုင်မယ်ထင်တယ်"

"မင်း ဘာကိုဆိုလိုတာလဲ"

"ဒီအဆောက်အဦကြီးတစ်ခုလုံးကို အခြေခံတည်ဆောက်ထားတယ်ဆိုတဲ့ စတုရန်းကွက်က ဒီအခန်းထဲမှာပဲရှိတာလေ"

"ဘာလဲ မင်းက ဘယ်သူမှအဖြေရှာမရတဲ့ထွက်ပေါက်ကို ရှာချင်လို့လား"

"လောလောဆယ်ကတော့ ငါတို့မှာ ဒီတစ်ခုပဲရှိတယ်။ ဒါပေ



www.burmeseclassic.com

www.burmeseclassic.com

မယ့် အခုလုပ်ရမှာကတော့ ဝသန့်ကိုရှာတွေ့ဖို့ပါပဲ"

"အေးကွာ . . . ဝသန်တစ်ယောက်တည်း သနားပါတယ်"

သူ့စကားကို ကံထူးကထောက်ခံသည်။ ဒီလိုနှင့် အခန်းပတ်ပတ်လည်၏တစ်နေရာရောက်တော့ . . .

"ဟာ . . . ဒါ . . . မီးတုတ်လားမသိဘူး"

ဝမ်းသာအယ်လဲထွက်လာသော ဖွဲထူး၏အသံကြောင့် လှစ်ခနဲအပျော်လှိုင်းတွေဖြတ်ပြေးသွားသည်။ ဖွဲထူးက တုတ်ကိုကောက်ကိုင်ကာ ထိပ်ဖျားကိုနမ်းကြည့်သည်။ ရေနံချေးနံ့လိုလို၊ ရေနံဆီနံ့လိုလို အနံ့တစ်ခုက နှာခေါင်းထဲဝင်ရောက်လာပါ၏။

"ဟာ . . . ဒီမှာလည်းတစ်ချောင်း"

ကံထူးက နောက်တစ်ချောင်းထပ်တွေ့သည်။

"ဟော့ကောင် . . . ဉာဏ်ထူး မီးတို့ကြည့်ရအောင်။ ငါ့အထင် ဒါမီးတုတ်တွေနဲ့တူတယ်"

ဖွဲထူးစကားကြောင့် ဉာဏ်ထူး လက်ထဲမှမီးခြစ်လေးကိုခြစ်ပေးလိုက်တော့ . . .

"ခြစ် . . . ခြစ်"

"ဝုန်း"

မီးဟပ်သွားသောအရှိန်ကြောင့် သူပင်နောက်ခုန်ဆုတ်လိုက်ရသည်။ ဟုတ်သည်။ ဖွဲထူးလက်ထဲမှမီးတုတ်က အလျှံညီးညီးတောက်လောင်နေပြီမဟုတ်ပါလော။ နောက် . . . ကံထူးအလှည့်။

ကံထူးလက်ထဲမှ မီးတုတ်အရောင်ဝင်းသွားပြီးချိန်တွင်မတော့ ပတ်ဝန်းကျင်သည် ရှင်းလင်းစွာထင်ရှားသွားပါတော့၏။ အခန်းကြီးက ရုတ်ချည်း မည်းနေရာမှလင်းသွားလို့ထင်သည် ဖော်ရွေမှုသိပ်မရှိတော့။

"ဟာ . . . ဒီမှာကြိုးတစ်ခွေ"

မီးတုတ်တွေနားမှပင် ကြိုးတစ်ခွေကို ထပ်တွေ့ပါ၏။ ဉာဏ်ထူး ကောက်ကိုင်လိုက်သည်။ အုန်းဆံကြိုးအရွယ်သာသာ နိုင်လွန်ကြိုးခပ်



နွမ်းနွမ်းတစ်ခွေဖြစ်လေသည်။ ဒါပေမယ့် တော်တော်ရှည်ပုံရသည်။

ထိုစဉ်မှာပင် ဉာဏ်ထူးခေါင်းထဲ၌ အကြံတစ်ချက်လက်သွားလေသည်။ ချက်ချင်းပင် ကြိုးခွေ၏အစတစ်ဖက်ကို နီးစပ်ရာတိုင်လုံးတွင် ကောက်ချည်လိုက်သည်။ ကျန်အစတစ်ဖက်ကိုတော့ လက်မှကိုင်၍ . .

"လာကွာ . . . ဆင်းတုတော်နောက် အလယ်လမ်းက စဝင်ကြမယ်။ ငါတို့မျက်စိလည်ပြီး ပြန်မလာနိုင်မှာတော့ မပူရတော့ဘူး"

သူ့လက်မှကိုင်ထားသောကြိုးကိုရည်ရွယ်၍ ပြောလိုက်ခြင်းဖြစ်ပေသည်။ ထို့နောက်မှာတော့ . . .

ပထမခြေတစ်လှမ်း၊

ဒုတိယခြေတစ်လှမ်း၊

အမှန်တော့ သူတို့ဝင်လာသည်မှာ လမ်းမဟုတ်ဘဲ အခန်းတစ်ခုဖြစ်လေသည်။ ထိုအခန်း၏အရပ်လေးမျက်နှာတွင် အပေါက်လေးပေါက်ရှိ၏။ သူတို့သုံးယောက် ဘေးဘယ်ညာသို့မကွေ့ဘဲ မျက်နှာချင်းဆိုင်အပေါက်တည့်တည့်သို့ပင် ဦးတည်သွားလိုက်သည်။ ထိုအပေါက်ကိုလွန်သွားတော့ နောက်တစ်ခန်း။

ထိုအခန်းတွင်တော့ မျက်နှာချင်းဆိုင်တွင်အပေါက်မရှိဘဲ ဘေးဘယ်ညာတွင်သာ အပေါက်နှစ်ပေါက်ရှိသည်။ ထိုစဉ်မှာပင် . . .

"ဝသန်ရေ . . . ဝသန် . . . "

ကံထူးက စအော်သည်။ ဖွဲထူးကတော့ မီးတုတ်တရမ်းရမ်းဖြင့် ပတ်ဝန်းကျင်ကို စူးစမ်းနေပါ၏။ သူတို့တွေတစ်ခန်းပြီးတစ်ခန်း . . . ပါးစပ်မှလည်း . . .

"ဝသန် . . . ဝသန်ရေ . . . "

ရောက်သွားသောအခန်းက ညာတွင်အပေါက်မရှိ၊ ရှေ့တည့်တည့်နှင့် ဘယ်မှာသာ အပေါက်ရှိသည်။ ဉာဏ်ထူးသွားနေရင်းမှ ဒီအဆောက်အဦကြီး၏ဖွဲ့စည်းပုံကို သဘောပေါက်စပြုလာသည်။

ဒီအဆောက်အဦကြီးသည် လမ်းမသုံးဘဲ တစ်ခန်းဝင်တစ်ခန်း

www.burmeseclassic.com

ထွက်နှင့် အပေါက်တွေကိုအဓိကပြုကာ မျက်စိလှည့်ထားခြင်းဖြစ်သည်။

ဉာဏ်ထူးလက်မှ ထဲမှကြိုးကလည်း တလျော့လျော့နှင့်ပါလာပါ၏။

"ဝသန် . . . ဝသန်ရေ . . . ဝသန် . . ."

ကံထူး တကြော်ကြော်အော်ခေါ်နေသည်။ နံရံကိုရိုက်ခတ်၍ ပြန်ကန်လာသောအသံလှိုင်းတို့မှအပ ပြန်ထူးသံမကြား။

ဝင်လာရင်းနှင့် သူတို့သုံးယောက် ထူးခြားမှုတစ်ခုကို သတိပြုမိလာသည်။ အဲဒါက ပုတ်အက်အက်၊ ညှီစို့စို့အနံ့အသက်တွေ ရှူရှိုက်မိလာခြင်း။

"ဟေ့ကောင် . . . ဘာနံ့ကြီးလဲ မသိဘူး"

ကြက်သီး ဖျန်းခနဲထသွားသည်။ အောက်သိုးသိုးအနံ့ကြီးက တဖြည်းဖြည်း ဆိုးရွားသည်ထက် ဆိုးရွားလာပါ၏။ သူတို့သုံးယောက်စလုံး ခြေစုံရပ်မိသွားသည်။ 'ဘာနံ့ကြီးလဲ'ဟူသော အတွေးတွေနှင့်အတူ သုံးယောက်လုံး၏မျက်လုံးတို့က အခန်းပတ်ပတ်လည်ကို ကျီးကန်းတောင်းမှောက်၊

ပိတ်အိုက်စပ်လျောင်နေသည်ကတစ်ကြောင်း၊ မီးတုတ်ကိုင်ထားရသော အပူရှိန်တို့ကတစ်ကြောင်းတို့ကြောင့် ကံထူးနှင့်ဖွဲထူးမှာ ချွေးပျံစပြုလာသည်။

"ဟေ့ကောင်တွေ . . . ဘယ်လိုလဲ"

ဉာဏ်ထူး၏အမေးကို နှစ်ယောက်စလုံးအဖြေမပေး။ ဟိုဟိုဒီဒီသာ ပတ်ကြည့်နေသည်။

"ဒီအခန်းထဲကတော့မဟုတ်ဘူး . . . ဟိုရှေ့ခန်းလောက်ကဖြစ်မယ်ထင်တယ်"

ဖွဲထူးက မီးတုတ်တရမ်းရမ်းဖြင့်ကြည့်နေရာမှ ညာဘက်မှ အပေါက်ကို လက်ညှိုးထိုးပြသည်။ ဒီအခန်းထဲမှာက အဲဒီတစ်ပေါက်မှလွဲ၍ သူတို့ဝင်လာသော အပေါက်တစ်ပေါက်သာရှိသည်။



သူတို့ဘယ်နှခန်းကို ဖြတ်လာပြီလဲ။

သူတို့မသိ၊ ဘယ်ရောက်လို့ ဘယ်ပေါက်နေမှန်းလည်း မသိ။ (၃၈)ခန်းကို (၁၀)ခန်းလောက်နှင့်လည်နေတာလည်း ဖြစ်နိုင်သည်။ ယခုရော သူတို့ဆက်သွားရမည်လား၊ ပြန်လှည့်ရမည်လား။

ကံထူးပင် ဝသန့်နာမည်ကို မခေါ်နိုင်တော့။

သူတို့သုံးယောက် တစ်ယောက်ကိုတစ်ယောက်ကြည့်မိသည်။

"ဆက်သွားမယ်ကွာ"

ဉာဏ်ထူး၏စကားအဆုံး သုံးယောက်လုံး၏ခြေလှမ်းတွေက အပေါက်နားနီးလာလေလေ၊ ပိုနံလေလေဖြင့် အော်ဂလီဆန်ဖွယ်အနံ့အသက်တွေကလည်း ဆိုးရွားသည်ထက် ဆိုးရွားလာသည်။

ညှီစို့စို့၊ အောက်သက်သက်အနံ့တွေက မသိရင် ပုပ်ပွနေသောလူသေလောင်းတစ်လောင်းမှ တညည်းညည်းထွက်လာနေသလို . . .

မတော်လို့များ . . .

သုံးဦးစလုံး၏စိတ်ထဲတွင် မတော်လို့များဟူသောအတွေးက အပြည့်အဝ နေရာယူနေသည်။

ဉာဏ်ထူးလက်မှကိုင်ထားသောကြိုးခွေက ချွေးစေးတွေဖြင့် ချော်နေသလို၊ ကံထူးနှင့်ဖွဲထူးနှစ်ယောက်စလုံးမှာလည်း ချွေးစေးတွေနှင့် ရွှဲရွှဲနစ်နေကြပြီ။

ဒါပေမယ့် သူတို့ဆက်လှမ်းနေဆဲပါ။ ဒီလိုနှင့် . . . တစ်စထက် တစ်စ။

အခန်းဝသို့ခြေချလိုက်စဉ်မှာပင် မခံမရပ်နိုင်သော ဆိုးဆိုးရွားရွား အနံ့အသက်တစ်ခုနှင့်အတူ . . .

သူတို့မျက်ဝါးထင်ထင် မြင်တွေ့လိုက်ရသည်ကား . . .

"အား . . ."



www.burmeseclassic.com

www.burmeseclassic.com

(c)

ကံထူးနှင့်ဖွဲထူးလက်ထဲမှ မီးတုတ်တွေလွတ်ကျသွားသည်။ သူ ကိုယ်တိုင်လည်း လက်ထဲမှကိုင်ထားသောကြိုးက တင်းခါလျှပ်ယမ်းသွား သလို ခံစားလိုက်ရပြီးသည့်အဆုံးမှာတော့ . . .

"ကျွီ. . . . ကလိ . . . ကျွီ. . . . ဖလမ်း . . . ဖလမ်း . ."

"အား . . ."

"အား . . ."

သုံးဦးစလုံး၏ တစ်ပြိုင်နက်အော်သံက ပထမအကြိမ်ထက်ကို ပိုကျယ်လောင်သွားလေတော့သည်။ သုံးယောက်စလုံး မျက်နှာကိုလက် ဖြင့်အုပ်ကာ ဝပ်ချလိုက်ပြီးသွားသည့်ခဏမှာတော့ ကျောခုံးပေါ်မှ တဝီဝီ ဖြတ်သန်းသွားကြသော တောင်ပံခတ်သံတွေနှင့်အတူ . . .

တစ်စက္ကန့်.

နှစ်စက္ကန့်.

ငါးစက္ကန့်.

တစ်မိနစ်"



အသံတွေငြိမ်သွားတော့မှ မဝံမရဲဖြင့် ကိုယ်စီကိုယ်စီ မျက်လုံး ဖွင့်ကြည့်လိုက်ကြသည့်ခဏမှာ . . .

အစစအရာရာ သူတို့သဘောပေါက်သွားချေပြီ။

သူတို့ရင်ဆိုင်ရသည်ကား . . .

လူသေလောင်းတစ်လောင်းမဟုတ်။ ကြောက်မက်ဖွယ်မျက်နှာ နှင့် မကောင်းဆိုးရွားတစ်ကောင်မဟုတ်၊ သရဲတစ္ဆေမဟုတ်။

အကောင်ပေါင်း ရာနှင့်ချီနေလောက်မည့် လင်းဆွဲများသာ။ သူတို့ရှူရှိုက်နေရသော ပုပ်အဲ့အဲ့အနံ့က ထိုလင်းဆွဲတွေ၏ကိုယ်သင်းနံ့။ ပြီးတော့ လင်းဆွဲချေးနံ့။

"ဟူး . . . "

သက်ပြင်းကိုယ်စီချသံနှင့်အတူ လွတ်ကျသွားသောမီးတုတ်နှင့် ကြိုးတို့ကို ကိုယ်စီကိုယ်စီကောက်ကိုင်လိုက်ကြပါ၏။ ပြီးတော့ . . .

မပြီးဆုံးသေးသော ကယ်တင်မှုတစ်ခုအတွက် . . .

"ဝသန်ရေ . . . ဝသန် . . . "

တစ်ခန်းဝင်တစ်ခန်းထွက် ရှာလာကြရာမှ မီးတုတ်မှမီးစွယ်တို့ ပင် ကျိုးစပြုလာပါပြီ။ ထိုစဉ်မှာပင် ဉာဏ်ထူးတစ်စုံတစ်ခုကို သတိထား မိလိုက်သည်။ အဲဒါက သူတို့သုံးယောက် ဝင်ပေါက်တစ်ပေါက်သာရှိ သော အလုံပိတ်အခန်းထဲသို့ ရောက်ရှိနေခြင်း။

"ငါတို့တော့ တစ်ခုခုမှားနေပြီနဲ့တူတယ်"

ပြောရင်းမှ ဉာဏ်ထူး လက်ထဲမှကြိုးကို ဆွဲကြည့်လိုက်သည်။ ကြိုးက အလိုက်သင့်ပါလာပါ၏။

"ဘာဖြစ်လို့လဲ"

ဉာဏ်ထူးအဖြေမပေးဘဲ တစ်ခုခုကိုစဉ်းစားနေသည်။ ပြီးမှ . . .

"ဝသန် ဒီထဲမှာရော ပိတ်မိနေတာ သေချာလို့လား"

"ဟင်"

ဉာဏ်ထူးစကားကြောင့် ဟိုနှစ်ကောင်လည်း စဉ်းစားသွားကြ



www.burmeseclassic.com

www.burmeseclassic.com

သည်။

"မင်း ဘယ်လိုထင်လို့လဲ"

"ငါ့အထင်ပြောရရင်တော့ ငါတို့ တစ်ခုခုမှားနေပြီ"

ဉာဏ်ထူးက ခဏနား၍ ဆက်ပြောသည်။

"ငါတို့ ဒီကိုစရောက်လာကြတာ ဝသန်ခေါ်လာလို့နော်။ အဲဒီနေ့က ဝသန်ကိုယ်တိုင်ပဲ ဒီဘုရားကျောင်းကြီးအကြောင်းကို စေ့စေ့စုံစုံ ရှင်းပြခဲ့တယ်။ သူကိုယ်တိုင် ဆိုးကျိုးတွေသိနေတဲ့ ဒီအထဲမှာသူပိတ်မိနေတယ်ဆိုတာ ဖြစ်နိုင်ပါ့မလား။ ငါဆိုလိုတာက ဒီဝက်ဘာထဲကို သူ ဘယ်လိုရည်ရွယ်ချက်နဲ့ဝင်မှာလဲ"

ကံထူးနှင့်ဖွဲ့ထူး နှစ်ယောက်စလုံးစဉ်းစားသွားကြလေသည်။ ကျောင်းထိုင်ဆရာတော်ကိုယ်တိုင်ပင် ပြင်းပြင်းထန်ထန်ပိတ်ပင်ထားသည့် ဒီဝက်ဘာထဲကို ဝသန်ဝင်ခဲ့သည်ဆိုတာဖြစ်နိုင်ပါ့မလား။ ယခုမှ သူတို့၏ဟာကွက်ကို တွေ့သွားသည်။

"နောက်တစ်ခုက ငါတို့ ဒီအတွင်းထဲထိရောက်လာရတာ အရမ်းလွယ်လွန်းနေတယ်"

ဉာဏ်ထူးစကားကြောင့် ဖွဲ့ထူးက . . .

"မင်း ဘာကိုဆိုလိုတာလဲ"

"ဒီမီးတုတ်တွေနဲ့ကြိုးကို ငါတို့ရတာ လွယ်လွန်းနေလားလို့။ ပထမတစ်ခေါက်လာတုန်းက ဒါတွေမရှိဘူး။ ငါ့အထင်ပြောတာနော်။ ငါတို့အတွက်များ အသင့်ချထားပေးတာလားလို့ထင်မိတယ်။ ပြီးတော့ ငါတို့တကြော်ကြော်အော်ခေါ်နေတယ် ပြန်ထူးသံမကြားဘူး။ အမှန်ဆို ဒီအဆောက်အဦထဲကအခန်းတွေက အလုံပိတ်တွေမှမဟုတ်တာ။ ဒီထဲမှာရှိတာသေချာရင်ကြားရမှာပေါ့။ နောက်ပြီး ငါတို့ရှာလာတာလည်း အခန်းမမှတ်မိပေမယ့် တော်တော်စုံနေပြီ"

ဉာဏ်ထူးစကားအဆုံး ဖွဲ့ထူးက ခေါင်းတဆတ်ဆတ်ညိတ်ကာ မှတ်ချက်ပြုသည်။



"အေးကွ . . . ငါတို့ ဒါတွေကို မစဉ်းစားခဲ့မိဘူး။ ဝသန့်ပိတ်မိနေတယ်ဆိုတာနဲ့ ထူပူပြီး အကုန်မေ့ကုန်တာ"

"ငါတို့လွတ်သွားတာ အဲဒီအချက်ပဲ"

"ဒါဆို ဝသန်က ဘာရည်ရွယ်ချက်နဲ့ ငါတို့ကို ဒီဝက်ဘာထဲ ဝင်ခိုင်းတာလဲ"

ကံထူး၏အမေးကို မည်သူမျှမဖြေနိုင်ပါ။ ဟုတ်သည်။ ကံထူးအမေးက စဉ်းစားရတော်တော်ခက်နေပါ၏။ ထိုစဉ်မှာပင် ဖွဲ့ထူးက . . .

"ဒါဆို ငါတို့ဘယ်လိုလုပ်ကြမလဲ။ ပထမဆုံးအခန်းဆီ ပြန်သွားမလား"

ဉာဏ်ထူးခေါင်းယမ်းလိုက်သည်။

"သွားတော့ သွားရမှာပဲ . . . ငါတို့ရှေ့ဆက်သွားလို့မှမရတော့တာ။ ဒါပေမယ့် ငါ့အထင် ငါတို့သွားလို့မရနိုင်တော့ဘူး"

"ဘာ . . . ဘာဖြစ်လို့လဲ"

"ငါတို့စဝင်လာတာ နာရီဝက်ကျော်ကြာနေပြီ။ ဒါပေမယ့် အခုချိန်ထိ လက်ထဲမှာပါလာနေတဲ့ကြိုးက ထူးဆန်းမနေဘူးလား"

"ဟင်"

"ငါတို့တွေ့တုန်းက ကြိုးခွေဒီလောက်မရှည်နိုင်ဘူးဆိုတာ မင်းတို့ရိပ်မိတယ်နော်"

"အင်း"

"ဒါပေမယ့် . . . အခုအချိန်ထိ လက်ထဲမှာပါလာနေတုန်းဆိုတော့ . . ."

သူတို့သုံးယောက်စလုံး တစ်ယောက်မျက်နှာတစ်ယောက်ကြည့်မိလေသည်။ ပြီးတော့ . . .

ဉာဏ်ထူး သိပ်မဆွဲလိုက်ရပါ။ လက်ဆယ်ခါလောက် အရှေ့ အတင်းမလုပ်ခင်မှာပဲ . . .

ဟုတ်ခနဲသေသွားသော ကံထူးလက်ထဲမှမီးတုတ်နှင့်အတူ



www.burmeseclassic.com

www.burmeseclassic.com

သူတို့သုံးယောက်စလုံးလည်း ခြေပစ်လက်ပစ် ညွတ်ကျသွားလေသည်။

ဉာဏ်ထူးလက်ထဲမှ အသာအယာပါလာသည့် ကြိုးတစ်ချောင်းသည်ကား တစ်စုံတစ်ရာ ငြိစွန်းကိုက်ဖြတ်ထားမှုကြောင့် ဖွာလန်ကျဲသောကြိုးစတွေနှင့်အတူ မရှုမလှပြတ်တောက်သွားခဲ့ရပါပြီ။

သွားပြီ . . .

အခုမှ တကယ်ပင် သူတို့ဝဲဘာထဲပိတ်မိသွားချေပြီ။ တစ်ချောင်းတည်းသာကျန်တော့သော ဖွဲထူးလက်မှမီးတုတ်လေးကလည်း လောင်စာကုန်ခမ်းသွားမှုကြောင့် မပီမပြင်ယိမ်းနွဲ့နေသည်။ သူတို့ဘာဆက်လုပ်ရမည်လဲ။ ကြိုးတစ်ချောင်းအကူအညီဖြင့် ရဲရင့်ခဲ့သော သူတို့သုံးယောက်ဘဝမှာတော့ . . .

ပျက်ယွင်းနေသော မျက်နှာကိုယ်စီကို မနိုင့်တနိုင်ဖုံးဖိရင်း ကံထူးလက်ထဲမှမီးသေနေသော အလင်းတိုင်လေးကိုသာ . . .

"ငါတို့ ဘာဆက်လုပ်ကြမလဲ။ အခုမှ ငါတို့တကယ်ပိတ်မိသွားတာ"

စိတ်ပျက်သံတစ်ဝက်နှင့် ကံထူးကပြောသည်။

"အကောင်းဆုံးကတော့ စိတ်ဓာတ်ကျနေမယ့်အတူတူ ပျောက်နေတဲ့ထွက်ပေါက်ကိုရှာရင် ကောင်းမယ်"

ဉာဏ်ထူး၏စကားအဆုံး . . .

"ဘယ်လိုရှာမလဲကွ . . . ထွက်ပေါက်ရှိတယ်ဆိုတဲ့ စတုရန်းကွက်က ပထမအခန်းမှာတင်ကျန်ခဲ့တာ။ ပထမခန်းပြန်ရောက်အောင် အခုလိုအခြေအနေနဲ့ ဘယ်လိုသွားမလဲ။ ဒီမီးတုတ်တစ်ချောင်းကလည်း သိပ်ကြာကြာခံမှာမဟုတ်ဘူး။ အခုမှ တကယ်ရှုပ်လာတာကွ"

ဖွဲထူးစကားကြောင့် ဝက်ဖဲတစ်ချပ်ကိုင်ထားသော ဖဲသမားတစ်ယောက်လို ဉာဏ်ထူးပြုံးလိုက်သည်။

"မပူနဲ့ . . . အဲဒီစတုရန်းကွက်ကို ငါအလွတ်ရတယ်"

"ဟင်"



သူ၏စကားကြောင့် အဆီတဝင်းဝင်းနှင့် အရှုံးပေးအံ့ဆဲဆဲမျက်နှာတွေမှာ ချက်ချင်းအရောင်ပြောင်းသွားသည်။

"ဒါ . . . ဒါဆို . . . "

"အေး . . . ဘာပဲဖြစ်ဖြစ် စဉ်းစားဖို့နီးစပ်တာပေါ့ကွာ"

ပြောပြောဆိုဆို ဉာဏ်ထူးကထိုင်နေရာမှ နီးစပ်ရာတုတ်တစ်ချောင်းဖြင့် မြေကြီးပေါ်ကောက်ဆွဲလိုက်သည်။ ဖွဲထူးက လက်ထဲမှ မီးတုတ်ကို ဉာဏ်ထူးရှေ့မြေကြီးထဲသို့ လာစိုက်ပေးပါ၏။

| | | | |
|---|---|---|---|
| 16 | 3 | 2 | 13 |
| 5 | 10 | 11 | 8 |
| 9 | 6 | 7 | 12 |
| 4 | 15 | 14 | 1 |

ပြီးတော့ . . .

"ငါ တစ်ယောက်ယောက်ကို အားကိုးချင်တယ်ကွာ"

ဉာဏ်ထူးစကားကြောင့် နှစ်ဦးစလုံးက သူ့ကိုမော့ကြည့်သည်။

"ကံထူး . . . မင်းကံကို မင်းယုံတယ်မလား"

"အေး"

ပြောစရာမလိုအောင် ကံထူးကတည်ငြိမ်ပါ၏။

"အေး . . . အဲဒါဆို မင်းယုံတဲ့ကံပေါ်မူတည်ပြီး ဒီဘုရားကျောင်းကြီးရဲ့ထွက်ပေါက်က ဘယ်အခန်းဖြစ်မလဲ ပြောကြည့် . . ."

ကံထူး တွေဝေသွားသည်။ ပြီး မြေကြီးပေါ်မှ ဉာဏ်ထူးဆွဲထားသော စတုရန်းကွက်ကိုကြည့်သည်။ နောက် ခေါင်းကို တစ်ချက်ယမ်း၍



www.burmeseclassic.com

www.burmeseclassic.com

"(၃၈)ခန်းရှိတဲ့အထဲမှာ ထွက်ပေါက်ရှိမယ့်အခန်းက (၃၄)လို့ ငါထင်တယ်။ ဘာဖြစ်လို့လဲဆိုတော့ (၃၄)ဆိုတာ ကံအမြဲကောင်းတဲ့ ငါ့ရဲ့ Lucky နံပါတ်"

ကံထူးစကားကြောင့် ဉာဏ်ထူး လျှို့ဝှက်စွာပြုံးသည်။

"ဖြစ်နိုင်ခြေအများကြီးရှိတယ်"

"ဒါပေမယ့် (၃၄)က ဒီစတုရန်းကွက်ထဲမှာမှ မပါတာ"

ဖွဲထူး၏ထင်မြင်ချက်ကို ဉာဏ်ထူးကလက်ကာ၍ . . .

"ငါ ပထမတစ်ခေါက်လာတုန်းက ဒီစတုရန်းကွက်ရှေ့မှာ အကြာကြီးရပ်ကြည့်နေတာ မင်းတို့သတိထားမိလား"

"အေး . . . ထားမိတယ်"

"အဲဒါ ငါ ဒီစတုရန်းကွက်ကို မြင်ဖူးသလိုလိုရှိလို့ကြည့်နေတာ။ ဒါပေမယ့် အဖြေရှာမရဘူး။ အိမ်ရောက်မှ ငါ့အဖေစာအုပ်တွေထဲက သင်္ချာနဲ့ပတ်သက်တဲ့ အင်္ဂလိပ်ကျမ်းစာတစ်စောင်ကိုလှန်ကြည့်တော့ အဲဒီမှာ ဒီစတုရန်းကွက်ကိုသွားတွေ့တယ်"

"ဟင် . . . "

"ဒါ . . . ဒါဆို . . . "

"အေး . . . ငါမင်းတို့ကိုရှင်းပြမယ်"

ဟုဆိုကာ . . .

"ဒီကျမ်းကိုပြုစုတဲ့သူက Jerome S.Meyer တဲ့။ ကျမ်းနာမည်က Fun With Mathematics လို့ခေါ်တယ်။ ကျမ်းပြုစုရေးထားတာကတော့ ဒီစတုရန်းကွက်ကို 'မယ်လင်ခိုလီယာစတုရန်းကွက် (The Melancholia Magic Square)လို့ခေါ်တယ်တဲ့ကွ။ ဒါပေမယ့် ဒီစတုရန်းကွက်ကိုတော့ ဘယ်သူတီထွင်ပြုလုပ်ခဲ့တယ်ဆိုတာ ရေးမထားဘူး။ (D'u' rer)ရဲ့ မယ်လင်ခိုလီယာကျော်ကြားက ကူးယူခဲ့တယ်လို့ ဖော်ပြထားတယ်။ စတုရန်းကတော့ မင်းတို့မြင်တဲ့အတိုင်းပဲ လေးကွက်စတုရန်းပေါ့ကွာ။ အကွယ်ငယ်က(၁၆)ကွက်ပါတယ်။ အဲဒီအကွက်တွေထဲမှာ 1 မှ 16 အထိ



ကိန်း 16 ခုကို အစီအစဉ်တစ်ခုနဲ့ရေးသွင်းထားတယ်ကွ။ စတုရန်းကွက်အောက်ဆုံး အလျားလိုက်ကိန်းတန်းမှာပါတဲ့ အလယ်ကိန်းနှစ်စုံက ဒီမယ်လင်ခိုလီယာစတုရန်းကွက် တီထွင်ပြုလုပ်ထားခဲ့တဲ့ သက္ကရာဇ် 1514 ကို ဖော်ညွှန်းထားတယ်လို့ ကျမ်းအရဆိုထားတယ်"

ဉာဏ်ထူးက စကားကိုခဏရပ်သည်။ ကံထူးနှင့်ဖွဲထူးကတော့ သူထောက်ပြသော အကွက်နှစ်ကွက်ကိုကြည့်၍ ခေါင်းညိတ်ပါ၏။

"ဒီစတုရန်းကွက်က ကိန်းတွေက သာမန်ကြည့်ရင် ရိုးရိုးလေးနော်။ ဒါပေမယ့် သေသေချာချာ စူးစမ်းလေ့လာကြည့်ရင် အံ့သြလောက်အောင်ကို ထူးခြားချက်တွေတွေ့ရတယ်ကွ။ ဒီမှာ မင်းတို့ကို ရှင်းရလွယ်အောင် အမှတ်စဉ်တပ်လိုက်မယ်"

ဟုဆိုကာ ဉာဏ်ထူးက လက်ထဲမှာကိုင်ထားသောတုတ်ချောင်းဖြင့် စတုရန်း၏ထောင့်လေးထောင့်ကို ABCD ဒေါင်လိုက်စတိုင်လေးခုကို က၊ ခ၊ ဂ၊ ဃ အလျားလိုက်ကိန်းတန်းလေးခုကို စ၊ ဆ၊ ဇ၊ ဈ ဟု၍ တပ်လိုက်သည်။

A B

| | က | ခ | ဂ | ဃ |
|---|---|---|---|---|
| စ | 16 | 3 | 2 | 13 |
| ဆ | 5 | 10 | 11 | 8 |
| ဇ | 9 | 6 | 7 | 12 |
| ဈ | 4 | 15 | 14 | 1 |

D C

ပြီးတော့ . . .

www.burmeseclassic.com

"ပထမဆုံး ဒေါင်လိုက်စာတိုင်တစ်ခုဆီမှာပါတဲ့ ကိန်းတွေကို ပေါင်းကြည့်လိုက် . . . ပေါင်းလဒ်တွေက တူညီနေတယ်ကွ။ ပေါင်းလဒ်က (၃၄) ဒီမှာကြည့် . . .

ဟုဆိုကာ မြေကြီးပေါ်မှာတင် အမှတ်စဉ်တပ်၍ ပေါင်းပြသည်။

(မှတ်ချက် ။ ။ စကားပြောအတိုင်းရေးလျှင် နားလည်ရခက်မည်စိုးသည့်အတွက် လေ့လာမှုပုံစံလည်းသက်ရောက်အောင် စာအတိုင်းဖြင့်ပင် ရေးပြလိုက်ပါသည်။)

လေ့လာချက် (1)

| | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| စာတိုင် – က | = | 16 | + | 5 | + | 9 | + | 4 | = | 34 |
| စာတိုင် – ခ | = | 3 | + | 10 | + | 6 | + | 15 | = | 34 |
| စာတိုင် – ဂ | = | 2 | + | 11 | + | 7 | + | 14 | = | 34 |
| စာတိုင် – ဃ | = | 13 | + | 8 | + | 12 | + | 1 | = | 34 |

စာတိုင် (က)နှင့် (ခ)၌ပါသော ကိန်းတစ်ခုစီ၏ နှစ်ထပ်ကိန်းများပေါင်းလဒ်နှင့် စာတိုင် (ဂ)နှင့် (ဃ)တွင်ပါသော ကိန်းတစ်ခုစီ၏ နှစ်ထပ်ကိန်းများပေါင်းလဒ်သည် တူညီနေသည်။ ပေါင်းလဒ်က – 748

လေ့လာချက် (2)

စာတိုင် က – ခ = $16^2 + 5^2 + 9^2 + 4^2 + 3^2 + 10^2 + 6^2 + 15^2 = 748$

စာတိုင် ဂ – ဃ = $2^2 + 11^2 + 7^2 + 14^2 + 13^2 + 8^2 + 12^2 + 1^2 = 748$

တစ်ခုကျော်ဖြစ်သော စာတိုင် (က)နှင့် (ဂ)၌ပါသော ကိန်းတစ်ခုစီ၏ နှစ်ထပ်ကိန်းများပေါင်းလဒ်နှင့် စာတိုင် (ခ)နှင့်(ဃ)၌ပါသော ကိန်းတစ်ခုစီ၏ နှစ်ထပ်ကိန်းများပေါင်းလဒ်သည် တူညီသည်။ ပေါင်းလဒ် – 748



လေ့လာချက် (3)

စာတိုင် က – ဂ = $16^2 + 5^2 + 9^2 + 4^2 + 2^2 + 11^2 + 7^2 + 14^2 = 748$

စာတိုင် ခ – ဃ = $3^2 + 10^2 + 6^2 + 15^2 + 13^2 + 8^2 + 12^2 + 1^2 = 748$

အလျားလိုက်တည်ရှိသော ကိန်းတန်းလေးခု၏ ထူးခြားချက်များကို ဆက်လက်လေ့လာကြည့်မည်ဆိုလျှင် . . .

အလျားလိုက်ကိန်းတန်းတစ်ခုစီ၏ ကိန်းများပေါင်းလဒ်သည် တူညီသည်၊ ပေါင်းလဒ်သည် – 34

လေ့လာချက် (4)

| | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| ကိန်းတန်း – စ | = | 16 | + | 3 | + | 2 | + | 13 | = | 34 |
| ကိန်းတန်း – ဆ | = | 15 | + | 10 | + | 11 | + | 8 | = | 34 |
| ကိန်းတန်း – ဇ | = | 9 | + | 6 | + | 7 | + | 12 | = | 34 |
| ကိန်းတန်း – ဈ | = | 4 | + | 15 | + | 14 | + | 1 | = | 34 |

ကိန်းတန်း (စ)နှင့် (ဆ)၌ပါသော ကိန်းတစ်ခုစီ၏ နှစ်ထပ်ကိန်းများပေါင်းလဒ်နှင့် ကိန်းတန်း (ဇ)နှင့် (ဈ)၌ပါသော ကိန်းတစ်ခုစီ၏ နှစ်ထပ်ကိန်းများပေါင်းလဒ်သည် တူညီ၏။ ပေါင်းလဒ် – 748

လေ့လာချက် (5)

ကိန်းတန်း စ – ဆ = $16^2 + 3^2 + 2^2 + 13^2 + 5^2 + 10^2 + 11^2 + 8^2 = 748$

ကိန်းတန်း ဇ – ဈ = $9^2 + 6^2 + 7^2 + 12^2 + 4^2 + 15^2 + 14^2 + 1^2 = 748$

တစ်ခုကျော်ဖြစ်သော ကိန်းတန်း (စ)နှင့် (ဇ)၌ပါသော ကိန်းတစ်ခုစီ၏ နှစ်ထပ်ကိန်းများပေါင်းလဒ်နှင့် ကိန်းတန်း (ဆ)နှင့် (ဈ)၌



www.burmeseclassic.com

www.burmeseclassic.com

ပါသော ကိန်းတစ်ခုစီ၏ နှစ်ထပ်ကိန်းများပေါင်းလဒ်သည် တူညီ၏။ ပေါင်းလဒ် – 748

လေ့လာချက် (6)

ကိန်းတန်း စ – ဇ $= 16^2 + 3^2 + 2^2 + 13^2 + 9^2 + 6^2 + 7^2 + 12^2 = 748$

ကိန်းတန်း ဆ – ဈ $= 5^2 + 10^2 + 11^2 + 8^2 + 4^2 + 15^2 + 14^2 + 1^2 = 748$

ဆက်လက်၍ ထောင့်ဖြတ်မျဉ်းနှစ်ကြောင်းပေါ်ရှိကိန်းများ၏ ထူးခြားချက်များကို လေ့လာကြည့်ပါမည်။

ထောင့်ဖြတ်မျဉ်းတစ်ခုစီပေါ်ရှိ ကန်းများပေါင်းလဒ်နှစ်ခုသည် တူညီပါ၏။ ပေါင်းလဒ် – 34

လေ့လာချက် (7)

ထောင့်ဖြတ် AC $= 16 + 10 + 7 + 1 = 34$

ထောင့်ဖြတ် BD $= 13 + 11 + 6 + 4 = 34$

ထောင့်ဖြတ်မျဉ်းနှစ်ကြောင်းပေါ်ရှိ ကိန်းများပေါင်းလဒ်နှင့် ထောင့်ဖြတ်မျဉ်းပေါ်၌မရှိသော ကျန်ကိန်းများအားလုံးပေါင်းလဒ်သည် တူညီနေသေး၏။ ပေါင်းလဒ် – 68

လေ့လာချက် (8)မှဖော်ပြခဲ့သော ကိန်းနှစ်မျိုး၌ပါသည့် ကိန်းတစ်ခုစီ၏ နှစ်ထပ်ကိန်းပေါင်းလဒ်သည် တူညီပြန်ပါသေး၏။ ပေါင်းလဒ် – 748



လေ့လာချက် (9)

ထောင့်ဖြတ် AC - BD $= 16^2 + 10^2 + 7^2 + 1^2 + 13^2 + 11^2 + 6^2 + 4^2 = 748$

ကျန်ကိန်း $= 3^2 + 2^2 + 5^2 + 8^2 + 9^2 + 12^2 + 15^2 + 14^2 = 748$

ဆက်လက်၍ အခြားသောကိန်းများ၏ ထူးခြားချက်များကို ဆက်လက်လေ့လာကြည့်ဦးမည်ဆိုလျှင် . . .

စတုရန်း၏ထောင့်လေးခုရှိ ကိန်းလေးခုပေါင်းလဒ်သည် စတုရန်း၏အလယ်၌ စတုရန်းဖြစ်နေသော စတုရန်းငယ်၏ကိန်းလေးခု ပေါင်းလဒ်နှင့်တူညီသည်။ ပေါင်းလဒ် – 34

လေ့လာချက် (10)

စတုရန်းထောင့် ABCD $= 16 + 13 + 1 + 4 = 34$

စတုရန်းငယ်ရှိကိန်း $= 10 + 11 + 7 + 6 = 34$

စတုရန်း၏မျက်နှာချင်းဆိုင်အနားတစ်စုံစီရှိ အတွင်းကိန်းနှစ်ခုစီပေါင်းလျှင် ပေါင်းလဒ်များတူညီကြသည်။ ပေါင်းလဒ် – 34

လေ့လာချက် (11)

မျက်နှာချင်းဆိုင်အနား AB နှင့် CD ရှိ

အလယ်ကိန်းများပေါင်းခြင်း $= 3 + 2 + 15 + 14 = 34$

မျက်နှာချင်းဆိုင်အနား AD နှင့် BC ရှိ

အလယ်ကိန်းများပေါင်းခြင်း $= 5 + 9 + 8 + 12 = 34$

မူလစတုရန်းကို စတုရန်းငယ်လေးခုပိုင်းပါ၊ စတုရန်းငယ်တစ်ခုစီတွင်ပါဝင်သော ကိန်းလေးခုစီကိုပေါင်းလျှင် ပေါင်းလဒ်များတူညီပြန်သည်။ ပေါင်းလဒ် – 34



www.burmeseclassic.com

www.burmeseclassic.com

လေ့လာချက် (12)

ထောင့် A ပါသော စတုရန်းငယ်
ကိန်းများပေါင်းခြင်း = 16 + 3 + 10 + 5 = 34

ထောင့် B ပါသော စတုရန်းငယ်
ကိန်းများပေါင်းခြင်း = 2 + 13 + 8 + 11 = 34

ထောင့် C ပါသော စတုရန်းငယ်
ကိန်းများပေါင်းခြင်း = 7 + 12 + 1 + 14 = 34

ထောင့် D ပါသော စတုရန်းငယ်
ကိန်းများပေါင်းခြင်း = 9 + 6 + 15 + 4 = 34

စတုရန်း၏ ထောင့် A ဘေးရှိကိန်းနှစ်ခုနှင့် ထောင့် C ဘေးရှိ ကိန်းနှစ်ခုပေါင်းလဒ်သည် ထောင့် B ဘေးရှိကိန်းနှစ်ခုနှင့် ထောင့် D ဘေးရှိကိန်းနှစ်ခုပေါင်းလဒ်တို့ တူညီကြသည်။ ပေါင်းလဒ် – 34

လေ့လာချက် (13)

ထောင့် A နှင့် ထောင့် Cဘေးရှိကိန်းနှစ်ခု
စီပေါင်းခြင်း = 5 + 3 + 14 + 12 = 34

ထောင့် B နှင့် ထောင့် Dဘေးရှိကိန်းနှစ်ခု
စီပေါင်းခြင်း = 8 + 2 + 15 + 9 = 34

လေ့လာချက်(13)၌ ဖော်ပြခဲ့သောကိန်းတစ်ခုစီ၏ နှစ်ထပ်ကိန်းများပေါင်းလဒ်သည် တူညီပြန်သည်။ ပေါင်းလဒ် – 374



လေ့လာချက် (14)

ထောင့် A နှင့် ထောင့် Cဘေးရှိကိန်းနှစ်ခု
စီ၏နှစ်ထပ်ကိန်းများပေါင်းခြင်း = $5^2 + 3^2 + 14^2 + 12^2 = 374$

ထောင့် B နှင့် ထောင့် Dဘေးရှိကိန်းနှစ်ခု
စီ၏နှစ်ထပ်ကိန်းများပေါင်းခြင်း = $8^2 + 2^2 + 15^2 + 9^2 = 374$

• • •



www.burmeseclassic.com

www.burmeseclassic.com

(d)

ဝေ့ခနဲတစ်ချက်ယမ်းသွားသောမီးကိုကြည့်၍ ဉာဏ်ထူးစကားကိုရပ်လိုက်သည်။

"ဒီထက်ထူးခြားချက်တွေ အများကြီးရှိသေးတယ်။ ဒါပေမယ့်ထားပါ ဒီလောက်နဲ့တင်ဖြစ်ပါပြီ။ ငါဆိုလိုတာက ဒီထူးခြားချက်တွေထဲကပေါင်းလဒ်တွေကိုချရေးကြည့်ရင် အစဉ်လိုက်ဒီလိုရတယ်"

ဟုဆိုကာ ဉာဏ်ထူးက မြေပြင်ပေါ်တွင်ထပ်ရေးပြသည်။

34 68 374 748

"အဲဒီထဲကမှ ဒီအဆောက်အဦကြီးမှာရှိတဲ့ အခန်းပေါင်း (၃၈)ခန်းနဲ့ နှိုင်းယှဉ်ကြည့်လိုက်ရင် 68၊ 374၊ 748 တို့ဟာ ဘယ်လိုမှမဖြစ်နိုင်တော့ဘူး။



အဲဒါကြောင့်မို့လို့ ကံထူးရဲ့ lucky နံပါတ် '34 ကိုဖြစ်နိုင်ချေအများကြီးရှိတယ်လို့ပြောတာ"

မီးတုတ်မှမီးရှိန်ကလည်း တစ်စထက်တစ်စ ကျဆင်းလာပါပြီ။

ဒါပေမယ့် အခုချိန်ထိ သူတို့တစ်စုံတစ်ရာဆုံးဖြတ်ချက် မချနိုင်သေး။ ထိုစဉ်မှာပင် . . .

"ဒါပေမယ့် ဒီစတုရန်းမှာကိုက (34)နံပါတ်မပါတာ၊ ငါတို့ဘယ်လိုသွားမလဲ"

"ဟုတ်တယ် . . . ဒါမေးသင့်တဲ့မေးခွန်းပဲ"

ဖွဲ့ထူးစကားကို ဉာဏ်ထူးထောက်ခံသည်။ ပြီးတော့ . . .

"အခန်းနံပါတ် (34) ကို ဘယ်လိုသွားမလဲဆိုတာထက် ငါတို့အခုရောက်နေတာ အခန်းနံပါတ်ဘယ်လောက်ဆိုတဲ့အချက်ကိုသိအောင်ကြိုးစားနိုင်ရင် ငါတို့ဆက်စပ်ကြည့်လို့ရမယ်ထင်တယ်"

အကုန်လုံးတွေဝေသွားသည်။

"ဟုတ်တယ် . . . ဒီအခန်းနံပါတ်သာသိအောင်လုပ်နိုင်ရင် ငါတို့ ဆက်စပ်ကြည့်လို့ရနိုင်တယ်"

ဖွဲ့ထူးက ကမန်းကတန်းထောက်ခံပါ၏။

"ဒါကိုလည်း . . ."

ဉာဏ်ထူးစကားက တစ်ဝက်တစ်ပျက်ရပ်သွားသည်။ ပြီးတော့ ကံထူးကိုကြည့်သည်။

"ဒါကိုလည်း ကံထူးကိုငါထပ်ပြီးအားကိုးချင်တယ်။ ကဲ . . . ကံထူး မင်းကံကိုနည်းနည်းလောက် အကူအညီထပ်တောင်းကြည့်ပါဦး"

ကံထူးငြိမ်သွားလေသည်။ သူတို့မှာအချိန်မရှိတော့ . . .

ဒါကို ကံထူးနားလည်သည်။ ထို့ကြောင့် ချက်ချင်းပင်စိတ်ကို အတည်ငြိမ်ဆုံး အနေအထားရောက်အောင်ပို့လိုက်၍ လက်အုပ်ချီကာ



www.burmeseclassic.com

www.burmeseclassic.com

ဆုတောင်းလိုက်သည်။

ကံထူး၏အာရုံ၌ အရာအားလုံးမှာ ငြိမ်သက်တိတ်ဆိတ်သွားပါတော့၏။ ထိုစဉ်မှာပင် . . .

"တောက်တဲ့ . . . တောက်တဲ့ . . . တောက်တဲ့ . . . "

တောက်တဲ့တွန်သံတစ်ခုကို စကြားရသည်။

"တောက်တဲ့ . . . တောက်တဲ့ . . . တောက်တဲ့ . . ."

အသံခဏရပ်သွားသည်။ သူတို့တစ်ယောက်နှင့်တစ်ယောက် ကြည့်မိကြပါ၏။ နောက်တအောင့်ကြာတော့ . . .

"တောက်တဲ့ . . . "

တောက်တဲ့အော်သံမှာ လုံးဝကိုရပ်သွားလေတော့သည်။

"ဟာ . . . ခုနစ် . . . ဟုတ်တယ် ခုနစ်ဟော့ကောင် . . . တောက်တဲ့တွန်သွားတာ ခုနစ်ချက်"

"ဟင်"

ကံထူးက ဝမ်းသာအားရထအော်သည်။ သူတို့သုံးယောက်စလုံး အသေအချာကြားလိုက်ပါသည်။ ဟုတ်သည် ခုနစ်ချက်။ ဒါဆို . . .

"သေချာတယ် . . . ဒီအခန်းက နံပါတ် (၇)"

ကံထူး၏ ယတိပြတ်ဆုံးဖြတ်ချက်ချသံအဆုံးမှာတော့ ဉာဏ်ထူး စတုရန်းပေါ်မှ နံပါတ်ခုနစ်အကွက်ကို ဝိုင်းမိသွားလေတော့သည်။ ဟုတ်နိုင်၏ . . . မဟုတ်နိုင်၏ သူတို့မစဉ်းစားနိုင်ပါ။ ရေနစ်သူတစ်ယောက်အတွက် မြက်တစ်မျှင်သည်လည်း အားကိုးရာမဟုတ်ပါလော။

ထိုစဉ်မှာပင် ထိုစိုက်ထားသောမီးမှာ ဟုန်းခနဲ တစ်ချက်ယိမ်းသွားလေသည်။ သူတို့သုံးယောက်စလုံး ဘုရားတမိသွားပါ၏။ မီးသေလို့မဖြစ်သေး။ မီးသေလျှင် သူတို့အနာဂတ်မှာလည်း ပျက်သွားနိုင်သည်။

"ဒါဆို ငါတို့ (7)ကို ထိပ်ဝဏန်းထားပြီး (34)ရအောင် လိုက်ပေါင်းကြည့်ရအောင်"

သူတို့သုံးယောက် (7) ကိုထိပ်စီးထား၍ (7) ပတ်ပတ်လည်



အရပ် (8)မျက်နှာမှဂဏန်းများကိုဒေါင်လိုက် အတန်းလိုက်ပေါင်းမိသည်။ သို့သော် ရမလာပါ။ အကြောင်းကား (7)၏တည်နေရာသည် စတုရန်းကွက်၏အလယ်တွင် ရောက်နေသည်မဟုတ်ပါလား။

ထိုစဉ်မှာပင် မီးရောင်မှာ ရုတ်ချည်းညှိုးမှိန်ချွတ်ခြုံကျသွားလေတော့သည်။

"ဟာ"

ကံထူးနှင့်ဖွဲထူးတို့၏နှုတ်မှ 'ဟာ'ခနဲ အသံထွက်သွားသည်။ ငွေ့ငွေ့လေးတောက်လောင်နေသော မီးရောင်ကိုအားပြုရင်း စတုရန်းကွက်ကို မမှိတ်မသုန်စိုက်ကြည့်နေသော ဉာဏ်ထူးတစ်ယောက်မှာတော့ . . .

ဘယ်ညာယိမ်းနေသော မီးတောက်လေးက မပွင့်တပွင့်သာ ပြုံးနိုင်တော့ပါသည်။ သူ့မှာဆက်လက်ရှင်သန်ဖို့ အင်အားမရှိတော့ပါ။

ထို့ကြောင့် တစ်စချင်း၊ တစ်စချင်း။

တစ်စချင်းဖြင့် . . .

"ဟာ . . . မြင်း . . . မြင်းကွက် . . . "

ဝုန်းခနဲဆောင့်ခုန်သွားသောရင်အစုံနှင့်အတူ မှိန်ပျပျလက်ကျန်အလင်းရောင်အောက်မှာ ဉာဏ်ထူး၏အသံက အားရဝမ်းသာမြည်ဟီးသွားလေသည်။

ရုတ်ခနဲပွင့်သွားသော ဉာဏ်တစ်စကြောင့် . . .

ကပျာကယာပင် သူတို့သုံးယောက် (7)မှနေ၍ ဖြစ်နိုင်ခြေမြင်းကွက်တို့ကိုခုန်ကြည့်လိုက်သည်။ မကြာလိုက်။ သေအံ့ဆဲဆဲပြာလဲ့လဲ့မီးတောက်အောက်မှာ သူတို့အဖြေရသွားကြပါတော့သည်။


ထိုအဖြေကား . . .

$$7 + 13 + 10 + 4 = 34$$



www.burmeseclassic.com

www.burmeseclassic.com




"ဒါ . . . ဒါဆို . . ထွက်ပေါက်ရှိတဲ့အခန်းက No.4 အခန်း ပေါ့"

"အေး"

ထိုစဉ်မှာပင် . . .

မီးတောက်မှာ ဟုပ်ခနဲ။

သူတို့အခန်းထဲမှာ နေလုံးသေသွားချေပြီ။ မှောင်နှင့်မည်းမည်း ဝမ်းနည်းဖွယ်အတိ။



အမှောင်ဆိုတာ အလင်းရောင်ကို
စိန်အခေါ်နိုင်ဆုံး ဘုရင်တစ်ပါးပါ။



www.burmeseclassic.com

www.burmeseclassic.com

(၉)

ဖျောက်ခနဲပြေးသွားသော ပြာလုံ့လုံ့အလင်းတန်းတစ်ခုနဲ့အတူ ဉာဏ်ထူးလက်ထဲမှ တစ်စုံတစ်ရာသည် အသက်ဝင်သွားသည်။ အဲဒါက ပထမအစ မီးခြစ်ဓာတ်မီးလေး။

ဒါသည် သူတို့၏နောက်ဆုံးကျည်ဆန်၊ နောက်ဆုံးမြား၊ နောက်ဆုံးထွက်ပေါက်၊ ဒါကုန်သွားလျှင်တော့ . . .

အခုမှာပဲ ကံထူးနှင့်ဖွဲ့ထူးတို့၏မျက်နှာတွေ အနည်းငယ်သက်သာရသွားဟန်ထင်သွားသည်။

မြေပြင်ပေါ်မှ စတုရန်းကွက်ကို ဓာတ်မီးဖြင့်ထိုးကာကြည့်နေရင်းမှ ဉာဏ်ထူးက . . .

"ငါတို့အတွက် အဆင်ပြေသွားတာတစ်ခုကို မင်းတို့သတိထားမိလား"



"ဘာလဲ . . . ဒီအခန်းထဲမှာ ဝင်ပေါက်တစ်ပေါက်ပဲရှိတာကို ဆိုလိုတာလား"

"အေး . . . ဟုတ်တယ် . . . မဟုတ်ရင် ငါတို့ (7)ကနေ (11) သွားရမလား၊ (12)သွားရမလား၊ (6)သွားရမလားဆိုပြီး တွေဝေနေဦးမယ်။ အခုတော့အေးဆေးပဲ . . . ဘာမှစဉ်းစားစရာမလိုတော့ဘူး။ ဒီအခန်းထဲကထွက်ရင် ဟိုဘက်ခန်းက (6)၊ အဲဒီကနေ့တည့်တည့်သွားရင် (9) ၊ ပြီးတော့ ဘယ်ကိုချိုး . . . (4). . . ပြီးပြီ . . . "

တက်ကြွသော ခြေလှမ်းများဖြင့်ပျောက်နေသော ထွက်ပေါက်ဆီသို့ ဦးတည်လိုက်ကြပါတော့သည်။

• • •

အခန်းကြီးက ပိန်းပိန်းလှုပ်နေသည်။ ဒါသူတို့တွေ ဉာဏ်မီသလောက်တွေးခေါ်ထားသည့် ထွက်ပေါက်ရှိရာအခန်း။

တကယ်ပဲပျောက်နေတဲ့ ထွက်ပေါက်ရှိမည်လား။ ဒါမှမဟုတ် သူတို့တွေပဲ ထွက်ပေါက်ပျောက်တော့မည်လား။ ဒီနှစ်ခုထဲက တစ်ခုခုကတော့ သေချာသလောက်ရှိပါသည်။

အခန်း၏ဖွဲ့စည်းပုံကလည်း စတုရန်းကွက်နှင့်ညီနေသည်။ အကြောင်းကား . . .

နံပါတ် (9) အခန်းမှ တည့်တည့်လျှောက်ဝင်လာသောသူတို့၏ မျက်နှာချင်းဆိုင်တွင် နောက်တစ်ခန်းနှင့်ချိတ်ဆက်ထားသည့် အပေါက်မရှိ။ လက်ယာဘက် (ညာဘက်)တွင်လည်း အပေါက်မရှိပါ။ သို့သော်မယ့် လက်ဝဲဘက်တွင်တော့ နောက်တစ်ခန်းသို့ဆက်စရာအပေါက်ရှိသည်။

ဒီပုံစံအတိုင်းဆို သူတို့ကြိုးစားမှုမှန်နေပြီလား . . . တပ်အပ်သေချာသောအဖြေပြောနိုင်ဖို့ စောလွန်းနေသည်။

သူတို့မှထွက်ပေါက်ကို မတွေ့သေးတာပဲ။

www.burmeseclassic.com

ချွေးတို့ဖြင့်ထုဆစ်ထားသော ခန္ဓာကိုယ်တွေက အားအင်ကုန်ခမ်းနေပါပြီ။ မှိန်တစ်ဝက်မှုန်ပျပျအလင်းရောင်ကိုအားပြုရင်း သူတို့လှုပ်ရှားမှုတွေကို ရပ်တန့်မပစ်နိုင်သေး။

နံရံ၊ ကြမ်းပြင်၊ အမိုးစသော နေရာအနှံ့အပြားကို စွမ်းအားရှိသရွေ့ ကြိုးစားရှာဖွေနေသော်လည်း ထွက်ပေါက်နှင့်တူတာမတွေ့။ ခလုတ်တစ်ခုတလေမတွေ့။

အချိန်ကြာလာတာနှင့်အမျှ မှိန်ပျော့ပျော့ဓာတ်မီးမှာ စွမ်းအားနည်းလာသလို သူတို့၏မျှော်လင့်ချက်အရောင်တွေသည်လည်း တဖြည်းဖြည်းပါးလွှာဖျော့တော့ကုန်ရပါပြီ။

သူတို့ အရှုံးပေးလိုက်ရတော့မှာလား၊ ဒါမှမဟုတ် သူတို့အယူအဆ မှားနေပြီလား။

အဖြစ်နိုင်ဆုံးတွေးခေါ်မှုတစ်ရပ်ကို သူတို့လုပ်ခဲ့သည်ဟုထင်သည်။ ဒါပေမယ့် ယခုအချိန်အထိ ပြင်ပလေငွေ့တစ်စက်တလေကို ထိတွေ့ဖို့အခွင့်မသာသေး။ သူတို့၏ရင်းနှီးထားမှုတွေကိုလည်း အလဟဿအဖြစ်မခံနိုင်သေး။ ဒီလိုနှင့်ပဲ တစ်စထက်တစ်စ မှိန်ဖျော့သွားသော ဓာတ်မီးအလင်းရောင်လေးမှာ ပိုးစုန်းကြူးတစ်ကောင်လောက်ပင် စွမ်းအင်မရှိတော့ချေ။

ခြေပစ်လက်ပစ် အရုပ်ကြိုးပြတ်လဲပြိုသံတွေနှင့်အတူ သူတို့သုံးယောက်မှာလည်း . . .

သွားပြီ။

ဝက်ဘာဆန်သော ဤဘုရားကျောင်းကြီးကို သူတို့အရှုံးပေးလိုက်ရချေပြီ။ ယှဉ်ကျူးမရဖြစ်နေသောစိတ်အစဉ်ကို အတတ်နိုင်ဆုံးတည်ငြိမ်စေနေရသော ဉာဏ်ထူးတစ်ယောက်မှာလည်း အံတကြိတ်ကြိတ်၊ သူ၏အားကိုးရာဉာဏ်က ဒီလောက်နှင့်ပင် ရပ်တန့်သွားပြီလား။

ထို့အတူ ကံထူးသည်လည်း သူအရမ်းယုံကြည်သော ကံတရားကြီး၏မျက်နှာသာပေးမှုကို ဒီတစ်ကြိမ် ခံစားခွင့်မကြုံတော့ပါ။



သို့ပေမယ့် . . .

"ဟော့ကောင် . . . ဉာဏ်ထူး . . . မင်းဓာတ်မီးက မီးခြစ်ခြစ်လို့ရသေးတယ်မလား"

ပြောသူက ဝီရိယသမား ဖွဲ့ထူး။

"အေး"

"ငါ့ကိုပေးကွာ . . . ငါထပ်ပြီး ကြိုးစားကြည့်ဦးမယ်။ ငါတို့မရှာတတ်လို့ မတွေ့တာနဲ့တူတယ်"

ပြောလည်းပြော၊ ဉာဏ်ထူးလက်မှလည်း မီးခြစ်ကိုဆွဲယူရင်းဖြင့် နံရံတွင် သုံးယောက်သားကျောမှီထိုင်နေရာမှ ဖွဲ့ထူးထထွက်သွားသည်။

"ခြစ် . . . ခြစ် . . . "

မီးခြစ်ကိုခြစ်သည်။ ထိုမှ အလင်းရောင်ဖြင့် နံရံတစ်ခုကိုဦးတည်ကာလျှောက်သွားပါ၏။ ထို့နောက် . . .

နံရံကိုကပ်ကာ လက်ဖြင့်လျှောက်စမ်းနေတော့သည်။ တွေ့လိုတွေ့ငြား၊ ထူးခြားလို ထူးခြားငြား။

ထိုင်နေတာထက်စာရင်တော့ ယခုလိုလုံ့လဝီရိယရှိရှိ ကြိုးစားနေတာက အသင့်လျော်ဆုံးဖြစ်မည်ဟု ဖွဲ့ထူးထင်သည်။ တစ်နေရာမှ တစ်နေရာ၊ နံရံတစ်ဖက်မှတစ်ဖက် . . .

မီးခြစ်ခြစ်သံတွေလည်း တစ်ချက်ပြီးတစ်ချက်။

ဒီလိုနှင့် တစ်နေရာအရောက်တွင် သူ၏ပါးပြင်မှာ အေးခနဲ တစ်ချက်ဖြစ်သွားလေသည်။

"ဟင်"

အနည်းငယ်ထူးခြားသွားသည်။ လေ . . . ပြင်ပလေ။

ဖွဲ့ထူးက ကမန်းကတန်းပင် ထိုနေရာကို ပါးဖြင့်ထိကပ်လိုက်ပါ၏။ ဟုတ်သည်။ ပြင်ပလေနံ့သင်းသင်းက အုတ်ခဲကြားထဲမှ တိုးဝင်လာနေသည်။

လိုက်ခနဲတက်သွားသော ဝမ်းသာစိတ်အဟုန်နှင့်အတူ ဖွဲ့ထူး



www.burmeseclassic.com

www.burmeseclassic.com

တစ်ယောက် ကမန်းကတန်းပင် ထိုအုတ်ခဲကိုဆွဲကြည့်လိုက်သည်။ ပထမ မလှုပ်။

နောက်အုတ်ခဲမှာ အနည်းငယ်လှုပ်၍ အားထည့်၍ထပ်ဆွဲရာ လက်တွင်ပါလာသည်။

ကံထူးနှင့်ဉာဏ်ထူးမှာတော့ မီးခြစ်ခြစ်ထားခြင်းလည်းမဟုတ်သည့်အတွက် အမှောင်ကြီးထဲတွင် သူ့ကိုတွေ့အံ့မထင်။

ဒီလိုနှင့် မှောင်ကြီးမည်းကြီးထဲ ဝီရိယရှိစွာ လုံ့လပြုနေသော သူ၏ကြိုးစားမှုအဆုံးမှာတော့ . . .

ထိုအုတ်ခဲတစ်ချပ်မှာ ပွင့်သွားလေပြီ။ အုတ်ခဲဖယ်အပြီးမှာပင် လွတ်လပ်သွားသောအုတ်ခဲနေရာမှာက အပိုင်းပေါက်သေးသေးလေး တစ်ပေါက်။

ဖွဲထူး ထိုအပိုင်းပေါက်လေးထဲသို့ လက်ချောင်းအချို့ကိုထည့်ကာ ထပ်ကြိုးစားလိုက်သည်။ ထိုအခါတွင် သူ၏လက်ချောင်းအချို့နှင့် ထိတွေ့ရသည့်အရာက သံမာကိုယ်ထည်တစ်ခု၊ သေချာအောင် နောက်တစ်ကြိမ်ထပ်စမ်းလိုက်သည်။ သူ၏လက်က သံလုံးခပ်သေးသေးကို အုပ်ကိုင်မိသွားသည့်အခိုက်မှာတင် . . .

အရာရာကို ဖွဲထူးသဘောပေါက်သွားချေပြီ။ ယခု သူ့လက်နှင့် ထိတွေ့နေသောအရာသည် တံခါးသံမင်းတုံးတစ်ခု။

ဖွဲထူး ရှိသမျှအားကို ဖျစ်ညှစ်၍ဆွဲချသည် . . . မရ။

တော်တော်ကြပ်နေသည်။

နောက်တစ်ချက် . . .

ဒီတစ်ခါတော့ အနည်းငယ်လှုပ်သွား၏။ ပြီးတော့ . . .

ရှိသမျှအားကို လက်ချောင်းတွင်းသို့အကုန်ထည့်၍ အံကို တင်းတင်းတစ်ချက်ကြိတ်ကာ . . .

"အီး . . . ဂျောက် . . . "

အရာရာမှာ တစ်ခမ်းတနား ပြီးဆုံးသွားပါတော့သည်။ နောက်



မီးခြစ်ကိုတစ်ချက်ခြစ်ကာ ဝမ်းသာအားရနှင့် . . .

"ဟား . . . ဟား . . . ဟား . . . ဟော့ကောင်တွေ . . . ထွက်ပေါက်တွေ့ပြီ။ ဒီမှာ . . . "

"ဟင်"

"ဘာ"

တဝုန်းဝုန်းနှင့်ပြေးလာကြသော ခြေသံတွေ၏အဆုံးမှာတော့ ..

ဖွဲထူးနံရံကို ခြေထောက်ဖြင့်ပိတ်ကန်လိုက်သည်။

"ဝုန်း"

ပွင့်မသွား၊ နောက်တစ်ချက်။

"ဝုန်း"

မပွင့်သေး။

ထိုစဉ်မှာပင် အနီးအနားရောက်လာကြသော ကံထူးနှင့်ဉာဏ်ထူးတို့မှာလည်း ဘာရယ်ညာရယ်မသိ၊ မျှော်လင့်ချက်အရှိန်တွေဖြင့် နံရံကို ဝိုင်းကန်မည်လုပ်ရာ . . .

"ခဏလေး . . . ငါတိုင်ပင်ရေမယ် . . . သုံးဆိုရင် သုံးယောက်စလုံးပြိုင်တူကန်မယ် . . . ဟုတ်လား"

ထို့နောက်မှာတော့ . . .

"တစ်

နှစ်

သုံး . . . ဝုန်း . . . ဝရုန်း . . . ဘုန်း . . . "

ဝုန်းခနဲ ခါဆင်းသွားသောအရှိန်တွေနှင့်အတူ သူတို့သုံးယောက်လုံးမှာလည်း . . .

"အား . . . "

"ဘုန်း . . . "

"အမယ်လေး . . . "



www.burmeseclassic.com

www.burmeseclassic.com

(f)

ပြင်ပကမ္ဘာ၏ အားရဝမ်းသာနှုတ်ဆက်ကြသော လက်ခုပ်လေပြည်တွေအောက်မှာ သူတို့သုံးယောက်က အလဲလဲ အပြိုပြို။ မှောင်မိုက်နေသော ညကမ္ဘာကို ကြယ်ရောင်အချို့က အံတုနေရင်းနှင့် သူတို့သုံးယောက်ကိုပြုံးကာ ငုံ့ကြည့်နေပါတော့သည်။

မြေပြင်ပေါ်တွင် အတုံးအရုံးလဲနေကြသော သူတို့သုံးယောက်စလုံးသည်ကား . . .

ဝမ်းသာအယ်လဲရင်ခုန်သံတွေနှင့်။

"မင်းတို့ အခုလို အပြင်ရောက်လာတာကိုရော ဘယ်သူ့အစွမ်းကြောင့်လို့ထင်သလဲ"

"ဟင် . . ."

"ဟာ . . ."

"ဆ . . . ဆရာဦးခန့်နောင် . . ."



မဟုတ်ပါ။ ဆရာဦးခန့်နောင်မဟုတ်တော့ပါ။ ယခု သူတို့သုံးယောက်ရှေ့တွင်ရပ်နေသည်ကား . . .

"ဦးပဥ္စင်း ဦးခန့်နောင်"

ဟုတ်သည်။ သင်္ကန်းကိုရုံ၍ ကြည်ညိုဖွယ်အင်္ဂါနှင့်ပြည့်စုံသော ဦးခန့်နောင်။ သူ၏နောက်မှာက ဝသန်၊ ဝသန်၏ဘေးတစ်ဖက်တစ်ချက်မှာက သူမ၏အဖေနှင့်အမေ။

"ဖြေကြဦးလေကွာ . . . အခုလိုထွက်လာနိုင်တာ ကံ၊ ဉာဏ်၊ ဝီရိယမှာ ဘယ်သူ့အစွမ်းကြောင့်လဲ"

သူတို့ အဖြေမပေးနိုင်တော့ပါ။ သုံးယောက်စလုံး ခေါင်းငိုက်စိုက်သွားခဲ့ပါပြီ။

ကံထူး၏ ကံတစ်ခုတည်းကြောင့်လား?

ဉာဏ်ထူး၏ ဉာဏ်စွမ်းဉာဏ်စကြောင့်လား?

ဖွဲထူး၏ လုံ့လဝီရိယကြောင့်လား?

လုံးဝကိုမဟုတ်ပါ။

ကံထူးကြောင့် ထွက်ပေါက်ရှိရာ အခန်းနံပါတ်ကိုသိခဲ့သလို ဉာဏ်ထူး၏ဉာဏ်စွမ်းကြောင့်လည်း ပိတ်လှောင်မှောင်မိုက်နေသော အခန်းတွင်းမှ ထွက်ပေါက်ရှိရာအခန်းရောက်အောင် ဆက်စပ်တွေးခေါ်နိုင်ခဲ့သည်။

ဒါဆို ဖွဲထူးကရော . . .

ထွက်ပေါက်မတွေ့မှုကြောင့် ကံထူးနှင့်ဉာဏ်ထူးနှစ်ယောက်စလုံး လက်မှိုင်ချအရှုံးပေးသွားစဉ် ဖွဲထူးလုံ့လဝီရိယနှင့်ဖွဲက အရေးပါသည်။ ဖွဲထူးသာ လက်ကျန်မီးခြစ်စွမ်းအားလေးနှင့် လုံ့လမပြုခဲ့၊ ဝီရိယစိုက်မထုတ်ခဲ့ဘူးဆိုလျှင် ယခုကဲ့သို့ သူ့တို့အပြင်ရောက်နိုင်ပါ့မလား။

သူတို့သုံးယောက်စလုံး သဘောပေါက်နားလည်သွားခဲ့ရပါပြီ။

ထိုစဉ်မှာပင် . . .

"ဖြေလေဟာ . . . "



www.burmeseclassic.com

www.burmeseclassic.com

ချိုချိုရှုးရှုးလေးထွက်လာသော ဝသန့်အသံကြောင့် သူတို့သုံးယောက်စလုံး ခေါင်းပြန်မော့မိကြသည်။ ပြီးတော့ အားလုံး၏မျက်မှာပေါ်မှာ ဆုံးမအလင်းပြပေးခဲ့ကြသော အရိပ်အငွေ့ထင်ဟပ်မှုတို့ကို အစိပ္ပာယ်ဖော်လိုက်နိုင်သည့် အဆုံးမှာပင် . . .

ဆရာဦးခန့်နောင် (ဆရာဘုန်းကြီး)၊ ဝသန့်နှင့် အခြားအခြားသောသူတို့မှာ တရားပြသူများဖြစ်၍

သူတို့သုံးယောက်မှာတော့ အကျွတ်တရားရသူများ ဖြစ်သွားပါတော့သည်။

* * *



## (၉)

အခန်းတွင်းသို့နေရောင်ခြည်များဖြာဆင်းလာမှပင် ဖွဲ့ထူး ပန္နပွန် ကာလကို ခြေချလိုက်ပါ၏။ ပြီးတော့ တမေ့တမောမျောသွားသော ခတ်ပုံလေးကို နေရာမှန်ပြန်ထားလိုက်သည်။

ထို့နောက် ကုမ္ပဏီဖွင့်ပွဲအတွက် တစ်စုံတစ်ရာပြင်ဆင်မှုအနေဖြင့် ရေချိုးရန် အခန်းတွင်းမှ ထွက်ခဲ့တော့သည်။ ရေချိုးနေရင်းနှင့်ပင် စိတ်တို့ကအတိတ်ကို တစ်ချက်တစ်ချက်ရောက်သွားသေးသည်။

ထိုနေ့ညအိမ်အပြန်လမ်းမှာပင် သူတို့အယူအဆတွေပြောင်းသွားခဲ့ပုံ။ နောက် သုံးဦးပေါင်း၍ ကုမ္ပဏီတစ်ခုထောင်ရန် သဘောတူညီခဲ့ပုံ၊ ကုမ္ပဏီနာမည်ကို ဝသန့်ကပေးခဲ့ပုံ စသည်တို့ကို စိတ်ကတစ်ချက်တစ်ချက်ရောက်သွားပါ၏။

သြော် . . . အမှတ်တရဆိုတာ အမှတ်တမဲ့မှမဟုတ်တာပဲ။

* * *



www.burmeseclassic.com

www.burmeseclassic.com

**IV**

( ၈ : ၃၀ )

ဟူသည့်အချိန်ကို နာရီကညွှန်ပြလိုက်သည့် ခဏမှာပင် . . .

"ဝသန် . . . သမီးရေသွားရအောင်။ တော်ကြာ . . . လေယာဉ် မမီပဲနေဦးမယ်။ ဒီအချိန်ဆိုလေဆိပ်မှာ သမီးဆရာတွေနဲ့သူငယ်ချင်းတွေ ရောက်နေလောက်ပြီ"

မျက်ရည်တို့တားမရနိုင်အောင် စီးကျနေသည့်ကြားမှပင် ဓာတ်ပုံ သုံးပုံကို ဝသန်နောက်ဆုံးအနေဖြင့် တစ်ခါထပ်ကြည့်၍ ခရီးဆောင်အိတ် တွင်းသို့ထည့်လိုက်သည်။

"ဖြဲ"



စေ့ပိတ်သွားသော အိတ်နှုတ်ခမ်းတို့နှင့်အတူ . . .

ဒီနေ့သည် သူမအချစ်ဆုံးသူငယ်ချင်းသုံးယောက်၏ ကုမ္ပဏီ ဖွင့်ပွဲနေ့။ သူမ မသွားနိုင်တော့ပါ။ အကြောင်းကား . . . ယနေ့သည် သူမတို့ကျောင်းမှ နိုင်ငံခြားသို့ပညာတော်သင်သွားမည့် ကျောင်းသား ကျောင်းသူများ လေဆိပ်သို့ဆင်းရမည့်နေ့ဖြစ်သည်။

ခဏတာခွဲခွာရသည်ဆိုသော်ငြားလည်း ရင်ထဲမှာမထိန်းနိုင် အောင် ဆို့နင့်ကြေကွဲနေသည်။ လေးကန်သောခြေလှမ်းများနှင့်ပင် သူမ အိတ်ကိုဆွဲကာ အခန်းပြင်သို့ထွက်ခဲ့ပါသည်။ အပြင်ဧည့်ခန်းရောက် တော့ . . .

"ဦးမြရေ . . . ဦးမြ . . ."

သူမခေါ်သံကြောင့် ဒရိုင်ဘာဦးမြမှာ ကပျာကယာ ပြေးလာ သည်။

"သမီးကို ဒီလိပ်စာအတိုင်း . . . ဒါလေးသွားပို့ပေးစမ်းပါ"

"အခုလား သမီး"

"နောက် (၁)နာရီလောက်နေမှသွားလိုက်"

"ဪ . . . အေး . . ."



www.burmeseclassic.com

www.burmeseclassic.com

**V**

ကံ ၊ ဉာဏ် ၊ ဝီရိယ

ဟူသော ကုမ္ပဏီဆိုင်းဘုတ်ကြီးအောက်တွင် နံ့သားသစ်လွင်သောဟန်ပန်တွေနှင့် လူငယ်သုံးယောက် မတ်တတ်ရပ်နေသည်။ သူတို့သုံးယောက်စလုံး၏အကြည့်တွေက တစ်နေရာကို လှမ်းမျှော်နေပါ၏။

သူတို့ပတ်ပတ်လည်တွင်လည်း ဖိတ်ကြားထားသူများ၊ ဧည့်ပရိသတ်များ၊ သတင်းထောက်များနှင့်ပြည့်နေသည်။ ထိုစဉ်မှာပင် သူတို့မျှော်နေသည့်ထင်ရသောကားတစ်စီးမှာ ကုမ္ပဏီရှေ့သို့ ထိုးဆိုက်လာပါ၏။

"ဝသန် လာပြီ"



သုံးယောက်စလုံး၏စိတ်ထဲမှာ ထိုအတွေးကဖြစ်တည်သွားသည်။ သူတို့ကြည့်နေစဉ်မှာပင် ကားတံခါးမှာပွင့်လာပြီး လူတစ်ယောက်ဆင်းလာလေသည်။

"ဟင်"

ဝသန်မဟုတ်၍ သုံးယောက်စလုံး အံ့သြနေစဉ်ခဏမှာပင် ထိုလူက သူတို့သုံးဦးထံသို့ စာတစ်စောင်ကမ်းပေးပါ၏။ ပြီးတော့ ကားကိုမောင်းကာ လာလမ်းအတိုင်းပြန်ထွက်သွားသည်။

ကြောင်အသောစိတ်တွေနှင့်ပင် ပေးသွားသောစာကို ဖွင့်ဖောက်ကြည့်လိုက်ကြတော့ . . .

ရုတ်ချည်းပျက်ယွင်းသွားသောမျက်နှာတို့ကို ပရိသတ်များအလယ်မှာပင် သူတို့မထိန်းသိမ်းနိုင်ကြတော့ပါ။

သူတို့သုံးယောက်စလုံးအတွက် အရာရာမှာ နောက်ကျကျန်ရစ်ခဲ့ပါပြီ။

ထိုစဉ်မှာပင် ကောင်းကင်မှ အော်မြည်နှုတ်ဆက်သွားသောလေယာဉ်သံတစ်ခုကိုကြားလိုက်ရသည်။

သုံးယောက်စလုံး၏ခေါင်းတွေ အလိုလို အပေါ်ကိုမော့သွားပါ၏။

ထိုလေယာဉ်သည် ဝသန့်ခန္ဓာပါသောလေယာဉ်လား၊ ဝသန့်အငွေ့အသက်ကို သယ်ဆောင်သွားသောလေယာဉ်လား။

သူတို့ မခန့်မှန်းနိုင်ကြတော့။



www.burmeseclassic.com

www.burmeseclassic.com

## VI

**နောက် (၀) နှစ်တိတိ ကြာသောအခါ . . .**



## VII

အောင်မြင်မှုပန်းကုံးတွေဖြင့် ဝေဆာနေသော၊ စီးပွားရေးလုပ်ငန်းရှင်တိုင်း အားကျရသော ကုမ္ပဏီတစ်ခုသို့ ပေးသူနာမည်မပါသော စာတစ်စောင်ရောက်လာလေသည်။

စာအိတ်ပေါ်မှာက . . .

"ကဲ ၊ ညဏ် ၊ ဝီရိယ ကုမ္ပဏီ သို့"

ဟု ထိုးထားသည်။

အနည်းငယ် စိတ်ဝင်စားဖွယ်ကောင်းသည့်စာအိတ်ကြောင့် ကံထူး၊ ညဏ်ထူးနှင့်ဖွဲ့ထူးတို့ သုံးယောက်စလုံး လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com

မကြာပါ . . . ဉာဏ်ထူးက စာအိတ်ကိုဖောက်လိုက်ပါ၏။ ပြီးတော့ အထဲတွင်ရှိသော စာရွက်ဖြူဖြူအား ဆွဲယူဖြန့်ကြည့်လိုက်မိစဉ် တွင် . . .

စာရွက်တွင်း၌ရေးထားသည်ကား . . .

ကံ + ဉာဏ် + ဝီရိယ = အောင်မြင်မှု



# VIII

စာရွက်အားကြည့်၍ သုံးယောက်သား ကြောင်သွားခိုက် . . .

"တီ"

နှလုံးသားကို လှုပ်နိုးသွားသော ကားဟွန်းသံတစ်သံ။ သုံးယောက်လုံးအကြည့်တွေ ဆုံသွားသည်။ ထိုစဉ် . . .

"တီ"

ဒုတိယမြောက် ကားဟွန်းသံအဆုံးမှာ သူတို့၏ခန္ဓာကိုယ်တွေက အနီးဆုံးပြတင်းပေါက်သို့ စုပြုံတိုးသွားတော့သည်။ ထိုအခါ အောက်တွင် တွေ့ရသည်ကား . . .

ကားလှလှလေးတစ်စီး။ မောင်းသူနေရာမှ မှန်တံခါးကိုချကာ မိန်းကလေးတစ်ယောက် ထိုင်နေသည်။ ပြီး ထိုမိန်းကလေးက သူတို့သုံးယောက်အား ရယ်ပြုံးအားရသောမျက်နှာဖြင့် လက်ပြလိုက်သည့် အခါမှာတော့ . . .



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

"ဟာ . . . ဝသန်၊ ငါလာပြီ"

လက်သွက်ခြေသွက်ရှိသော ညဏ်ထူးက လှစ်ခနဲ လှည့်ပြေးသည်။ ဒါပေမဲ့ . . .

"မင်းမသွားနဲ့ ငါသွားမယ်"

ညဏ်ထူး၏လက်အားဆောင့်ဆွဲကာ ကံထူးကပြေးသွားသည်။ ဆောင့်ဆွဲခံလိုက်ရသည့်အရှိန်ကြောင့် ညဏ်ထူးမှာဖင်ထိုင်လျက် လဲသွားပါ၏။

"ဝုန်း"

ကံထူး မှောက်ကျသွားသည်။ ဝီရိယသမား ဖွဲထူးက ချက်ကောင်းဆောင့်ကာ ခန္ဓာကိုယ်ဖြင့် ဝင်တိုက်လိုက်သောကြောင့် ဖြစ်သည်။ ပြီးတော့မှ လွတ်လွတ်ကျွတ်ကျွတ်ပြေးသွားနိုက် . . .

"ဒုတ် . . . ဝုန်း . . . ဝရုန်း"


ဖွဲထူး နှစ်ပတ်လောက် လိမ့်သွားမည်ထင်သည်။ အကြောင်းကား . . .

ဖင်ထိုင်လျက်လဲနေသော ညဏ်ထူးက ခြေထိုးခံလိုက်သောကြောင့် . . .

ᨏ ᨏ ᨏ

သိုးဆောင်း

မြန်မာစံတော်ချိန် မွန်းလွဲ တစ်နာရီနှင့်
လေးဆယ့်ကိုးမိနစ် ရှိပါပြီခင်ဗျာ




BURMESE CLASSIC .com
www.burmeseclassic.com